ကြေးမုံ
The Mirror

၁၃၆၅ခုနှစ်၊ တော်သလင်းလဆန်း ၇ရက်၊ အင်္ဂါနေ့၊ (2-9-2003) (၁၉၈၁)

ဒါနဥ္စ တော် မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၃ခုနှစ် စက်တင်ဘာ ၂ရက်၌ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၈)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒွတ်လွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားပြည်သူများ ကျန်းမာကြံ့ခိုင်ရေး အပြန်အလှန်အကျိုးပြု ဖြစ်ထွန်းလာစေရန် စနစ်တကျ ဆောင်ရွက်နေ ပြည်သူများ ကျန်းမာရေးအဆင့် မြှင့်မားရေးတွင် အာဟာရမြှင့်မားရေး အရေးပါ

ရန်ကုန် စက်တင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် စနာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၃ခုနှစ် စက်တင်ဘာ ၂ရက်၌ ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၈)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ် ထရူမီဟွားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၃ခုနှစ် စက်တင်ဘာ ၂ရက်၌ ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၈)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် –နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနား အပြီးတွင် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဝေငှပေးအပ်စဉ်။ (သတင်းစဉ်)

ရေးချောင်း တံတား

မော်လမြိုင်မှ ရေး–ထားဝယ် **အထိ မီးရထား တစ်ဆက်တစ်စပ်တည်း တောက်လျှောက် ခုတ်မောင်းနိုင်ရေးအတွက် ရေးချောင်းတံတားကြီးကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ကို ရေးဘက်ကမ်းမှ ဤသို့တွေ့ရသည်။**
(ဓာတ်ပုံ–ရေချမ်းမြင့်–ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂-၉-၂၀၀၃
(အင်္ဂါနေ့)

အာဟာရအခြေအနေမြှင့်တင်ရေး ပြည်သူတိုင်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော် လျက်ရှိရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ တက်ကြွသော ပူးပေါင်း ပါဝင်မှုစွမ်းအားကို အားထားဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့်နိုင်ငံတော်က တိုင်းရင်းသားပြည်သူအားလုံး၏ ကျန်းမာ ကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက် တစ်ရပ်အဖြစ် ဦးတည်ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကိုအမျိုးသားရေးအမြင်ဖြင့် စနစ်တကျ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် နိုင်ငံသားတိုင်း ရောဂါဘယ ကင်းရှင်းစေ ရေးအတွက် ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်သူ တို့၏ အာဟာရအခြေအနေ မြင့်မားရေးကို ဦးစားပေးဆောင်ရွက်လျက် ရှိသည်။

အာဟာရပြဿနာသည် မျက်မှောက်ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနည်းနှင့်အများ ကြုံတွေ့ကြရလျက်ရှိသည်။ အာဟာရမျှတမှုနှင့် ဆက်နွယ်နေသော ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောရောဂါ ပြဿနာ များကိုဖြေရှင်းကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါအမျိုးမျိုးကြောင့် သေဆုံးရသူ ငါးနှစ်အောက်ကလေးသူငယ်များအနက် ၅၀ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့မှုနှင့် ဒွန်တွဲနေကြောင်းသိရသည်။

ထို့အပြင် နိုင်ငံ ၁၀၀ ကျော်၌ မီတင်းနေထိုင်ကြသူ လူအများစုသည် ပတ်ဝန်းကျင် ရေ၊ မြေအရ အိုင်အိုဒင်းအာဟာရချို့တဲ့လာမှုကို ရင်ဆိုင် ကြရသည်။ ဗီတာမင်အေချို့တဲ့မှုကြောင့် ကလေးသူငယ်များ မျက်စိကွယ် သည်အထိ အန္တရာယ်ပြုနိုင်ရုံမျှမကကူးစက်ရောဂါအမျိုးမျိုးကို ခုခံနိုင် သည့် ကိုယ်ခံစွမ်းအားကိုလည်း ကျဆင်းစေနိုင်သည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနက အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ အာဟာရချို့တဲ့မှုများ ပပျောက် ရေး၊ ပြည်သူတို့အတွင်း ကျန်းမာရေးကို အထောက်အကူပြုသည့် စားသောက်ပုံလေ့များထွန်းကားလာရေး၊ အာဟာရလွန်ကဲမှု၊ မမျှတမှု တို့နှင့် နီးနွယ်နေသည့် ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းစသည့် ရောဂါများအန္တရာယ်မှ ကာကွယ်တားဆီးရေးလုပ်ငန်းများကိုစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

ပြည်သူတို့၏ အာဟာရအခြေအနေ မြင့်မားလာစေရေး ဆောင်ရွက် ရာတွင်အာဟာရဓာတ်များပါဝင်သည့်ဆေးများ တိုက်ကျွေးခြင်း၊ အာဟာရ ဓာတ် ဖြည့်စွက်ထားသည့် အစားအစာများ ထုတ်လုပ်စားသုံးစေခြင်း၊ အာဟာရပညာပေးခြင်းစသည့် နည်းလမ်းမျိုးစုံကို အသုံးပြုလျက်ရှိသည်။

အာဟာရဓာတ်များပါဝင်သည့် ဆေးတိုက်ကျွေးခြင်းလုပ်ငန်း အနေဖြင့် ခြောက်လမှငါးနှစ်အရွယ် ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံး တိုက်ကျွေးခြင်းကို ၁၉၉၃ ခုနှစ်မှ စတင်ခဲ့ရာ ၁၉၉၆ ခုနှစ်တွင် တစ်နိုင်ငံလုံးသို့ လွှမ်းခြုံနိုင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ဗီတာမင်အေ ဆေးလုံးကို အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ပိုလီယိုကာကွယ် ဆေးနှင့်တွဲ၍ တိုက်ကျွေးခဲ့ရာ လွှမ်းခြုံမှုရာနှုန်းပြည့်နီးပါး ရရှိနေပြီဖြစ် သည်။

အိုင်အိုဒင်းဆားကို နိုင်ငံသားတိုင်း စားသုံးနိုင်စေရန် ဆောင်ရွက်ပေး ခြင်းသည် ထိရောက်မှုရှိသည့်အတွက် နိုင်ငံသားအားလုံး အိုင်အိုဒင်းဆား အလုံအလောက် စားသုံးနိုင်ရန် ထုတ်လုပ်ပေးလျက်ရှိသည်။

အာဟာရအခြေအနေ မြှင့်တင်ရေးလုပ်ငန်းများကိုအကောင်အထည် ဖော်ရာတွင် ပြည်သူများကိုယ်တိုင် အသိရှိရှိ ပူးပေါင်းဆောင်ရွက်ကြရန် လည်း လိုအပ်သည်။ ယခုနှစ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို စက်တင်ဘာလ ၁ ရက်မှ ၇ ရက်နေ့ထိ ဆောင်ရွက် သွားကြရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့က ချမှတ်ထားသည်။

သို့ဖြစ်ရာ ပြည်သူတိုင်း ကျန်းမာသန်စွမ်း အသက်ရှည်စေရေးအတွက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများမှသည် အစဉ်အဆက် အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးထိန်းသိမ်းခြင်း၊ ကလေးများအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်လောင်း များအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးခြင်းနှင့်အတူ အာဟာရမျှတစွာ စားသုံးတတ်စေရေး ပညာပေးလုပ်ငန်းများကို ပြည်သူတိုင်းက ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်း ပါသည်။ ။

ပြည်သူ့ သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မီဒီယာလုပ်ငန်းကို ပြည်သူများစိတ်ဝင်စားလာအောင် ကြိုးပမ်းဆွဲဆောင် အမြဲတမ်း ပြောင်းလဲသစ်ဆန်းနေအောင် ဆောင်ရွက်သွားရန်လိုအပ် သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/ ၂၀၀၃) ဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ဖွင့်လှစ်သော သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၃) ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကကြီးမှူးဖွင့်လှစ်သည့် သတင်းစာပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၃)သင်တန်းဆင်းပွဲတွင် ပထမဆုရရှိသော မြန်မာ့အသံနှင့် ရုပ်မြင် သံကြားမှ ဒေါ်ခင်စန္ဒာမြင့်အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီး ဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဦးစီး ဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေး မှူးချုပ်များနှင့်ဦးဆောင်ညွှန်ကြားရေး မှူးများ၊ညွှန်ကြားရေးမှူးများ၊သတင်းစာ တိုက်များမှ စာတည်းမှူးချုပ်များနှင့် စာတည်းမှူးများ၊မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊သတင်းစာပညာသင်တန်း ကျောင်းအုပ်ကြီးဦးကျော်ဆန်း၊ပြန်ကြား ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်များနှင့် အကြံပေးအရာရှိများ၊သင်တန်း နည်းပြ များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်း ထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အထူးဖိတ်ကြားထားသူများနှင့်သတင်း စာပညာသင်တန်းသား၊ သင်တန်းသူ များ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်းက ဆောင်ရွက် သည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာ စကားပြောကြားရာ၌ ယနေ့သည် သင်တန်းသူ၊သင်တန်းသားများ အနေ ဖြင့် သတင်းမီဒီယာနှင့်ပတ်သက်သည့် ဗဟုသုတများ အပြည့်အဝရရှိပြီး သက်ဆိုင်ရာဌာနအတွက်လည်းကောင်း၊ မိမိအတွက်လည်းကောင်း သတင်းစာ ထုတ်လုပ်မှုပညာကို ရရှိကြသဖြင့် မျိုးဆက်သစ်လူငယ်များအဖြစ် ရှုမြင် နိုင်ကြပြီဖြစ်ကြောင်း၊သွက်လက်ထက် မြက်သော မီဒီယာလက်နက်စွဲကိုင်ပြီး အခွင့်အလမ်းများရရှိချိန်တွင် အသုံးချ နိုင်မည်ဖြစ်သည့်အတွက် ဝန်ကြီးဌာန အနေဖြင့်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိသည့် နေ့တစ်နေ့ဟု သတ်မှတ် နိုင်ကြောင်း၊ ဤသတင်းစာပညာ သင်တန်းမျိုးကို ဝန်ကြီးဌာနအတွက် နှစ်စဉ် Program အရ ဖွင့်လှစ်သွား နိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ် ကြောင်း၊ဤသင်တန်း၏ ရည်ရွယ်ချက် သုံးရပ်ကို အောင်မြင်စွာ ဆောင်ရွက် နိုင်ခဲ့ကြပြီးဖြစ်သကဲ့သို့ သင်တန်း ပို့ချမှု၏ အစီအစဉ်နှစ်ရပ်ဖြစ်သည့် ပို့ချမှုအပိုင်းနှင့် လက်တွေ့အပိုင်းတွင် လည်း ပထမပိုင်းအဖြစ် သတင်းစာ ပညာနှင့် တိုက်ရိုက်အကျုံးဝင်သည့် သင်ခန်းစာပို့ချမှုများ ရရှိခဲ့ကြောင်း၊ ဒုတိယအပိုင်းအဖြစ် သတင်းစာပညာ နှင့် ဆက်နွယ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အထွေထွေဗဟု သုတများနှင့် စပ်လျဉ်းသော ပို့ချချက် များကိုလည်း ရရှိခဲ့ပြီဟု ဆိုရမည်ဖြစ် ကြောင်း၊လက်တွေ့ပိုင်းအနေဖြင့်လည်း သတင်းစာတစ်စောင်ကိုအရည်အသွေး မီမီ ထုတ်နိုင်ရန်အတွက် လုပ်ဆောင် ခဲ့ကြပြီးဖြစ်ကြောင်း၊သို့ဖြစ်၍သင်တန်း သူ၊ သင်တန်းသားများသည် အခြေခံ ကျွမ်းကျင်မှုရယူပြီး ဆက်လက် တိုးတက်အောင်ဆောင်ရွက်ရင်း မီဒီယာ လုပ်ငန်းရှင်သန်ထက်မြက်နေအောင် ကြိုးစားသွားကြရန် လိုအပ်မည်ဟု တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရည်မှန်း ချက်ထားပြီး အလေးအနက်ထား ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်မှာ မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများပါ မကျန် Media Cover ဖြစ်ရေးကို နှစ်တိုတိုအတွင်း ကြိုးပမ်းဆောင်ရွက် ကြရန် အထူးလိုအပ်ကြောင်း၊ ထိုသို့ Media Cover ဖြစ်ရေးအတွက် ကိုယ်ပွားသတင်းစာတိုက်များ ဖွင့်လှစ် နေကြောင်း၊ယနေ့နိုင်ငံတော်အကြီးအကဲ ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်း သာမက ကမ္ဘာသို့ပါ မီဒီယာလက်နက် ထိုးဖောက် ရောက်ရှိနိုင်သလောက် ထိုးဖောက်နိုင်အောင် ကြိုးပမ်းနေဆဲ ဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ် ဇန်နဝါရီ ၁ရက်ကစပြီး ရုပ်မြင်သံကြား၊သတင်း စာများပါ သွက်လက်ထက်မြက်အောင် အသွင်သဏ္ဌာန်ရောအနှစ်သာရပါကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊မီဒီယာလုပ်ငန်း ကို ဆောင်ရွက်ရာတွင် လှေနံဓားထစ် တရားသေမလုပ်ဘဲ ပြည်သူများ စိတ်ဝင် စားလာအောင် ကြိုးပမ်းဆွဲဆောင်ပြီး အမြဲတမ်း ပြောင်းလဲသစ်ဆန်းနေအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့အတူ သင်တန်းသူ၊သင်တန်းသား များအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် မြွက်ကြားခဲ့သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ မိန့်ခွန်းပါ လုပ်ငန်းစဉ်ခုနစ်ရပ်ကို အကောင်အထည်ပေါ်အောင် နိုင်ငံတော် အစိုးရနှင့်အတူ တိုင်းရင်းသား ပြည်သူ အားလုံးက စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ် လက်တွဲဆောင်ရွက်ကြရေး၊ ဒေသအာဏာပိုင်များ၊ အစိုးရဝန်ထမ်း များ၊အစိုးရမဟုတ်သောပုဂ္ဂလိက အဖွဲ့ အစည်းများကပါ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရေးတို့အတွက်မီဒီယာ ဖြင့် စည်းရုံးဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်းဖြင့် ပြောကြား သွားသည်။

ထူးချွန်ဆုချီးမြှင့်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက သတင်းစာပညာ သင်တန်း အမှတ်စဉ်(၁/၂၀၀၃)၌ ထူးချွန်သင်တန်းသား၊ သင်တန်းသူ များဖြစ်ကြသော ပထမဆုရမြန်မာ့အသံ နှင့်ရုပ်မြင်သံကြားမှ ရုပ်သံကျွမ်းကျင် (၁) ဒေါ်ခင်စန္ဒာမြင့်၊ ဒုတိယဆုရရှိကြ သော တစသ(၁)ရဲမွန်မှ ဗိုလ်ကြီးနေလင်း နှင့် မြဝတီရုပ်မြင်သံကြားမှ သတင်း ကြေညာသူ ဒေါ်ဝင်းဝင်းခိုင်၊ တတိယ ဆုရရှိကြသော မြန်မာ့အလင်း သတင်း စာတိုက်မှ ပုံနှိပ်ကျွမ်းကျင်(၄-စာစီ) ဒေါ်အေးသန္တာသိန်းနှင့် မြဝတီရုပ်မြင် သံကြားမှ သတင်းကြေညာသူ ဒေါ်စန္ဒာ စိုးဝင်းတို့အား ထူးချွန်ဆုများကိုပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အဖွဲ့လိုက် သတင်းစာ ထုတ်ဝေမှုပြိုင်ပွဲတွင်ပထမဆုရခေတ်သစ် အားမာန်သတင်းစာ၊ ဒုတိယဆုရ ရောင်ခြည်သတင်းစာ၊ တတိယဆုရ ဖွဲ့မာန်သတင်းစာနှင့် နှစ်သိမ့်ဆုရ ပန်းတိုင်သစ်သတင်းစာတို့မှ အဖွဲ့ ခေါင်းဆောင်များအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်း သားခေါင်းဆောင်အား ပေးအပ်လိုက် သည်။

လက်ဆောင်ချီးမြှင့်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၃) သင်တန်းတွင် ပြင်ပမှ လာရောက်ပို့ချပေးကြသည့် သင်တန်းနည်းပြများအား ဂုဏ်ပြု လက်ဆောင်ချီးမြှင့်ရာ သင်တန်းနည်းပြ များကိုယ်စား မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းဥက္ကဋ္ဌဦးစဝ် ကိုင်ဖက လက်ခံရယူပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူး ချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီး အကဲများနှင့် ဧည့်သည်တော်များသည် သင်တန်းခန်းမအတွင်းခင်းကျင်းပြသ ထားသော သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၃)သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများ၏ အဖွဲ့လိုက်သတင်းစာထုတ်ဝေမှုပြိုင်ပွဲ ဆုရသတင်းစာများနှင့် လက်တွေ့ လုပ်ငန်းခွင်ဝင် မှတ်တမ်းတင်ဓာတ်ပုံ များကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

အီရတ်နိုင်ငံ လုံခြုံရေးအခြေအနေ ပျက်ပြားနေ နာဂျက်ဖ်မြို့ ကားဗုံးကွဲမှု အမေရိကန်တွင် သွယ်ဝိုက်တာဝန်ရှိ

ဘဂ္ဂဒက် ဩဂုတ် ၃၁

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ဖြစ်ပွားခဲ့သည် ဗုံးပေါက်ကွဲမှုကြောင့် ထင်ရှားသော ရှီးယိုက်ဘာသာရေးခေါင်းဆောင် မိုဟာမက်ဘာကာအယ်ဟာခင်မ် အပါအဝင် လူ ၁၀၀ ကျော် သေဆုံးခဲ့ပြီး အဆိုပါဗုံးခွဲမှုကို ဘဂ္ဂဒက်မြို့နေ ဒေသခံများက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ဘဂ္ဂဒက်မြို့နေ ဒေသခံထောင်ပေါင်းများစွာသည် အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များ၏ ဌာနချုပ်သို့ ချီတက်ဆန္ဒပြခဲ့ကြကာ အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ခဲ့ကြသည်။ အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ပျက်ပြားနေသည့်အတွက် အမေရိကန်တို့အပေါ် ဒေါသထွက်နေကြပြီး ယခုဗုံးကွဲမှုသည် အမေရိကန်တို့အနေဖြင့် သွယ်ဝိုက်ပြီး တာဝန်ရှိကြောင်း ပြောကြားသည်။

အီရတ် အုပ်ချုပ်မှုကောင်စီကလည်း နိုင်ငံတွင်း လုံခြုံမှုပိုမိုရရှိစေရေး တောင်းဆိုလိုက်ပြီး မိမိကိုယ်ပိုင် လုံခြုံရေးကို ကာကွယ်နေသည့် အမေရိကန်တပ်ဖွဲ့များအနေဖြင့် အီရတ်နိုင်ငံသားများ၏ လုံခြုံရေးကို မစောင့်ရှောက်နိုင်သည့်အတွက် အီရတ်တို့ထံ လုံခြုံရေးတာဝန် လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။

ရှီးယားမွတ်စလင်တို့ အထွတ်အမြတ်ထားရာ အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ အီမန်အလီဗလီအပြင်ဘက် ဗုံးပေါက်ကွဲရာနေရာသို့ အီရတ်နိုင်ငံသားများ စုရုံးရောက်ရှိလာစဉ်။ (ယင်းသို့ ဗုံးပေါက်ကွဲမှုကြောင့် ရှီးယားမွတ်စလင် ဘာသာရေးခေါင်းဆောင် မိုဟာမက်ဘာကာအယ်ဟာခင်မ် အပါအဝင် လူ ၁၂၅ ဦး သေဆုံးပြီး ၂၂၉ ဦးဒဏ်ရာရရှိခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

သံသယဖြစ်

အီရတ်ပြည်သူများက အမေရိကန်တို့ ခန့်အပ်ထားသော အီရတ်အုပ်ချုပ်မှု ကောင်စီတွင် အာဏာမရှိကြောင်း၊ ကောင်စီသည် ၎င်းတို့ကို အမှန်တကယ် ကိုယ်စားမပြုနိုင်ကြောင်း သံသယဖြစ်လျက်ရှိသည်။

တာဝန်ရှိ

အီရတ်နိုင်ငံသားများအတွက် အမေရိကန်တပ်ဖွဲ့များ၌သာ လုံခြုံရေးအခြေအနေကို ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိကြောင်း ပြောကြားသည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

ဗုံးပေါက်ကွဲမှုတွင် သေဆုံးခဲ့ရသည့် ရှီးယိုက်မွတ်စလင်ဘာသာရေးခေါင်းဆောင် မိုဟာမက်ဘာကာအယ်ဟာခင်နှင့် အခြားသူများအား အောက်မေ့ဖွယ်အဖြစ် ဩဂုတ် ၃၁ ရက်က ဘဂ္ဂဒက်မြို့ ဗလီတစ်ခုရှေ့ လူထုစည်းဝေးပွဲတွင် အီရတ်အမျိုးသားများ ဆုတောင်းမေတ္တာပို့သနေစဉ်။
(ဓာတ်ပုံ-ဆင်ဟွာ)

ဘဂ္ဂဒက်ရှိ ဗုံးခွဲခံရသည့် ကုလသမဂ္ဂဌာနရုံးသို့ မွတ်စလင်များနှင့် ခရစ်ယာန်များ စုရုံးရောက်ရှိပြီး ဆုတောင်း

ဘဂ္ဂဒက် ဩဂုတ် ၃၁

ဘဂ္ဂဒက်တွင် လွန်ခဲ့သည့် ၁၀ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားမှုကြောင့် ယနေ့ထက်တိုင် စိတ်ပျက်လက်ပျက်ဖြစ်နေသည့် ကုလသမဂ္ဂဝန်ထမ်း ၁၅၀ ခန့်သည် အဆောက်အအုံပျက်စီးမှုကြားမှ သေဆုံးသွားသော လုပ်ဖော်ကိုင်ဖက် ၂၂ ဦးအား နောက်ဆုံးအကြိမ်အဖြစ် ဂုဏ်ပြုကြသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်းရှိ ဗုံးဖောက်ခွဲခံခဲ့ရသည့် ကုလသမဂ္ဂရုံးချုပ်သို့ မွတ်စလင်များနှင့် ခရစ်ယာန်များစုရုံးရောက်ရှိလာပြီး သေဆုံးသူများအတွက် ဆုတောင်းဝတ်ပြုကြသည်။

၎င်းနေရာတွင်မွတ်စလင်ခေါင်းဆောင်တစ်ဦးက လေသံတိုးတိုးဖြင့် ရွတ်ဆိုရင်း မတ်တတ်ရပ်လျက်ရှိနေပြီး ၎င်း၏နောက်ဘက်မှ မွတ်စလင်အလုပ်သမားများက တန်းစီရပ်ကာ သေဆုံးသူများ၏ ဝိညာဉ်အား ကောင်းချီးဩဘာပေးစေရန် ဆုမွန်ကောင်းတောင်းနေကြသည်။

ခြိမ့်

၎င်းတို့နှင့်ကပ်လျက် ခရစ်ယာန်တရားဟော ဓမ္မဆရာတစ်ဦးသည် အခြားသော ဝန်ထမ်းများခြံရံလျက်ရှိနေသည်။

မိမိတို့ အောက်မေ့ဖွယ် အခမ်းအနားကို ဘဂ္ဂဒက်ရှိ "ကင်နယ်" ဟိုတယ်တွင် ကျင်းပရသည်မှာ အရေးပါလှကြောင်း၊ သေဆုံးသူများ၏ အလောင်းများကို လွှဲပြောင်းပေးလိုက်ရ၍ အခမ်းအနားကို ယခင်နေရာတွင် ကျင်းပရခြင်းဖြစ် ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့် ရှိသူ အမျိုးသမီး ဗရွန်နစ်တေဘူးက ပြောကြားသည်။

နိုင်ငံခြား သတင်းများ

ကုလသမဂ္ဂသည် အီရတ်နိုင်ငံတွင် ဆက်လက်၍နေထိုင်ပြီး ယခုကဲ့သို့ လိုအပ်နေသည့် အချိန်မျိုးတွင် အီရတ်ပြည်သူများနှင့် အပြည့်အဝ စည်းလုံးညီညွတ်စေရန် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ အီရတ်ပြည်သူလူထုအား အာမခံချက်ပေးနိုင်ရန် ဆန္ဒရှိကြောင်း အီရတ်ရှိ ကုလသမဂ္ဂမစ်ရှင် ကြားဖြတ်အကြီးအကဲ ဆီလ်ဗာက ပြောကြားသည်။

နောက်ဆုံးအခမ်းအနား

စနေနေ့က ပြုလုပ်သည့် ဝမ်းနည်းဖွယ် အထိမ်းအမှတ် အခမ်းအနားသည် နိုင်ငံအသီးသီးတွင် မကြာမီ ပြုလုပ်ခဲ့သည့် အသုဘအခမ်းအနားနှင့် အောက်မေ့ဖွယ် ဆုတောင်းပွဲ၏ နောက်ဆုံးအခမ်းအနားပင်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ် ပြန်လည်တည်ဆောက်ရေး ကုလသမဂ္ဂအဖွဲ့ကြီး ဦးဆောင်သင့် ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

ဘာလင် ဩဂုတ် ၃၁

အီရတ်အရေးတွင် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ရန်နှင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် မွတ်စလင်နိုင်ငံများ ပါဝင်ကြရန် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖစ်ရှာက တိုက်တွန်းကြောင်းဖြင့် သောကြာနေ့ထုတ် ဟန်ဒယ်ဟာဘတ် သတင်းစာတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သော တပ်သားများအား နေ့စဉ်တိုက်ခိုက်နေမှုနှင့် အီရတ်နိုင်ငံတွင် မတည်ငြိမ်မှုများမှာ အီရတ်ခေါင်းဆောင်ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရန် အမေရိကန်ဦးဆောင်သည့် တပ်များက စစ်ဆင်တိုက်ခိုက်မှုကို ဂျာမနီအစိုးရက ဆန့်ကျင်စဉ် မိမိတို့ စိုးရိမ်ပူပန်ခဲ့ရသည့်ပြဿနာများအတိုင်း အမှန်တကယ်ပေါ်ပေါက် ရင်ဆိုင်နေရသည့် ပြဿနာများဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးက ပြောဆိုသည်။

လိုအပ်

အာဖဂန်နစ္စတန် ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးသည့် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလအတွင်းက ဘွန်းမြို့အပြင်ဘက် ပီတာစဘတ် ညီလာခံကဲ့သို့ပင် ကုလသမဂ္ဂဦးဆောင်၍ အီရတ်တွင် အလားတူနိုင်ငံရေးအစီအစဉ် ချမှတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဂျာမနီနိုင်ငံခြားဝန်ကြီး ဖစ်ရှာက ပြောဆိုသည်။

ညှိနှိုင်းသဘောတူသည့် အစီအစဉ်အရ သတ်မှတ်ချိန်အတွင်း လွတ်မြောက်ရေးနှင့် အီရတ် အချုပ်အခြာအာဏာ ပြန်ရရေးမှာ ဦးတည်ရည်ရွယ်ချက်ဖြစ်ကြောင်း ပိုမိုထင်ရှားလာရမည်ဖြစ်သည်ဟု ဝန်ကြီးဖစ်ရှာက ပြောဆိုသည်။ *အင်တာနက်။*

ကွန်ပျူတာဗိုင်းရပ်စ် ဖန်တီးသူလူငယ် ဖမ်းဆီးထိန်းသိမ်း

နယူးယောက် ဩဂုတ် ၃၁

မကြာသေးမီက အင်တာနက်အတွင်း ပျံ့နှံ့မှုဖြစ်ပွားခဲ့သော ဘလက်စတာ ကွန်ပျူတာဗိုင်းရပ်စ်များ ဖန်တီးမှုဖြင့် အသက်(၁၈) နှစ်အရွယ်ရှိ ဂျက်ဖရီလီပါဆန်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားခဲ့သည်။ အဆိုပါ ဘလက်စတာ ဗိုင်းရပ်စ်ကြောင့် စီးပွားရေးလုပ်ငန်းများနှင့် အိမ်သုံးကွန်ပျူတာစနစ်တွင် နှောင့်ယှက်မှုများ ကြုံတွေ့ခဲ့ရသည်။ ဂျက်ဖရီသည် On Line မှ Teen Kid အမည်ဖြင့် ထင်ရှားပြီး ဘက်စတာ ဗိုင်းရပ်စ်များသည် Microsoft ၏ Window Software ကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

ရုရှားရေငုပ်သင်္ဘော နစ်မြုပ်မှုဖြစ်ပွား ရေတပ်သားတစ်ဦး ကယ်ဆယ်ရရှိ

မော်စကို ဩဂုတ် ၃၁

ရေတပ်သား ၁၀ ဦး လိုက်ပါလာသော ရုရှားနျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းသည် ဘယ်ရင်ပင်လယ်ပြင်တွင် နစ်မြုပ်သွားခဲ့ကြောင်း မြို့တော်မော်စကိုရှိ အက်ကိုမော့စ်ကီမီ ရေဒီယိုအသံလွှင့်ဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

အဆိုပါရေငုပ်သင်္ဘောမတော်တဆမှုတွင် ရေတပ်သားနှစ်ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း၊ တစ်ဦးကိုကယ်ဆယ်ရရှိခဲ့ပြီး အခင်းဖြစ်ပွားချိန်တွင် ရေငုပ်သင်္ဘော၏ နျူကလီးယားဓာတ်ပေါင်းဖိုကို ပိတ်ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကား၍ အသံလွှင့်ဌာနက ဖော်ပြသည်။

ရုရှားမြောက်ပိုင်း ရေတပ်စုမှဖြစ်သော အဆိုပါ ရေငုပ်သင်္ဘောပေါ်တွင် မည်သည့်လက်နက်မျှ တင်ဆောင်ထားခြင်းမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကား၍ ရေဒီယိုက ဆက်လက်ဖော်ပြသည်။

ရေငုပ်သင်္ဘောနစ်မြုပ်သည့်ဖြစ်ရပ် ပေါ်ပေါက်ပြီးနောက် ရေတပ်သားများကို ကယ်တင်ပေးနိုင်ရန် လေကြောင်းနှင့် ပင်လယ်ရေကြောင်းလမ်းတို့မှနေ၍ ကယ်ဆယ်ရေးဆိုင်ရာ စစ်ဆင်မှုလုပ်ငန်း ဆောင်ရွက်ခဲ့သည်။ ရုရှားနိုင်ငံတွင် လွန်ခဲ့သည့်သုံးနှစ်က ကာ့စ်ခ်အမည်ရှိ ရေငုပ်သင်္ဘောနစ်မြုပ်မှု ပေါ်ပေါက်ခဲ့သည်။ ဘယ်ရင်ပင်လယ်ပြင်တွင် ဖြစ်ပွားသော ယင်းရေငုပ်သင်္ဘောနစ်မြုပ်မှုကြောင့် ရေငုပ်သင်္ဘောပေါ်တွင် လိုက်ပါလာခဲ့သော ရေတပ်သား ၁၁၈ ဦးစလုံး သေဆုံးခဲ့ရသည်။

ယခုတစ်ကြိမ် ရေငုပ်သင်္ဘောနစ်မြုပ်မှုဖြစ်ပွားချိန်၌ သမ္မတ ဗလာဒီမာပူတင်မှာ အီတလီဝန်ကြီးချုပ် ဆယ်လ်မီယိုဘာလူစကွန်နီနှင့် တွေ့ဆုံဆွေးနွေးရန် အီတလီနိုင်ငံ ဆာဒီနီယာမြို့သို့ ရောက်ရှိနေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှု ချိုးဖောက်သည့် လုပ်ရပ်များ အမေရိကန် ရှောင်သင့်

ဟာရာရေး ဩဂုတ် ၃၁

နိုင်ငံတကာ အသိုက်အဝန်းက အမေရိကန်အစိုးရအား နိုင်ငံတကာ တရားဝင်ဖြစ်မှုကို လေးစားလိုက်နာပြီး အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ခွင့်ကို ချိုးဖောက်စေသည့် လုပ်ရပ်အားလုံးကို ရှောင်ကြဉ်ရေးအတွက် တိုက်တွန်းကြရန် ဇင်ဘာဘွေနိုင်ငံရှိ ဆူဒန်သံရုံးက စနေနေ့တွင် နှိုးဆော်လိုက်သည်။

ဆူဒန်နိုင်ငံ ခါတွန်မြို့တွင် အယ်ရှီဖာ ဆေးဝါးထုတ်လုပ်ရေးစက်ရုံအား အမေရိကန်ပြည်ထောင်စုက တိုက်ခိုက်ခဲ့သည့် ပဥ္စမနှစ်မြောက် အထိမ်းအမှတ် အခမ်းအနား၌ ထုတ်ပြန်သည့် ကြေညာချက်တွင် ဆူဒန်သံရုံးက ဖော်ပြပါအတိုင်း တိုက်တွန်းနှိုးဆော်လိုက်ခြင်းဖြစ်သည်။

ဆေးဘက်ဆိုင်ရာနှင့် တိရစ္ဆာန်ဆေးဝါးများ ၅၀ ရာခိုင်နှုန်း ထုတ်လုပ်သည့် ဆူဒန်နိုင်ငံ၏ ဆေးဝါးထုတ်လုပ်ရေးစက်ရုံအား ၁၉၉၈ ခု ဩဂုတ်လ ၂၀ ရက်က တိုက်ခိုက်ခံခဲ့ရသည်။

အမေရိကန်ပြည်ထောင်စု အနေဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရင်းဖြင့် အင်အားကြီးနိုင်ငံအဖြစ် ၎င်း၏စည်းမျဉ်းစည်းကမ်းများနှင့် တာဝန်ယူထားမှုကို ဖြည့်စွမ်းသင့်ကြောင်း လက်ထောက်သံအမတ်ကြီး အဗ္ဗဒယ်ဘာရီက ပြောကြားသည်။

အဆိုပါ ထိခိုက်နစ်နာစရာ ဖြစ်ခဲ့ရသော ကိစ္စနှင့်ပတ်သက်၍ ဆူဒန်နိုင်ငံက မည်သည့်ကိစ္စမှ လျှို့ထားဝှက်ထားစရာ မရှိ၍ မိမိနိုင်ငံ၏ တံခါးပေါက်များအား ဆက်လက်ဖွင့်ထားနေကြောင်းကို အလေးအနက်ပြောကြားလိုကြောင်း၊ ဆူဒန်နိုင်ငံက အမေရိကန်၏ မတရားသည့် ကျူးကျော်မှုကို မကျေနပ်ဟု လုံခြုံရေးကောင်စီတွင် တင်ပြလိုကြောင်း အခိုင်အမာ ထပ်မံပြောကြားလိုက်ပြီး ဖော်ပြပါ ဆေးဝါးထုတ်လုပ်သည့်စက်ရုံကိစ္စ စုံစမ်းစစ်ဆေးရန် အချက်အလက်ရှာဖွေရေး အဖွဲ့တစ်ဖွဲ့ ဆူဒန်နိုင်ငံသို့ ပို့ပေးခြင်းဖြင့် လုံခြုံရေးကောင်စီက ၎င်း၏တာဝန်များကို ဖြည့်စွမ်းသင့်သည်ဟု တိုက်တွန်းကြောင်း အဗ္ဗဒယ်ဘာရီက ပြောကြားသည်။

အမေရိကန်၏ တိုက်ခိုက်မှုကြောင့် ဆူဒန်ပြည်သူများ ထိခိုက်ခံစားခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းပစ္စယများအတွက် လိုအပ်သော လျော်ကြေးငွေပေးရန် အမေရိကန်ပြည်ထောင်စုတွင် တာဝန်ရှိသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်လိုမင်းထက် ကျူးကျော်ဝင်ရောက်မှုနှင့် တစ်ဆက်တည်း ကပ်ပါလာသည့် ကန့်သတ်အရေးယူမှုများနှင့် မူဝါဒများ ထိန်းချုပ်ရေးများက ဆူဒန်နိုင်ငံက ဆူဒန်နိုင်ငံပြည်သူလူထုဘဝ စိုပြည်သာယာရေးမြှင့်တင်ရန်အတွက် အားကောင်းမောင်းသန် ကြိုးပမ်းမှုများ ဆက်လက်ဆောင်ရွက်နေမှုကို သွေဖည်နိုင်စေမည် မဟုတ်ကြောင်း ဘာရီက ပြောကြားသည်။

အဆိုပါ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ တိုက်ခိုက်မှုသည် မှားယွင်းသော သတင်းအချက်အလက်ကို အခြေခံဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုသည် ဆူဒန်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ အားလုံးသော နိုင်ငံတကာ ဆက်ဆံရေးမူဝါဒများ၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် ငြိမ်းချမ်းရေးနှင့် တရားမျှတမှု တန်ဖိုးများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်းဖြစ်ကြောင်း ဘာရီက ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ရောက် အမေရိကန်တပ်သားများ အချိန်ရသည်နှင့်အမျှ အိမ်သို့ လွမ်းစာရေးနေ

ဘဂ္ဂဒက် ဩဂုတ် ၃၁

လူဦးရေ လေးသန်းနီးပါးရှိသည့် ဘဂ္ဂဒက်မြို့တော်၏ လမ်းမကြီးများ တစ်လျှောက်တွင် အမှတ်(၂၁၀) မြောက် ကာရိုလိုင်းနား အမျိုးသားအစောင့်တပ်မှ တပ်သားများသည် စစ်ကားပေါ်မှ စက်သေနတ်များနောက်တွင် သုံးယောက်စီ လိုက်ပါပြီး ကင်းလှည့်စောင့်ကြပ်လျက်ရှိသည်။

အမှတ်(၂၁၀) မြောက်ကာရိုလိုင်းနား အမျိုးသားအစောင့်တပ်မှ တိုက်ခိုက်ရေးသမားများကို ရှာဖွေစဉ်တွင် ကျည်ကာအင်္ကျီများ ဝတ်ဆင်ပြီး သံခမောက်များကို ဆောင်းလျက် ကြမ်းတမ်းလှသော တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ထိုသို့ တာဝန်ထမ်းဆောင်စဉ် လိုက်ပါစီးနင်းလာသော မော်တော်ကားပေါ်သို့ ဗုံးများ ပစ်တင်လိုက်သဖြင့် အမေရိကန် စစ်သားနှစ်ဦးတို့ လွန်ခဲ့သည့် ရက်သတ္တပတ်က သေဆုံးခဲ့သည်။ လူအုပ်ဖြင့် ဝင်တိုးသည့် စစ်ကားတန်းကို တိုက်ခိုက်သဖြင့် ဗြိတိန်စစ်သားတစ်ဦး ဗုဒ္ဓဟူးနေ့က သေဆုံးပြန်သည်။

အဆိုပါ အမှတ်(၂၁၀) မြောက်ကာရိုလိုင်းနား အမျိုးသားအစောင့်တပ်မှ တပ်ကြပ်ကြီး ကော်ဘီဖရန်ဘလင်မှာ ယခုလဆန်းက သေဆုံးပြီး ဂျော်ဂျီယာပြည်နယ်မြောက်ပိုင်း ဟင်နရယ်ဘလပ်မြို့၌ စနေနေ့က သင်္ဂြိုဟ်ပြီးစီးခဲ့သည်။ ဤတပ်မှ အချို့တပ်သားများသည် အီရတ်အကျဉ်းသားများကို နေ့ညမရွေးစောင့်ရသည့် တာဝန်လည်း ထမ်းဆောင်ရသေးသည်။ ယင်းသို့ တာဝန်အမျိုးမျိုး ထမ်းဆောင်ရင်းသေသူသေ၊ ဒဏ်ရာရသူ ဒဏ်ရာရ ကုန်သည်။ ကျန်အမေရိကန်စစ်သားများလည်း မည်သည့်အချိန်မှ အနားယူကာ အိမ်ပြန်ရမည်မသိဘဲ အချိန်ရသည်နှင့်အမျှ အိမ်သို့ လွမ်းစာများ ရေးတတ်ကြသည်ဆို၏။

အင်တာနက်။

ကင်းလှည့် စောင့်ကြပ်

ဩဂုတ် ၃၁ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့တွင် ညနေဘက် ကင်းလှည့် စောင့်ကြပ်ရန်အတွက် ဗြိတိသျှတပ်သားများ ၎င်းတို့၏ စစ်ထရပ်ကားပေါ်မှ ဆင်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရေနံပိုက်လိုင်းအား အဖျက်သမားများ ဖျက်ဆီး မီးလောင်နေမှုကြောင့် မီးငြိမ်းသတ်ရန် လုံးပန်းလျက်ရှိ

ဘဂ္ဂဒက် ဩဂုတ် ၃၁

အဓိကပြည်ပပို့ ရေနံပိုက်လိုင်းအား အဖျက်သမားများက ဖြတ်တောက်ဖျက်ဆီးလိုက်ပြီးသည့်နောက် ရက်သတ္တနှစ်ပတ်အကြာတွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များနှင့် အီရတ်နိုင်ငံသား မီးသတ်သမားများသည် အီရတ်နိုင်ငံ မြောက်ဖျားပိုင်းရှိ ရေနံပိုက်လိုင်းတစ်ခု မီးလောင်ရာတွင် ငြိမ်းသတ်ရန် လုံးပန်းလျက်ရှိသည်။

အီရတ်နိုင်ငံ မြောက်ဖျားပိုင်း ကယ်ကွတ်ရေနံမြေအနောက်တောင်ပိုင်းတွင် မီးလောင်နေသော ရေနံပိုက်လိုင်းအား ငြိမ်းသတ်ရန် ရက်ပေါင်းများစွာ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရပ်ကွက်က ပြောကြားသည်။

မီးလောင်သည့် ရေနံပိုက်လိုင်းသည် ပြည်ပပို့ ရေနံပိုက်လိုင်း ဟုတ်၊ မဟုတ်နှင့် အဖျက်သမားလက်ချက် ဟုတ်၊မဟုတ်နှင့် ပတ်သက်၍ မပြတ်မသား မှုန်ဝါးဝါးဖြစ်လျက်ရှိသေးသည်။

ဩဂုတ် ၁၆ ရက်တွင် အထင်ကရ ရေနံပိုက်လိုင်းတစ်ခု ပေါက်ကွဲမှုဖြစ်ပြီး မီးလောင်သောကြောင့် တူရကီနိုင်ငံသို့ တင်ပို့နေသည့် ရေနံပိုက်လိုင်းကို ရပ်ဆိုင်းခဲ့ရပြီး ၎င်းပေါက်ကွဲမှု မဖြစ်ပွားမီ သုံးရက်က ပြန်လည်ဖွင့်လှစ်ခဲ့သည်။

မြေကြီးအတွင်း နက်ရှိုင်းစွာ မြှုပ်ချထားသော ရေနံပိုက်လိုင်းအား ဖျက်ဆီးရန်အတွက် ပေါက်ကွဲစေသည့် ပစ္စည်းများကို အသုံးပြုခဲ့ကြောင်း အီရတ်ယာယီရေနံဝန်ကြီး သာမာအယ်လ်ဂက်ဘန်းက ပြောကြားသည်။

နှစ်ရက်ကြာပြီးနောက် ယခုပေါက်ကွဲဖူးသောနေရာမှ ကီလိုမီတာ အနည်းငယ်ဝေးကွာသည့် နေရာတွင် ဒုတိယမီးလောင်မှု ဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံ ရေနံထုတ်လုပ်ရေး ပြန်လည်ထူထောင်ရန် ကြိုးပမ်းမှုကို နောက်ထပ် ဖျက်လိုဖျက်ဆီး ပြုလုပ်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ရေနံသိုက်ကြီးရှိရာ အီရတ်နိုင်ငံသည် ချွတ်ခြုံကျနေသည့် စီးပွားရေးကဏ္ဍနှင့် ပြိုလဲနေသည့် အခြေခံအဆောက်အအုံကို ပြန်လည်တည်ဆောက်ရန်အတွက် ရေနံမှ ဝင်ငွေကို မှီခိုအားထားနေရသည်။

ကီလိုမီတာ ၉၅၀ အရှည်ရှိ ရေနံပိုက်လိုင်းသည် နေ့စဉ် ရေနံပီပါ တစ်သန်းအထိ စုပ်ထုတ်နိုင်စွမ်းရှိရာ ၎င်းပမာဏမှာ အီရတ်စစ်ပွဲမဖြစ်မီက စံချိန်၏ ထက်ဝက်ဖြစ်သည်။ အမေရိကန်စစ်ဘက်က တူရကီပို့ ပြည်ပရေနံပိုက်လိုင်းကို စက်တင်ဘာလတွင် ပြန်လည်ဖွင့်လှစ်နိုင်မည်ဟု ဟောကိန်းကြိုတင်ထုတ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

နေအိမ်သစ်သို့ ရွှေ့ပြောင်း

ဩဂုတ် ၃၁ ရက်က ဘေဂျင်းမြို့ရှိ ရှေးဟောင်းနန်းတော်အတွင်းရှိ လူနေရပ်ကွက်တွင် ဆွေစဉ်မျိုးဆက် နေထိုင်ခဲ့ကြသော မိသားစုတစ်စု နေအိမ်သစ်သို့ ပျော်ပျော်ပါးပါး ရွှေ့ပြောင်းနေစဉ်။ (တရုတ်ပြည်အစိုးရသည် သမိုင်းဝင် နေရာများအား ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ရန် ဆုံးဖြတ်ထားသည့်အတွက် ယခုကဲ့သို့ နေအိမ်သစ်များဆီသို့ ရွှေ့ပြောင်းနေကြခြင်းဖြစ်သည်။)

(ဓာတ်ပုံ-ဆင်ဟွာ)

လေကြောင်းလိုင်းများအား အကူအညီပေးရေး အစီအစဉ် ဂျပန်အစိုးရ ထုတ်ပြန်ကြေညာ

တိုကျို ဩဂုတ် ၃၁

ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ(ဆားစ်) ဖြစ်ပွားပြီးနောက် ခက်ခဲကြမ်းတမ်းစွာ ရပ်တည်နေရသည့် ပြည်တွင်းလေကြောင်းလိုင်းများအား အကူအညီပေးရေး အစီအစဉ်တစ်ရပ်ကို ဂျပန်အစိုးရက သောကြာနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

မြေယာ၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အဆိုပါ အစီအစဉ်အရ ဂျပန်ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် ကုန်ကျစရိတ်ကို လျှော့ချပြီး စီမံခန့်ခွဲမှု ခိုင်မာတောင့်တင်းရေးကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် အကောက်ခွန်မူဝါဒ ပြန်လည် သုံးသပ်ရေး အပါအဝင် လိုလားဖွယ်ကောင်းသည့် စီးပွားရေးအခြေအနေ ပိုမိုဖန်တီးပေးရန် အားထုတ်ကြိုးပမ်းမည်ဖြစ်သည်။ ပြည်တွင်းလေကြောင်းလိုင်းများက စီမံခန့်ခွဲရေးကို အလေးထား ဆောင်ရွက်လျှင် ဘဏ္ဍာရေးဝန်ကြီး ရှီအိုကာဝါက ထောက်ခံတင်ပြထားသည့် အရေးပေါ်ချေးငွေများ ရရှိရေးနည်းလမ်းကို လမ်းပွင့်သွားစေမည်ဖြစ်သည်။

ဂျပန်အဲယားလိုင်းစစ္စတန်ကော်ပိုရေးရှင်းနှင့် အောနိပွန်အဲယားဝေးစ်ကုမ္ပဏီစသည့် ထိပ်တန်းဂျပန်လေကြောင်းလိုင်းနှစ်ခုသည် လာမည့်မတ်လတွင်ကုန်ဆုံးမည့် ယခုဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၇၀၀ ကျော်ဝင်ငွေကျဆင်းလိမ့်မည်ဟု မျှော်လင့်ရသည်။ အဆိုပါကုမ္ပဏီနှစ်ခုက ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၅၀၀ ခန့် ထုတ်ချေးရန် မေတ္တာရပ်ခံထားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

အီရတ် လက်နက်ခြိမ်းခြောက်မှု တော်ရုံသင့်ရုံသာရှိ အီရတ်စစ်ပွဲမစမီ ဒေါက်တာကယ်လီက ဆောင်းပါးရေးသားခဲ့

လန်ဒန်   ဩဂုတ်   ၃၁

အီရတ်အစိုးရ၏ ခြိမ်းခြောက်မှုမှာ တော်ရုံသင့်ရုံရှိသော်လည်း လူအစုအပြုံလိုက် သေစေသောလက်နက်များ တီထွင်ထုတ်လုပ်ရေး ရေရှည်ခြိမ်းခြောက်မှု ရှောင်လွှဲနိုင်ရေးမှာ အီရတ်အစိုးရ အပြောင်းအလဲရှိရေးသာလျှင် ရှိတော့ကြောင်းဖြင့် ကွယ်လွန်သွားပြီဖြစ်သော ဗြိတိန်သိပ္ပံပညာရှင် ဒေါက်တာကယ်လီက အီရတ်စစ်ပွဲမစမီတွင် ဆောင်းပါးတစ်စောင်ရေးသားခဲ့သည်ဟု ဗြိတိန်သတင်းစာ တစ်စောင်က ထုတ်ဖော်ရေးသားသည်။

အစီရင်ခံစာတစ်ပိုင်းအဖြစ် ဖော်ပြ

ဒေါက်တာကယ်လီသေဆုံးမှုတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ မျက်မှောက်၌ ဒေါက်တာကယ်လီ၏ ကျန်ရစ်သူ ဇနီး အစစ်မခံမီ ကလေးတွင် အချိန်ကပ်လျက် အဆိုပါဆောင်းပါးကို အော့ဗ်ဇာဗား အပတ်စဉ်သတင်းစာက ဖော်ပြလိုက်ခြင်းဖြစ်သည်။ ဤဆောင်းပါးကို ဒေါက်တာကယ်လီက အီရတ်စစ်ပွဲမဖြစ်မီ ရက်သတ္တအတန်ကြာက အီရတ်ဆိုင်ရာ အဓိကအစီရင်ခံစာတစ်ပိုင်းအဖြစ် ရေးသားခဲ့ခြင်းဖြစ်သည်။ သို့သော် ဒေါက်တာကယ်လီက သတင်းစတင်ဖော်ထုတ်သူအဖြစ် မထင်ပေါ်လို၍ ပုံနှိပ်ထုတ်ဝေခြင်းမပြုခဲ့ဟုဆိုသည်။

ဆောင်းပါးတွင် ဒေါက်တာကယ်လီက ဖော်ပြရာ၌ အီရတ်နိုင်ငံသည် လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များကို လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကတည်းက တီထွင်ထုတ်လုပ်ခဲ့သည်။ သမားရိုးကျလက်နက်နှင့် ခေတ်မီလက်နက်များ နှစ်မျိုးစလုံးတွင် အီရတ်၏ လက်ရှိလက်နက်ခြိမ်းခြောက်မှုအန္တရာယ်မှာ အတော်အတန်ပင်ဖြစ်သော်လည်း စစ်ရေးနှင့်အကြမ်းဖက်အသုံးချရေးအတွက် ထိုသို့သောလက်နက်များကို ထုတ်လုပ်၊ စုဆောင်းထားရေး ရည်ရွယ်ချက်ကို အီရတ်က မည်သည့်အခါမျှ မစွန့်လွှတ်ကြောင်းဖြင့်လည်း ထည့်သွင်းရေးသားထားသည်။

မည်မည်ရရ မထိခိုက်

ယခုအခါတွင် စစ်ပွဲမှာ ရှောင်လွှဲ၍မရကြောင်း၊ အီရတ်နိုင်ငံ၏ ဓာတုနှင့် ဇီဝလက်နက် ခြိမ်းခြောက်မှုက အမေရိကန်နှင့် ဗြိတိန်တပ်များ၏ စစ်ဆင်ရေးစွမ်းရည်ကို မည်မည်ရရ ထိခိုက်စေမည် မဟုတ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများကိုလည်း ကြီးကြီးမားမား ထိခိုက်အောင်ရှိမည် မဟုတ်ကြောင်းဖြင့် ဒေါက်တာကယ်လီက ထည့်သွင်းရေးသားထားသည်။ ***အင်တာနက်။***

ခိုင်းပြင်း

ဩဂုတ် ၂၉ ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက် ၄၃ မိုင်အကွာ ခါလစ်မြို့တွင် နေအိမ်များအား ဝင်ရောက်စီးနင်းရှာဖွေရာ၌ နေအိမ်တစ်အိမ်အတွင်းမှ နေထိုင်သူများက ရပ်စောင့်ကြည့်နေစဉ်။ အမေရိကန်တပ်သား များက နေအိမ်တွင်းသို့ ဝင်ရန် စိုင်းပြင်းနေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာသတင်းများ

ငြိမ်းချမ်းသည့်နည်းဖြင့် နျူကလီးယား ထုတ်လုပ်ခွင့် အီရန်နိုင်ငံရှိဟု ပါကစ္စတန်ပြောကြား

အစ္စလမ္မာဘတ်   ဩဂုတ်   ၃၁

အီရန်နိုင်ငံက ငြိမ်းချမ်းသောနည်းလမ်းဖြင့် နျူကလီးယားအစီအစဉ် ထုတ်လုပ်နိုင်သည့် လုပ်ပိုင်ခွင့်ရှိကြောင်း ပါကစ္စတန်နိုင်ငံက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံက လက်နက် ထိန်းချုပ်ရေးနှင့် လက်နက်ဖျက်သိမ်းရေးသဘောတူညီချက်များနှင့် ပါဝင်ပတ်သက်နေသည့် အစီအစဉ်အောက်မှ စည်းကမ်းများထိန်းသိမ်းရေးနှင့်ဒွန်တွဲလျက်ရှိသည့် ငြိမ်းချမ်းသောနည်းလမ်းဖြင့် နျူကလီးယား အစီအစဉ်ထုတ်လုပ်နိုင်မည့် လုပ်ပိုင်ခွင့်ကို ပါကစ္စတန်နိုင်ငံက ထောက်ခံကြောင်း ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီး ဘာဆူရီက အီရန်နိုင်ငံခြားရေးဝန်ကြီး ကာမယ်ကာရာဇိုင်းနှင့် အစ္စလမ္မာဘတ်တွင် ပူးတွဲကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အသိအမှတ်ပြု

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာ၌ အီရန်နိုင်ငံသည် နောက်ဆက်တွဲစာချုပ်တစ်ရပ် လက်မှတ်ထိုးရေး ကိစ္စနှင့်စပ်လျဉ်း၍ အိုင်အေအီးအေနှင့် စတင်ညှိနှိုင်းရန် ဆုံးဖြတ်ချက်အပါအဝင် အီရန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အသိအမှတ်ပြုထားကြောင်း ကာဆူရီက မှတ်ချက်ချပြောကြားသည်။ မည်သည့် ကျန်ရှိနေသည့်ပြဿနာကိုမဆို ဗီယင်နာတွင် လာမည့်လတွင်ကျင်းပမည့် အိုင်အေအီးအေအုပ်ချုပ်ရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပစဉ်အတွင်း ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ကာဆူရီက ဆက်လက်ပြောကြားသည်။

မဟုတ်မမှန်ကြောင်း ငြင်းဆို

ပါကစ္စတန်က အီရန်၏ နျူကလီးယားအစီအစဉ်အတွက် အကူအညီပေးသည်ဟူသော အနောက်အုပ်စု သတင်းဌာနများ၏သတင်းများ မဟုတ်မမှန်ကြောင်း ငြင်းဆိုထားသည်။

ညီအစ်ကိုဆက်ဆံရေး ဖြစ်ထွန်း

မိမိနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေးရာတွင် ပါကစ္စတန်နှင့် အီရန်တို့သည် ချစ်ကြည်ရင်းနှီးပြီး ညီအစ်ကိုဆက်ဆံရေး ဖြစ်ထွန်းခဲ့ကြောင်း၊ ပါကစ္စတန်နှင့် အီရန်နှစ်နိုင်ငံစလုံးတွင် ကဏ္ဍအသီးသီး၌ နှစ်နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးနှင့် စုစည်းခိုင်မာစေရန် ဆောင်ရွက်ရာတွင် မြဲမြဲပြီး နက်ရှိုင်းသည့် အကျိုးစီးပွားရရှိခဲ့ကြောင်း ကာဆူရီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆေးလိပ်တိုက်ဖျက်ရေး ဥပဒေကို လိုက်နာရန် ကုလသမဂ္ဂ ပြင်ဆင်

ကုလသမဂ္ဂ   ဩဂုတ်   ၃၁

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၏ ဆေးလိပ်တိုက်ဖျက်ရေး စစ်ပွဲတွင် နောက်ဆုံးခံတပ်ဖြစ်သည့် ကုလသမဂ္ဂဌာနချုပ်သည် ယင်းမြို့၏ ဆေးလိပ်တိုက်ဖျက်ရေးဆိုင်ရာ တင်းကျပ်သော ဥပဒေသစ်ကို လိုက်နာရန် ပြင်ဆင်နေကြောင်း၊ အဆိုပါဥပဒေသစ်နှင့်အညီ ကုလသမဂ္ဂဌာနချုပ်ရှိ မည်သည့်နေရာတွင်မဆို ဆေးလိပ်သောက်မှုကို ကန့်သတ်ပိတ်ပင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ကြိုးပမ်း

ကမ္ဘာ့မိသားစု အဖွဲ့အစည်းဖြစ်သော ကုလသမဂ္ဂသည် ဆေးလိပ်သောက်မှုကို ကန့်သတ်ပိတ်ပင်နိုင်ရန် ယခင်ကာလများကလည်း ကြိုးပမ်းမှုများရှိခဲ့သည်။

ကုလသမဂ္ဂသည် နယူးယောက်မြို့၏ ဆေးလိပ်တိုက်ဖျက်ရေး ဥပဒေသစ် အာဏာသက်ဝင်မှုတွင် အကျုံးဝင်ရန် ယခုတစ်ကြိမ် ကြိုးပမ်းလာပြန်သော်လည်း ကုလသမဂ္ဂရှိ သံအမတ်ကြီးအချို့မှာ ဆေးလိပ်ကို လက်မှ မချနိုင်သူများဖြစ်ကြသဖြင့် ၎င်းတို့သည် ဆေးလိပ်သောက်မှု ပိတ်ပင်ချက်များကို ချိုးဖောက်သူများဖြစ်ခဲ့ကြသည်။

လိုက်နာရန်လိုအပ်

ကုလသမဂ္ဂသည် အိမ်ရှင်နိုင်ငံနှင့် ရရှိခဲ့သည့် သဘောတူညီချက်အရ အိမ်ရှင်နိုင်ငံတွင် ပြဋ္ဌာန်းသော ဥပဒေအရပ်ရပ်ကို လိုက်နာရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ နယူးယောက်မြို့၏ ဆေးလိပ်သောက်မှုပိတ်ပင်ရေး ဥပဒေအာဏာသက်ဝင်ရေးအတွက် ကုလသမဂ္ဂအနေဖြင့် လိုအပ်သည့် အစီအစဉ်များအား ရေးဆွဲချမှတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဟွာကျင်းက ပြောကြားသည်။

နယူးယောက်မြို့သည် မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘတ်ဂ်၏ တွန်းအားပေးမှုဖြင့် ဆေးလိပ်သောက်မှု ဆန့်ကျင်ရေးဥပဒေတစ်ရပ်ကို ယခုနှစ်ဆန်းမှစ၍ စတင်အာဏာသက်ဝင်စေလျက်ရှိသည်။

မြို့တော်ဝန်ဘလွန်းဘတ်ဂ်သည် ယခင်က ဆေးလိပ်သောက်သုံးသူတစ်ဦးဖြစ်ခဲ့ပြီး အရက်ဆိုင်များနှင့် စားသောက်ဆိုင်များ အပါအဝင် အများပြည်သူစုဝေးရာလုပ်ငန်းဌာနနေရာအားလုံးနီးပါးတွင် ဆေးလိပ်သောက်မှုမပြုရန် ဥပဒေရေးဆွဲပြဋ္ဌာန်းစေခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဘတ်စ်ကား မြစ်ထဲထိုးကျ လူ ၄၀ ဦး သေဆုံးနိုင်ဖွယ်ရှိ

နယူးဒေလီ   ဩဂုတ်   ၃၁

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသတွင် ဘတ်စ်ကားတစ်စီး ရေလျှံနေသည့် မြစ်တစ်ခုအတွင်း စနေနေ့က ထိုးဆင်းသွားရာ လူ ၄၀ ဦး သေဆုံးနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အဆိုပါ ဘက်စ်ကားသည် ဆာဆာမြစ်အတွင်း ထိုးကျသွားခြင်းဖြစ်ကြောင်း၊ ယင်းကားပေါ်တွင် ခရီးသည် ၄၀ ဦးကျော် လိုက်ပါလာကြကြောင်း၊ ခရီးသည်ဦးရေ ၎င်းထက်များနိုင်ကြောင်း ခရိုင်မှတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်၏မြို့တော် ဆင်းမလားမြို့ အနောက်တောင်ပိုင်း မိုင် ၆၀ အကွာရှိ နာလာဂါဒေသ ဟိမဝန္တာတောင်ခြေတွင် မောင်းနှင်လာရာ ယာဉ်မောင်းသူသည် အရှိန်မထိန်းနိုင်ဖြစ်ပြီး မြစ်အတွင်းကျသွားခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဆန္ဒပြပွဲကျင်းပ

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ဗုံးပေါက်ကွဲမှုအား ပြစ်တင်ရှုတ်ချရန် ဩဂုတ် ၃၁ရက်က ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ရိုးယားမွတ်စလင်များ လမ်းမပေါ်ထွက်၍ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲ ကျင်းပစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမျိုးသားမာန် ကိုယ်ပိုင်ဟန်နှင့် ဆိုသံ၊ ကသံ၊ တီးမှုတ်သံ

ခြင်ကျား (မအူပင်)

စာရေးသူ၏နေအိမ်တွင် ဗွီစီဒီကိုဖွင့်နားထောင်သည့်အခါမျိုးတွင် မိသားစုတစ်စုတည်း၌ပင် အကြိုက်မတူသဖြင့် သီးခြားခွဲလျက် နားဆင်ကြရသည်။ စာရေးသူနှင့်ဇနီးက ကာလပေါ်တေးများကိုနှစ်သက်၍ သမီးက ပူပူဆူဆူ ခေတ်လွန်တေးများကို ကြိုက်သည်။ ထို့ပြင် တစ်နှစ်က စာရေးသူတို့မြို့ ဘုရားပွဲတွင် မန္တလေးဇာတ်ပွဲတစ်ခု ငှားရမ်းကပြရာ ဘုရားပွဲဇာတ်ရုံနှင့် နေအိမ်နီးသောကြောင့် ဇာတ်ပွဲမှအသံများကို တစ်ညလုံးကြားနေရသည်။ စတိတ်ရှိုး၊ ပြဇာတ်၊ နှစ်ပါးသွားသာပါ၍ နောက်ပိုင်းဇာတ်ထုပ်မပါကြောင်း ကြားရသည်။ စတိတ်ရှိုးနှင့် ပြဇာတ်တွင် အနောက်တိုင်းတေးဂီတသွားသည်ကို မပြောလိုသော်လည်း နှစ်ပါးခွင်၌ မြန်မာ့ရိုးရာ မြိုင်ထ၊ နှစ်ပါးကြည်တေးများနှင့် မသွားဘဲ ခေတ်လွန်တေးများကို အနောက်တိုင်းတူရိယာဖြင့် နှစ်ပါးသွားခြင်းမှာ မဖြစ်သင့်သောကိစ္စဟု သုံးသပ်မိသည်။ နိုင်ငံတော်မှ ဦးဆောင်၍ **အဆို၊ အက၊ အရေး၊ အတီး** ပြိုင်ပွဲများသာ နှစ်စဉ်မကျင်းပခဲ့ပါက အိမ်တွင်း၊အိမ်ပြင် မြန်မာ့ယဉ်ကျေးမှုများ အရိပ်အယောင်မျှ တွေ့နိုင်တော့မည်မဟုတ်ဟုတွေး၍ စိုးရိမ်စိတ်များ ဝင်လာခဲ့မိပါသည်။

မြန်မာတို့၏ အနုသုခုမပညာဖြစ်သော အဆို၊ အက၊ အရေး၊ အတီးပညာသည် မြန်မာ့သမိုင်းဦးကာလဖြစ်သော ၈ ရာစုနှစ် (ပျူ) ခေတ်ကပင်လျှင် အမျိုးသားမာန် ကိုယ်ပိုင်ဟန်ဖြင့် စတင်ထွန်းကားခဲ့သည်။ ၈၀၁-၈၀၂ ခုနှစ်တွင် အိမ်နီးချင်း တရုတ်ဘုရင် ထင်မင်း၏ နန်းတော်သို့ ပျူမင်းတစ်ပါး၏ ချစ်ကြည်ရေးအဖွဲ့တစ်ဖွဲ့ရောက်ရှိခဲ့သည်။ ထိုအခါက အနုသုခုမပညာသည် ၃၅ဦးနှင့်အတူ သတ္တု၊ ကနကမာ၊ ဝါး၊ ဘူး၊ ကြိုး၊ သားရေ၊ ဦးချို၊ ဆင်စွယ်စသော ပစ္စည်းရှစ်မျိုးဖြင့် ပြုလုပ်ထားသော တူရိယာပစ္စည်းများ ပါသွားကြသည်ဟု သိရသည်။

တူရိယာအမျိုးအစားများမှာ သတ္တုဖြင့်ပြုလုပ်သော တူရိယာနှစ်မျိုး၊ကနကမာဖြင့်ပြုလုပ်သော တူရိယာ တစ်မျိုး၊ ဆင်စွယ်ဖြင့်ပြုလုပ်သော တူရိယာတစ်မျိုးနှင့် ဘူးအိုးဖြင့်ပြုလုပ်သော တူရိယာနှစ်မျိုးတို့ ပါဝင်သည်ဟု ဆို၏။ ကြိုးတပ်တူရိယာများတွင် **မီချောင်းပီပ**ဟုခေါ်သော တရုတ်မယ်ဒလင်ကဲ့သို့ ထိပ်တွင် နဂါးခေါင်းထုထားသော ကြိုးသုံးချောင်းတပ် ဗျတ်စောင်း၊ ဘူးအိုးဖြင့် ကြိုးနှစ်ချောင်းတပ် ဘင်ဂျိုတူရိယာ၊ ဘူးအိုးဖြင့် ကြိုးတစ်ချောင်းတပ် ဗျတ်စောင်းနှင့် ကြိုးဆယ်ချောင်းတပ် စောင်းပြားများ စုစုပေါင်း တူရိယာပစ္စည်း ၂၂မျိုး ပါရှိကြောင်း ဆိုထားသည်။

လေမှုတ်တူရိယာများမှာ ဆင်စွယ်ဖြင့်ပြုလုပ်သော လက်ပေါက်ခြောက်ပေါက်ပါ ကန့်လန့်ဖြတ် ပြွေ၊ ဝါးချောင်း ၁၆ ချောင်းပါသော ငြင်း၊ ကျွဲချိုသုံးချောင်းဖြင့် တပ်ဆင်ထားသောငြင်း၊ ကျွဲချိုနှစ်ချောင်းဖြင့် တပ်ထားသောငြင်းနှင့် ခရုသင်းများ ပါဝင်ခဲ့သည်။ ထို့ပြင် စည်း၊ ချပ်၊ စည်နှင့် ပလုတ်တူရိယာများ ပါဝင်သည်ဟု ဆိုပေသည်။

တရုတ် ထန်ရာဇဝင်မှတ်တမ်းများအရ သမိုင်းမတင်မီခေတ်ဦးကာလ (ပျူခေတ်)ကပင် မြန်မာ့ယဉ်ကျေးမှု အငုံအဖူးများဖြစ်သော အဆို၊ အက၊ အရေး၊ အတီးပညာရပ်များ စွမ်းသန်ခဲ့ကြောင်း သိရပေသည်။

ယခုအခါ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးဆောင်၍ **မြန်မာ့ရိုးရာ တူရိယာပစ္စည်းပြပွဲ**ကို ၂၀၀၃ ခုနှစ် ဩဂုတ်လ ၉ ရက်မှ ၂၂ ရက်နေ့အထိ ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ခင်းကျင်းပြသခဲ့သည်။ မြန်မာ့ရိုးရာ တူရိယာပစ္စည်းများကို မျိုးဆက်သစ်လူငယ်များ ကြည့်ရှုလေ့လာနိုင်ကြစေရန်၊ မြန်မာ့ရိုးရာ တူရိယာပစ္စည်းများ တီးခတ်အသုံးပြုပုံကို လေ့လာသိရှိနိုင်ကြစေရန်၊ တိုင်းရင်းသားရိုးရာ တူရိယာပစ္စည်းများကို တစ်နေရာတည်းတွင် စုစည်းပြသ ကြည့်ရှုလေ့လာနိုင်ကြစေရန်နှင့် ဧကာဒသမအကြိမ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကြိုဆိုအားပေးလှုံ့ဆော်မှုပြုရန်ဟူသော ဦးတည်ချက်လေးရပ်ဖြင့် ကျင်းပခဲ့ပေသည်။

ပျူစောထီးမင်း နန်းတက်ပွဲအခမ်းအနားတွင် စောင်းတူရိယာ တီးခဲ့ကြခြင်းနှင့် အလောင်းစည်သူမင်းကြီးနှင့် မိဖုရားကြီးလေးပါးတို့ကို နန်းဆောင်များ၌ မိန်းမစည်၊ မိန်းမပတ်၊ မိန်းမစောင်း၊ မိန်းမငြင်းတို့ဖြင့် မပြတ်ဖြေဖျော်ကြရခြင်းကို မှန်နန်းရာဇဝင်တော်ကြီး ပထမအုပ်တွင် ပါရှိခဲ့သည်။ သို့ဖြစ်ရာ ပျူခေတ်မှသည် သရေခေတ္တရာခေတ်တွင် အခြေတည်ခဲ့ကြသော မြန်မာ့ အဆို၊ အက၊ အရေး၊ အတီးပညာရပ်နှင့် မြန်မာ့တူရိယာပစ္စည်းများသည် ပုဂံခေတ်တွင် ပိုမိုခိုင်မာစွာ ဖြစ်ထွန်းလာပြီဟု မှတ်ယူရမည်ဖြစ်ပေသည်။

ပုဂံခေတ် ငွေကြေးတတ်နိုင်သူ အလှူရှင်များသည် ဘုရားကို အလှူပြုရာတွင် ဘုရားကျွန်ကိုသာမက တူရိယာပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း ပုဂံခေတ် ၅၅၂ ခုနှစ်ထိုး ကြံသိုင်းကြီးသမီးကျောက်စာ၊ ၅၅၈ ခုနှစ်ထိုး ဖုန်းသည်ဖေယျသိန်ကျောက်စာ၊ ၆၀၃ ခုနှစ်ထိုး မိဖုရားစော (မြောက်ကူနီဘုရား) ကျောက်စာတို့တွင် တွေ့ရှိရပေသည်။

တောင်ကူနီဘုရားကျောက်စာ အလှူရှင်သိင်္ဃသူအမတ်ကြီးသည် နရည်းစရာရှစ်ချပ်၊ နောင်နင်းကိုးချပ်၊ ခွက်ခွင်းသုံးဆူ၊ ချပ်သုံးဆူစသည့် တူရိယာပစ္စည်းများကို ဘုရား၌လှူဒါန်း၍ **စည်ငြင်းဖြင့် နိုးထသော စည်းစိမ်ကိုလိုရကား** ဟု ရေးထိုးခဲ့လေသည်။ ဤကား ပုဂံသားတို့၏ **အမျိုးသားမာန် ကိုယ်ပိုင်ဟန်**ဖြင့် ရှိခဲ့သော အဆို၊ အက၊ အရေး၊ အတီးပညာကို ခံမင်မြတ်နိုးမှုအား ပြဆိုခဲ့ခြင်း ဖြစ်လေသည်။

မအူပင်မြို့နယ် မလက်တိုကျေးရွာသား သတင်းစာဆရာကြီး ဦးသိန်းမောင်၏ ပုဂံခေတ်ယဉ်ကျေးမှုကျမ်းတွင် ပုဂံခေတ်က အလှူအတန်းများတွင် အတီး၊ အမှုတ်၊ အက၊ အခုန်များ ပါရှိခဲ့ကြောင်း ဖွင့်ဆိုထားပေသည်။ ၅၃၆ ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းလက်ထက်တွင် သီဟိုဠ်မှ **ဆပဒ** အရှင်မြတ်သည် အရှင်ရာဟုလာ၊ အရှင်သီဝလိ၊ အရှင်ကာမလိန္ဒ၊ အရှင်အာနန္ဒာတို့ကို မင်းနှင့်ပြည်သူက အတီး၊ အမှုတ်၊ အက၊ အခုန်များနှင့် ကြိုဆိုခဲ့ကြသည်။ လင်္ကာဒီပကျွန်းသား အရှင်ရာဟုလာသည် ကခြေသည်တစ်ဦးကို စွဲလမ်းနှစ်သက်မိသဖြင့် သင်္ကန်းကို ချွတ်မည်ဆိုသဖြင့် ဆပဒမထေရ် ဦးဆောင်သော ကျန်အရှင်မြတ်တို့က ရာမညတိုင်းမှ သင်္ဘောဖြင့် မလယဒီပကျွန်းသို့ ပြန်ပို့ခဲ့ရဖူးကြောင်း ရေးသားထားလေသည်။

၇၀၄-၇၁၂ ခုနှစ် မြင်စိုင်းခေတ်တွင် ပုဂံခေတ်က ထွန်းကားစည်ပင်ခဲ့သော အဆို၊ အက၊ အရေး၊ အတီးပညာသည် အလျင်အဟုန် မပျက်ခဲ့ဘဲ နယ်ချဲ့(မွန်ဂို)တို့၏ အမျိုးသားရန်ကို အဆို၊ အက၊ အရေး၊ အတီးပညာဖြင့် တွန်းလှန်ခဲ့သည်ကို တွေ့ရသည်။ လက်တစ်ဖက်က **ကာ**၊ ကျန်လက်တစ်ဖက်က လှံ၊ ဓားကိုင်၍ အတိုင်အဖောက် သီဆိုကခုန်သော **ကာချင်း**သည် မြန်မာစစ်ချီတေးအဖြစ် ပင်းယခေတ်၌ ထင်ရှားခဲ့ဖူးသည်။ မြင်စိုင်း (ပင်းယ) ခေတ်တွင် သီဟသူ၏သားတော် ကျော်စွာမင်းသည် ငါးစီးရှင်ကျော်စွာဘွဲ့ကို ခံယူလျက် ကိုယ်တော်တိုင် ကာသီချင်းများ သီဆိုလျက် (ကာ) ကတော်မူခဲ့ဖူးသည်။

အင်းဝခေတ်တွင် သီဆိုဖွဲ့နွဲ့မှုတို့သာမက တီးမှုတ်ကခုန်မှုများ ပိုမိုထွန်းကားလာခဲ့ပေသည်။ ထိုသို့ထွန်းကားလာခဲ့ကြောင်း ပုဂံမြို့ စူဠာမဏိဘုရားတွင် အင်းဝခေတ် ရေးထိုးသော နံရံဆေးရေးပန်းချီဖြစ်သည့် တစ်ပင်တိုင်ကဟန်၊ အင်းဝခေတ်ရေး ခမ္ဘရာသီပျို့၌ **ပွဲမျိုးရှိရာ၊ ဖွေရှာတီးမှုတ်၊ သောက်တုတ်လှည့်လည်၊ အငြိမ့်သည်** ဟု စပ်ဆိုချက်၊ ရုပ်သေးစတင် ပေါ်ပေါက်ကြောင်း ရှင်မဟာရဋ္ဌသာရဆရာတော်၏ ဘူရိဒတ်လင်္ကာနှင့် သံဝရပျို့၊ အင်းဝခေတ်ရေး သမပိုက်ပျို့တို့က သက်သေပြုနေပေသည်။ ထို့ပြင် အင်းဝခေတ်ရေး သုဝဏ္ဏသျှံ သုဌေးခန်းပျို့တွင် **မျောက်ဟနုမာန်၊ ကျမ်းဂန်မညီ၊ ဒဏ္ဍာရီနှင့်** ဟူသော အဖွဲ့က ရာမဇာတ်ကပြနေကြောင်း ဖော်ပြထားလေသည်။

လောကဗျူဟာ အင်ရုံစာတမ်းတွင် အင်းဝ ရာဇမဏိစူဠာဘုရားဒါယကာမင်းက ညီတော်မင်းရဲကျော်စွာ၊ မင်းရဲကျော်ထင်၊ မိဖုရား၊ မြင်းသည်မင်းသား၊ မင်းသား မြင်းမှူးနှင့် ရှမ်းစော်ဘွားတို့အား စည်၊ ပုံသာ၊ စည်ပုတ်၊ လင်းကွင်း၊ နှဲ၊ ခရာစသော တူရိယာပစ္စည်းများ လက်ဆောင်ပေးကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ထိုကျမ်း၌ပင် အင်းဝခေတ်၌ မွန်ဆိုင်း၊ မြန်မာဆိုင်းများ ထွန်းကားခဲ့ပြီး မိဖုရားများ ဖွားမြင်သည့်အခါနှင့် မင်းသားများ မသာတော်အခမ်းအနားများ၌လည်း ပတ်တဆိုင်း၊ စည်တဆိုင်းတီး သဂြိုဟ်လေ့ရှိကြောင်း ဖော်ပြထားလေသည်။

ဤသို့ဖြင့် အဆို၊ အက၊ အရေး၊ အတီးပညာသည် ပျူခေတ်မှသည် အင်းဝခေတ်တိုင် တစ်ခေတ်ကို တစ်ခေတ်က ကြိုရင်း တစ်စတစ်စ ပီပြင်တိုးတက်လာပြီး ညောင်ရမ်းခေတ်နှင့် ကုန်းဘောင် ခေတ်တို့တွင် အမြင့်ဆုံး **မြန်မာ့မျိုးမာန် ကိုယ်ပိုင်ဟန်**ဖြင့် ဖြစ်ထွန်းခဲ့လေသည်။

ကုန်းဘောင်ခေတ်တွင် **မြေဝိုင်းသဘင်** ပိုမိုထွန်းကားလာခဲ့သည်ဟု ဆိုရပေမည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်မတိုင်မီ ထွန်းကားခဲ့သော **ပုံရှည်** အကမှသည် စဉ့်ကူးမင်းနောက် ဘကြီးတော်နှင့် ဘိုးတော်ဘုရားလက်ထက်တွင် အတီးအမှုတ်တူရိယာ စုံလင်စွာပေါ်ထွန်း၍ ပြင်စည်မင်းသား၊ မြဝတီမင်းကြီးဦးစ၊ အခြားဂီတပညာရှင်ကြီးများ၏ လုံ့လဥဿာဟကြောင့် ခမ်းနားသော အီနောင်၊ ရာမ သင်္ချပတ္တ၊ မဏိကက်စသည့် နန်းတွင်းဇာတ်တော်ကြီးများ ကပြနိုင်ခဲ့ကြသည်။

မြေဝိုင်းသဘင်ခေတ်တွင် မြန်မာ အဆို၊ အကပညာရှင်များ မြောက်မြားစွာ ပေါ်ပေါက်ခဲ့ ပြီး **ဆရာမွှန်း** ဟူသော ပုဂ္ဂိုလ်တစ်ဦးမှာ သေတ္တာမှောက်ဆရာကြီး စွယ်စုံဆရာမွှန်းဟု ယနေ့တိုင် တမ်းတမဆုံးရှိခဲ့သူတစ်ယောက်အဖြစ် ပေါ်ပေါက်ခဲ့ဖူးသည်။ ၁၂၄၂ ခုနှစ်တွင် မန်းနေပြည်တော်သို့ ကပြရန်ရောက်ရှိသော ဆရာမွှန်းအား သီပေါမင်းကကောက်ယူကာ သဘင်ပညာရှင်အဖြစ်ဖြင့် သဘင်ပညာသည်များအား သင်ကြားပြသစေခဲ့သည်။ ဆရာမွှန်းသည် ကုန်းဘောင်ခေတ်နှောင်းခေတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာကို မျိုးဆက်သစ်တို့အား လက်ဆင့်ကမ်းအမွေပေးခဲ့လေသည်။

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာတွင် ရုပ်သေးပညာသည် ကမ္ဘာ့ရုပ်သေးပညာထက် ဆန်းပြားသော ပညာရပ်တစ်ခုဖြစ်သည်။ ကြိုးကိုစေစား၍ လူသားကို ကပြသော သုခုမအကပညာနှင့် ထပ်တူထပ်မျှရှိစေရန် ဖန်တီးမှုမှာ နိုင်ငံတကာ ရုပ်သေးပညာထက် ထူးခြားသာလွန်မှုရှိခဲ့သည်။

ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက်တွင် သဘင်ဝန်ဦးဝန်က **ရုပ်စုံအစ၊ ကျုံးသုံးတန်းနှင့် ပုဂံက** ဟုဆိုထားခဲ့သည်။ ယဉ်ကျေးမှုစာစောင်အတွဲ ၄၊ အမှတ် ၁တွင် ဦးကျော်မြသောင်းက ပုဂံဘုရင်အနော်ရထာမင်းသည် အဘိဓမ္မာတတ်ကျွမ်းသူများ၊ ဂီတနှင့် သဘင်ပညာ နားလည်သူများအား စည်းဝေးစေကာ ရုပ်စုံနှင့်ဆိုင်းဝိုင်းကို တီထွင်စေသည်ဟု ဖော်ပြထားသည်။ ထို့ပြင် သဘင်ဝန်ဦးနု၏ အလိုအရ ရုပ်စုံသဘင်(ဝါ)အမြင့်သဘင်သည် ဘကြီးတော်ဘုရားလက်ထက် သဘင်ဝန်ဦးသော်နှင့် မြဝတီဝန်ကြီးဦးစတို့၏ အစီအမံဖြင့် ပိုမိုတိုးတက်လာသည်ဟုဆိုခဲ့သည်။

ခက်ခဲနက်နဲ၍ နူးညံ့သိမ်မွေ့သော မြန်မာ့ရုပ်စုံပညာသည် နယ်ချဲ့ခေတ်ရောက်သောအခါ မှေးမှိန်ပျက်စီးရန် ဖန်တီးလာသည်။ **ဟိမဝန္တာခန်း**ဟုခေါ်သော ရုပ်သေးခန်းတွင် ဘောကန်သော အရုပ်၊ ကာကီယူနီဖောင်းဝတ် အင်္ဂလိပ်မှဆိုးနှင့် ကျားရဲရုပ်၊ အင်္ဂလိပ်မရုပ်၊ သင်္ဘောခွေးရုပ်များ တိုးဖောက်စင်တင်လာခဲ့သည်။ နောက်ပိုင်း နယ်ချဲ့အစိုးရ၏ အားပေးကူညီမှုမရှိသောကြောင့် ၁၃၁၂ ခုနှစ်တွင် တစ်စတစ်စ မှေးမှိန်ကွယ်ပျောက်ခဲ့ရလေသည်။

မင်းတုန်းမင်းလက်ထက် ၁၂၃၅ ခု တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့ထုတ် သံတော်ဆင့်သတင်းစာတွင် **၅၀ သောသူတို့ ကခုန်မည့်အကြောင်း** ခေါင်းစီးဖြင့် ဇာတ်သဘင်ပညာရှင်များ၏ ဝတ်စုံကိရိယာ ချုပ်လုပ်မှုကို ဖော်ပြထားသည်။ ရတနာပုံခေတ် အဆို၊ အက၊ အရေး၊ အတီးပညာသည် မြန်မာမျိုးမာန် ကိုယ်ပိုင်ဟန်နှင့် ခိုင်မာစွာဖြစ်ထွန်းခဲ့ပြီဟုဆိုရပေမည်။

ရတနာပုံခေတ်တွင် စည်ပင်ပွင့်လန်းလာသော မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာသည် နယ်ချဲ့ခေတ်ရောက်သောအခါ ရတနာဂီရိ အကျဉ်းစံ သီပေါမင်း၏ သမီးတော်များ နားထွင်းပွဲကို ဖြေဖျော်ရန်အတွက် အင်္ဂလိပ်အစိုးရထံ ခွင့်ပန်ခဲ့ရလေသည်။ ၁၂၇၃ ခုနှစ်တွင် ဝက်မစွတ်ဝန်ကြီးကွပ်ကဲသော မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာရှင်များ ရတနာဂီရိသို့ သွားရောက်ခွင့်ရရှိခဲ့ပြီး အကျဉ်းစံအရှင်နှစ်ပါး၏ သမီးတော်များ နားထွင်းပွဲ၌ ဖြေဖျော်ခွင့်ရခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် ရတနာပုံခေတ်အဆို၊အက၊အရေး၊ အတီးပညာရှင်များ၏ မျိုးဆက်ကိုခံယူ၍ မြေဝိုင်းသဘင်အဆင့်မှ **စင်မြင့်ဇာတ်သဘင်**သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းခဲ့ကြသော မြန်မာ့သုခုမပညာရှင်များအား ဂုဏ်ပြုအလေးအမြတ်ထားအပ်ပါသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ အားပေးချီးမြှောက်မှုမရှိသည့် ကာလတွင် မြန်မာ့အနုသုခုမပညာကို ကမ္ဘာ့အဆင့်မီ ဇာတ်ခုံပေါ်တင်ခဲ့သော မြန်မာ့မျိုးမာန် ကိုယ်ပိုင်ဟန်ကို ထိန်းသိမ်းခဲ့သူများ၏ ကျေးဇူးကား ကြီးမားလှပါပေသည်။

ဘိလပ်ပိုင်မိန့်တော်ရင်းရယ်နှင့်၊ မြစ်တွင်းမှာအောင်လံထူ၍၊ လွယ်တကူရှင်နှစ်ပါးကိုလ၊ ကြယ်ဥက္ကာ နိမိတ်များယယ်ရယ်နှင့်၊ တက်သွား၍ ဆောင်တွင်းမှာ၊ လောင်ပြင်းစွာပ ပြည်သူအပေါင်း၊ ဆောင်ကြဉ်းလာသမျှ သည်ရေကြောင်း။

ဤသို့ သီပေါမင်းပါတော်မူ၍ မကြာမီ ဇာတ်သဘင်ပညာရှင် မဒီကိုင်ဦးဖူးညိုက စင်တော်ကြီးပေါ်မှ ပွဲကြည့်ပရိသတ်များကို ဇာတိမာန်တေးဆို၍ မျိုးချစ်စိတ်ကို တပ်လှန့်နှိုးဆော်ခဲ့သည်။

ထို့ပြင် ဦးဖူးညို၊ သံချိုကိုင်ဦးကျော်လှတို့ကဲ့သို့ **ကျပင်းဆရာဖီး** ကလည်း **လူကလေးခေါ်တာက၊ မျှော်၍စဉ်းစား၊ဟိတ်ဟန်အကြီး၊ ဉာဏ်သိပ်သည်းသောကြောင့်၊ နှာနိပ်ပြီးထားခဲ့တယ်၊ စကားနှင့်အဆုံး၊ မဆင်မခြင်၊ ထင်အမြင်နှင့်သခင်လို့သုံးခဲ့ကြ၊ နှံ့စုံးစုံးနစ်၊ ကျွန်လုံးလုံးဖြစ်ခဲ့ရ** ဟု ရေးသားပြီး နယ်ချဲ့လက်အောက်ရောက် ပြည်သူများကို ဇာတိမာန် နှိုးဆော်ပေးခဲ့ဖူးသည်။

အလင်္ကာကျော်စွာ ဆရာကြီးဦးစံခိုက ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ သရုပ်ကို **ရန်မရှည်ရအောင်၊ ဂျပန်တွေတော်လှန်ပစ်တုန်းကများ၊ ဒေါ်မန်စမစ်ဘုရင်နှင့်၊ ဟိုအင်္ဂလန်ကပါ ဗမာအစွမ်းဆုံးဟာတဲ့**ဟု ဖွဲ့သီ၍ အမျိုးသားလွတ်မြောက်ရေးကို တပ်လှန့်ပေးခဲ့ဖူးသည်။

ဆရာကြီးသည် **မမြင်သူဘယ်သူရှိပါ့၊ တေဇဝီ္တအင်္ဂါ၊ အရှက်ကိုမဖုံးပါပြီ၊ မယ်ဗလာစံပြ**ဟု အစချီသောတေးထပ်ကိုရေးလျက် နယ်ချဲ့ခေတ် ဇာတ်သဘင်နှင့် ယှဉ်၍ ရုံးသွင်းတင်ဆက်သော **မယ်ဗမာပြပွဲ** ကို မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်ကြောင်းရေးစပ်ကာ မြန်မာယဉ်ကျေးမှုကို မြတ်နိုးတွယ်တာစိတ်အား လှုံ့ဆော်ပေးခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရပြီး ခေတ်တစ်လျှောက်လုံးတွင် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာကို အမျိုးသားမာန် ကိုယ်ပိုင်ဟန်ဖြင့် တည်တံ့စေရန် ထိန်းသိမ်းခဲ့ကြသော မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာရှင်များ၏ ကျေးဇူးသည်လည်း ကြီးမားလှပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ဖော်ပြပါသမိုင်းအစဉ်အလာကပင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပွားစီးစည်ပင်ရန် ပျိုးထောင်မှုတို့တွင် ကောင်းမြတ်သော အစဉ်အလာများရှိခဲ့သော နိုင်ငံဖြစ်ကြောင်း ဖော်ပြနေပေသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ယဉ်ကျေးမှုချင်း ကူးလူးဆက်ဆံမှုရှိခဲ့သော်လည်း တိုင်းတစ်ပါး၏ ကျူးကျော်ကျွန်ပြုမှုအောက် ကျရောက်ခဲ့သော်လည်း မိမိတို့၏ ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာမပျက်ယွင်းစေဘဲ ထိန်းသိမ်းနိုင်ခဲ့သော အစဉ်အလာကောင်းရှိခဲ့လေသည်။

ယနေ့နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာရပ်များ၊ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာရပ်များ တိုးတက်ပြောင်းလဲလာမှုနှင့်အတူ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ လွန်ကဲစွာလွှမ်းမိုးလာသည်ကိုတွေ့ရသည်။ ဓနအင်အားနှင့် နည်းပညာသာလွန်သော နိုင်ငံကြီးအချို့က Mediaစွမ်းအားဖြင့် တစ်ကမ္ဘာလုံး လွှမ်းခြုံပြီး ၎င်းတို့၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ လူမှုတန်ဖိုးများကို ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ထိုးဖောက်လွှမ်းမိုးခြင်းဖြင့် ကိုလိုနီလက်သစ်ဝါဒကို တည်ဆောက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မပျက် ကျင်းပခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ၏ ကျေးဇူးကြောင့် မြန်မာလူငယ်များ အကြားတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ လေ့လာလိုက်စားမှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို ထိန်းသိမ်းမြှင့်တင်နေသည့် အနုပညာရှင်တို့ တိုးပွားပေါ်ထွန်းနေမှုများ၊ ဝတ်စားဆင်ယင်မှု ပြုမူနေထိုင်မှုကအစ မြန်မာပီသသော ယဉ်ကျေးသိမ်မွေ့သည့် အမူအကျင့်များကို လေးစားနာယူကျင့်ကြံကြသည့် အမျိုးသား၊အမျိုးသမီးငယ်များ တိုးပွားပေါ်ထွန်းလာမှုများမှာ အားရကျေနပ်ဖွယ် မြင်တွေ့နေရပါသည်။

သို့ရာတွင် ပြည်ပကိုအားကျမျှော်ကိုးပြီး အနောက်နိုင်ငံများ၏ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် လူမှုတန်ဖိုးများကို မြတ်နိုးကာ အနောက်တိုင်းယဉ်ကျေးမှု အစဉ်အလာများကို လိုက်ပါကျင့်ကြံ လုပ်ဆောင်နေသူများရှိနေသေးကြောင်းလည်း တွေ့မြင်နေရပေသည်။ ပင်ကိုဗီဇ အမျိုးနှင့် ယဉ်ကျေးမှုထိန်းသိမ်းရန် အားနည်းသူအချို့၏ စည်းရုံးသိမ်းသွင်းမှုကြောင့် နုနယ်သော လူ့စွမ်းအားအရင်းအမြစ်များ အနောက်လေတွင် ယိမ်းပါးမသွားစေရန် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားမာန် ကိုယ်ပိုင်ဟန် မကျိုးမပျက်စေရန် ရည်ရွယ်ကျင်းပသော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ၂၀၀၃ ခုနှစ်တွင် ဧကာဒသမသို့ တိုင်ခဲ့ပေပြီ။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ တစ်နှစ်ထက်တစ်နှစ် အောင်မြင်ဖြစ်ထွန်းလာသည်မှာ မည်သူမျှ မငြင်းနိုင်ကြောင်း၊ အထူးသဖြင့် ကျောင်းသူ၊ ကျောင်းသား လူငယ်များအသိုင်းအဝိုင်းကြားတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ထွန်းကားပြန့်ပွားလာသည်ကို အထင်အရှားတွေ့မြင်နေရပြီဖြစ်ကြောင်း၊ သို့ရာတွင် အနောက်တိုင်းယဉ်ကျေးမှု ထိုးဖောက်ရောယှက် ဝင်ရောက်မှုများ ရှိနေဆဲဖြစ်ရာ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်သည့် ပြိုင်ပွဲကြီးများဖြင့်သော်လည်းကောင်း၊ အမျိုးသမီးကဏ္ဍ၊ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလှုပ်ရှားမှုများတွင်သော်လည်းကောင်း၊ လူထုဆက်သွယ်ပြန်ကြားရေး နည်းလမ်းများဖြင့်သော်လည်းကောင်း ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးကို ဟန်ချက်ညီညီဖြင့် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြမှသာ တဖြည်းဖြည်းဖြင့် တိုင်းတစ်ပါး ယဉ်ကျေးမှု ထိုးဖောက်မှုများ လျော့ပါးပျောက်ကွယ်သွားမှာ ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က ဧကာဒသမအကြိမ် (၁၁)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမြော်အမြင်ကြီးမားစွာ လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

ခန္ဓာကိုယ်တွေ့အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၁

သဲအင်းဂူဆရာတော်ကြီး၏ တပည့်၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ဝိုင်းရှိ သဲအင်းဂူဓမ္မရောင်ခြည်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍာဝ အရှင်သူမြတ်သည် တတိယအကြိမ် ခန္ဓာကိုယ်တွေ့ အဓိဋ္ဌာန်ခုနစ်ရက် တရားစခန်းပွဲကို စက်တင်ဘာ ၄ ရက်မှ ၁၀ရက်ထိ ကျင်းပမည်ဖြစ်သည်။ စခန်းပွဲဝင် ဓမ္မမိတ်ဆွေ ယောဂီတို့အား အကျိုးတော်ဆောင်အဖွဲ့မှ ကျွေးမွေးလှူဒါန်းမည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အစဉ်သင်ယူမှုရှိသည့် မြန်မာ့လူ့အဖွဲ့အစည်း ပေါ်ထွန်းရေးဆီသို့

တက္ကသိုလ်တင်အောင်

မြန်မာနိုင်ငံ၌ စာတတ်မြောက်ရေး လှုပ်ရှားမှုကို ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာမြို့နယ် အရှေ့စံပြ ကျေးရွာ၌ တစ်လကြာ အသုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းဖြင့် စတင်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ "စာတတ်မြောက်ရေးနေ့"ဟူ၍မူ ၁၉၆၇ ခုနှစ်တွင်မှ စတင်ကျင်းပခဲ့သည်။ ယမန်နှစ်(၃၅)နှစ်မြောက် စာတတ်မြောက်ရေးအခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခုဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။ ယခုနှစ်တွင်လည်း အနှစ်သာရနှင့် ပြည့်ဝသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ကျင်းပနိုင်စေရန် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိသည်မှာ အားရဖွယ်ကောင်းလှသည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်သိက္ခာမြင့်မားမှုပေါ်ကို ပေါ်လွင်စေမှာအမှန်ပင်။

စာတတ်မြောက်ရေး (Literacy)ဆိုသည့် စကားရပ်၏ ဆိုလိုရင်းမှာ အရေး၊ အဖတ်နှင့် အတွက်ဟူသည့် ကျွမ်းကျင်မှုသုံးခုတတ်မြောက်ခြင်းပင်ဖြစ်သည်။ နိုင်ငံတကာက အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ Literacy means ability to read and write with comprehension as well as to make simple arithmetical caculations (numeracy)ဟူ၍ ဖော်ပြထားသည်။

အတိတ်က ကုန်လွန်ခဲ့သောနှစ်များကို ပြန်ပြောင်းလှမ်းလင့်၍ကြည့်လျှင် လွန်ခဲ့သည့် ၃၈ နှစ်ကာလကဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအစီအစဉ်ဖြင့် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် အီရန်နိုင်ငံ တီဟီရန်မြို့တွင် နိုင်ငံတကာ စာမတတ်သူပပျောက်ရေး စီမံချက်ရေးဆွဲခြင်းမှ ပေါက်ဖွားလာသဖြင့် စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဟု သတ်မှတ်ကာ နှစ်စဉ်ကျင်းပလာခဲ့ကြခြင်းဖြစ်သည်။

စာတတ်မြောက်ရေးလုပ်ငန်းကို ယခုအချိန်တွင် ကမ္ဘာအရပ်ရပ်၌ စိတ်ဝင်စားမှုရှိကြသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စာတတ်မြောက်ရေးလုပ်ငန်းကို ဇောက်ချလုပ်ဆောင်နေကြသည်။ ကမ္ဘာ့နိုင်ငံ အသီးသီး၌လည်း စာတတ်မြောက်ရေး လှုပ်ရှားမှုလက္ခဏာများကို မြင်တွေ့ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရပါမူ စာတတ်မြောက်ရေးလှုပ်ရှားမှုဖြင့် နိုင်ငံတည်ဆောက်ရာရောက်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

ထိုမှနိုင်ငံတကာ၏ အခြေအနေကို တစေ့တစောင်းကြည့်သော် ၁၁၃ သန်းသော ကလေးငယ်များနှင့် သန်း ၈၈၀ သောလူကြီးများသည် စာမတတ် ပေမတတ်ဘဝ၌ ရပ်တန့်လျက် ပညာခေတ်ဟုခေါ်သော ယနေ့ကာလကို စိန်ခေါ်လျက်ရှိသည်။ ဤသို့ဆိုလျှင်အဘယ်သို့ပြုမည်နည်း။ နည်းလမ်းများရှာကြံကြသည်။ အနာဂတ်မျှော်မှန်းချက်ကို အခြေခံလျက် လုပ်ငန်းစီမံချက်များ ရေးဆွဲကြရသည်။ ကမ္ဘာ့ကုလသမဂ္ဂယူနက်စကိုအဖွဲ့က ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကာလကို နိုင်ငံတကာစာတတ်မြောက်ရေး ဆယ်စုနှစ် (International Literacy Decade)အဖြစ် သတ်မှတ်ပြီး ကမ္ဘာပေါ်ရှိ သန်း ၈၈၀ သော စာမတတ်မြောက်သူများအတွက် စာတတ်မြောက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေကြသည်။

ထို့အတူ အစဉ်အလာကြီးမားလျက် ဂုဏ်ရောင်ပြောင်သော "မိုဟာမက်ရီဇာပါလာ"ဆုရ မြန်မာနိုင်ငံ စာတတ်မြောက်ရေးကော်မတီသည်လည်း မိမိတို့ဆောင်ရွက်ရမည့်နည်းလမ်းနှစ်သွယ်ချမှတ်လျက် အသက်ငါးနှစ်မှ ကိုးနှစ်အထိ ကျောင်းနေအရွယ်ကလေးများအား အခြေခံပညာမူလတန်းကျောင်းများ၌ ကျောင်းနေဖြစ်စေရန်(ဝါ) ပညာသင်ယူဖြစ်အောင် ကြိုးပမ်းလျက်ရှိသည်။

ဤသည်ကြောင့်ပင် သူငယ်တန်းကလေးများ ကျောင်းဝင်နှုန်းသည် ၉၁ ရာခိုင်နှုန်းမှ ၉၂ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးတက်လာသည်ကို အထင်အရှား မြင်တွေ့နိုင်သည်။

တစ်ဖန် ကျောင်းနေအရွယ်လွန်အသက် ၁၅ နှစ်အထက် စာမတတ်သူများအား သက်ကြီးစာတတ်မြောက်ရေး အစီအမံဖြင့် ဆောင်ရွက်ပေးနေသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံ စာတတ်မြောက်ရေး (Basic Literacy) အဆင့်မှ စတင်ဆောင်ရွက်ပေးနေကြောင်း တွေ့ရှိရသည်။ ကုသရေးနည်းလမ်းဟု ဆိုနိုင်သည်။ ထိုမှတစ်ဆင့် အမျိုးသား ပညာရည်မြင့်မားရေး ဦးတည်ချက်အရ ပညာရေးမြှင့်တင်မှု အစီအစဉ်ဖြင့် တိုင်းငါးတိုင်း၊ ပြည်နယ်တစ်ခုနှင့်နယ်စပ် ဒေသများတွင် အသုံးလုံးသင်တန်းများ သင်ကြားပို့ချ လျက်ရှိသည်။ ထို့ပြင် အခြေခံ စာတတ်မြောက်လာသူများကို စဉ်ဆက်ပညာရေးဖြင့် ဆက်လက်သင်ယူနိုင်စေရန်ကိုလည်း စီစဉ်ဆောင်ရွက် နေပေပြီ။ ထို့ကြောင့်ပင် ၁၅ နှစ်အထက် စာတတ်မြောက်လာသူ ၉၁ ဒသမ ၈ ရာခိုင်နှုန်းသို့ ပိုမိုတိုးမြင့်လာခဲ့သည် မဟုတ်ပါလား။

ထိုမျှသာမကသေး မူလတန်းပညာရေး ပြီးမြောက်သူများကို ကျောင်းပြင်ပ ပညာရေး၏အဓိကဖြစ်သော စဉ်ဆက်ပညာရေး (Continuing Education)အစီအစဉ်များကို နိုင်ငံတကာတွင် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရသည်။

ဤနည်းနှင်နှင် မြန်မာနိုင်ငံ၌လည်း မူလတန်းပညာပြီးမြောက်၍ အခြေခံစာတတ်မြောက်ပြီးသူများသည် မိမိတို့၏ လွတ်လပ်သော စိတ်ဆန္ဒအရ ပညာရေး အခွင့်အလမ်းများပေးသည့် စဉ်ဆက်ပညာရေး အစီအစဉ်များကို ၁၉၉၈-၉၉ ခုနှစ်မှစတင်ချမှတ်၍ အကောင်အထည်ဖော်ခဲ့သည်။ သို့မှသာ အစဉ် သင်ယူမှုရှိသည့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းနိုင်မည်ဖြစ်သည်။

ဤသို့ဆိုလျှင် စဉ်ဆက်ပညာရေး အစီအစဉ်ကိုသိရှိရန်လိုအပ်လာပါသည်။ စဉ်ဆက်ပညာရေး၌ အစီအစဉ်ခြောက်ခု ပါဝင်သည်။

- အစီအစဉ်(၁) စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်
- အစီအစဉ်(၂) ဝင်ငွေတိုးလုပ်ငန်း အစီအစဉ်
- အစီအစဉ်(၃) သဘာဝသာယာရေး အစီအစဉ်
- အစီအစဉ်(၄) တစ်ဦးချင်း ဝါသနာပါရာ လုပ်ငန်း အစီအစဉ်
- အစီအစဉ်(၅) အနာဂတ်ဦးတည် ပညာရေး အစီအစဉ်နှင့်
- အစီအစဉ်(၆) ကျောင်းတွင်း ပညာရေးနှင့် တန်းညှိ အစီအစဉ်တို့ဖြစ်သည်။

အထက်ပါ အစီအစဉ်များကို မြင်ရလေလေ ကျေနပ်ဝမ်းမြောက်ဖွယ် ရှိရလေလေဖြစ်မိသည်။ ထိုအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းဖြင့် မြန်မာ့စာတတ်မြောက်ရေး မီးရှူးတန်ဆောင်သည် ပြောင်ပြောင်ညီးညီး ထိန်လင်းလျက် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နေမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာလိမ့်မည်ဟု ယုံကြည်မျှော်မှန်းကာ ကြိုဆိုနေမိပါတော့သည်။ ။

❒ **စာမျက်နှာ (၆) ဆောင်းပါးမှအဆက်**

နိုင်ငံတော်မှဦးဆောင်၍ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကောဒသမအကြိမ်မြောက် ကျင်းပရာတွင် ဖော်ပြပါဦးတည်ချက်များနှင့် ဆောင်ရွက်သွားမည်ဟု သိရလေသည်။

- (က) မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး၊
- (ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊
- (ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊
- (ဃ) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊
- (င) လူငယ်တို့၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး၊
- (စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး၊

ဤတွင် ရှစ်ရာစု တရုတ်နိုင်ငံထန်ရာဇဝင်မှ အဖြစ်အပျက်တစ်ခုအား သက်သေပြု တင်ပြလိုပေသည်။ ရှစ်ရာစု အကုန်ခန့်တွင် တရုတ်နိုင်ငံ နန်ချိုဘုရင်(ကိုလိုဖန်)သည် ပျူတို့၏ မြို့ပြနိုင်ငံအား ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ဖူးသည်။ ကိုလိုဖန်သည် ပျူတို့ကို အောင်မြင်ခဲ့သောကြောင့် ပျူအနုသုခုမပညာသည်တို့အား နန်ချိုတွင် အမှုထမ်းဆောင်ရန် ခေါ်ဆောင်ခဲ့လေသည်။

နန်ချိုဘုရင် ကိုလိုဖန်အား ဆက်ခံသူသားတော်(အီမိုစူး)၏ လက်ထက်တွင် တရုတ်နှင့်ပျူ ချစ်ကြည်ရေးအတွက် ပျူဘုရင်က တရုတ်နိုင်ငံသို့ သံအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့လေသည်။ ထိုအဖွဲ့၌ တရုတ်ဧကရာဇ်ကို ဖြေဖျော်စေရန် ပျူဂီတပညာရှင်များလည်း ပါဝင်ခဲ့သည်။ နောင် နှစ်နှစ်ခန့်ကြာသောအခါ နန်ချိုမှစေလွှတ်လိုက်သော တရုတ်သံအဖွဲ့အပြန်တွင် ပျူဘုရင်၏သားတော်က သံအဖြစ် လိုက်ပါကာ တရုတ်ဧကရာဇ် အီမိုစူးအား ပျူတို့၏ ဂီတသုခုမအကပညာတို့ဖြင့် ဖြေဖျော်ခဲ့လေသည်။ တရုတ်ဧကရာဇ်အီမိုစူးသည် ပျူတို့၏ တေးဂီတနှင့် ကကြိုးကကွက်များကို လွန်စွာစွဲလမ်းနှစ်သက်ခဲ့ပေသည်။

ပျူတို့၏တေးဂီတနှင့် အကအခုန်နှစ်မျှောနေသော တရုတ်ဧကရာဇ်အီမိုစူးအား အမတ်ကြီးအဖြစ် အမှုထမ်းနေသူ တရုတ်ကဗျာဆရာကြီး (ပိုးချူအိ)က ဤကဲ့သို့ တိုင်းတစ်ပါးဂီတနှင့် အကတွင် နစ်မျှောမနေသင့်ကြောင်း၊ တရုတ်ဆင်းရဲသားများအား ပစ်ပယ်မထားသင့်ကြောင်း၊ တရုတ်နိုင်ငံ၏ တိုင်းရေးပြည်မှုကို ပြန်လည်၍ ဂရုပြုသင့်ကြောင်း၊ ကဗျာရှည်ကြီးတစ်ပုဒ်သီကုံး၍ နှိုးဆော်ခဲ့လေသည်။

ဤဖြစ်ရပ်ကို သုံးသပ်ရလျှင် မြန်မာခေတ်ဦး ပျူတို့၏ ဂီတအကပညာသည် တစ်ဖက်ရန်သူကို မိန်းမောတွေဝေစေရန် လှုံ့ဆော်နိုင်စွမ်းသော အားအင်နှင့် အဆင့်အတန်းမြင့်မားနေသည်ကို သုံးသပ်နိုင်ပေသည်။ ထို့ပြင် တရုတ်ပြည်သူတစ်ဦးဖြစ်သော ကဗျာဆရာကြီး ပိုးချူအိကလည်း တိုင်းတစ်ပါးယဉ်ကျေးမှုက တရုတ်ယဉ်ကျေးမှုကို မလွှမ်းမိုး မထိုးဖောက်နိုင်စေရန် တရုတ်ရိုးရာကဗျာဖြင့် တရုတ်ဧကရာဇ် အီမိုစူးအား နှိုးဆော်ခဲ့သည်ဟု ဝေဖန်သင့်ပေသည်။

ထို့ကြောင့်နိုင်ငံတကာယဉ်ကျေးမှုများ မိမိတို့၏ အဆို၊ အက၊ အရေး၊ အတီးပညာကို မလွှမ်းစေရန် ဦးတည်ဆောင်ရွက်ခဲ့သော မြန်မာ့ရိုးရာ တူရိယာပစ္စည်းပြပွဲဖြင့်လည်းကောင်း၊ ကောဒသမ (၁၁)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ **အမျိုးသားမာန် ကိုယ်ပိုင်ဟန်နှင့် ဆိုသံ၊ ကသံ၊ တီးမှုတ်သံပေး၍သော်လည်းကောင်း၊ အမျိုးသားမာန် ကိုယ်ပိုင်ဟန်နှင့် ခေတ်အဆက်ဆက်ဖွံ့ဖြိုးစည်ပင်ခဲ့သော ယဉ်ကျေးမှု တံတိုင်းကြီးအား ဝိုင်းပတ်ကာရန်ကြပါစို့** ဟု နှိုးဆော်တင်ပြအပ်ပါသည်။ ။

မဟာစည် သာသနာ့ရိပ်သာ ဝါတွင်းတရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် ကန်ငယ်စံပြရွာ ပုတီးကုန်းဓမ္မသုခီမဟာစည် သာသနာ့ရိပ်သာတွင်း၌ ဝါတွင်းအထူးတရားစခန်းပွဲ ဆယ်ရက်စခန်းကို စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ယင်းစခန်းပွဲကို ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် မဟာစည် မြဝတီသာသနာ့ရိပ်သာ ပဓာန နာယက ပြည်တွင်းပြည်ပ မဟာစည်နာယက ဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍဝံသ မဟာထေရ်နှင့် ဓမ္မသုခီမဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက မဟာစည် နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇဋိလ(ပုတီးကုန်း) ဆရာတော်များက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ဟောကြားပြသကြမည်ဖြစ်ရာ ဖုန်း-၅၇၂၆၆၄ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားပြော သင်တန်းများ ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁

ဆရာဦးခင်မောင်ဌေး ဦးစီး၍ Four Skills နှင့် Grammar သင်တန်းများ ကျောင်းချိန်၊ ရုံးချိန် လွတ်တန်းခွဲများ ပုံမှန်သင်ကြားလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ သင်ရိုးများနှင့်ညှိ၍ ဒေသလိုအပ်ချက်နှင့်အညီ Intermediate Levelကို ဗဟိုပြုပြီး Listening, Speaking, Reading, Writing တို့ကို လည်းကောင်း၊ TOEFL, IELTS နှင့် စာရေးပညာ Writing ability အထူးတန်းခွဲများကိုလည်းကောင်း သင်ကြားလျက်ရှိသည်။

G-mat (English), TWE နှင့် SAT One,Two တို့အတွက် Grammar နှင့် Writing တို့ကို သင်ကြား လျက်ရှိသည်။

အခြေခံပညာ အထက်တန်း၊ ဘွဲ့ကြို၊ ဘွဲ့ရ၊ ဘွဲ့လွန်များ International NGO ဝန်ထမ်းများသည် အမှတ်(၂၃)(၃)လမ်း (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဖုန်း-၅၇၁၀၂၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ပထမနှစ် (စိတ်ပညာ)
  - (ခ) ပထမနှစ် (အရှေ့တိုင်းပညာ)
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင် ကြည်ဖြူပါ့မယ်ရှင် (အပိုင်း-၉)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၂၁)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားအပြီးတွင် အသက်(၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင် "အေ"ဆေးလုံး တိုက်ကျွေးစဉ်။ (သတင်းစဉ်)

❀ ရွှေဖုံးမှ

ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ဗဟိုကော်မတီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် အာဟာရလုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတကာ NGO များမှ ကိုယ်စားလှယ်များ၊ ဆားလုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

အခမ်းအနားတွင် အမျိုးသား ကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအားလုံး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့် အကျိုးရလဒ်ကောင်းများကို စိတ်အေးချမ်းမြေ့စွာ အပြည့်အဝ ရရှိခံစားနိုင်စေရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများ တိုးတက်မြင့်မားစေရအောင် အဘက်ဘက်က စီမံချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုလို ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအများ စွမ်းဆောင်ရည် ထက်မြက်မြင့်မားစွာ တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းစွမ်းဆောင်ကြရေးအတွက်ရော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက်ပါ အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေသည့် ပြည်သူများ ကျန်းမာကြံ့ခိုင် သန်စွမ်းရေးကို နိုင်ငံတော်အစိုးရက အမျိုးသားရေးတာဝန် အဖြစ်ခံယူပြီး အထူးအလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တစ်နည်းပြောရလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားပြည်သူများ ကျန်းမာကြံ့ခိုင်ရေးတို့ အပြန်အလှန် အကျိုးပြုဖြစ်ထွန်းလာစေရအောင် စနစ်တကျ စီမံချမှတ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ကဏ္ဍအလိုက်

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး ပြည့်ပြည့်ဝဝ၊ မြင့်မြင့်မားမား ရရှိခံစားနိုင်စေရန် စီမံဆောင်ရွက်ပေးနေသလို ရောဂါကာကွယ်ရေး၊ ရောဂါကုသရေးနှင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးရေးအတွက်လည်း လုပ်ငန်းကဏ္ဍအလိုက်သီးခြားအစီအမံများ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုလို ကြိုးပမ်းဆောင်ရွက်ရာတွင် ကပ်ရောဂါအသွင် ရောဂါဆိုးကြီးများ၊ ကူးစက်တတ်သည့် ရောဂါများ၊ နိုင်ငံတော်အတွင်း အဖြစ်များသည့် ရောဂါများ ကာကွယ်တားဆီးတိုက်ဖျက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသလို မိခင်နှင့်ကလေးများကဲ့သို့ အထူးအာရုံစူးစိုက် စောင့်ရှောက်ရမည့် လူမှုရေးအုပ်စုများအတွက်လည်း မွေးကင်းစ ကလေးသေဆုံးမှုနှုန်း ကျဆင်းရေး၊ အာဟာရချို့တဲ့မှု ပပျောက်ရေး၊ ရောဂါကာကွယ်ဆေး တိုက်ကျွေးထိုးနှံရေးစသည့် အစီအမံများကို တစ်ဆက်တစ်စပ်တည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဟန်ချက်ညီညီ

တစ်ပြိုင်တည်းမှာပင် ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီးများ၊ ကျောင်းကျန်းမာရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုလို ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေးတွင် ပြည်သူတို့၏ အာဟာရအခြေအနေ တိုးတက်မြင့်မားရေးသည် အထူးအရေးပါသော အခန်းကဏ္ဍကို ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် အာဟာရပြည့်ဝရေးလုပ်ငန်းစဉ်များ စီမံချမှတ်ဆောင်ရွက်လျက်ရှိရာတွင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားအပြီးတွင် အသက် (၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင်"အေ"ဆေးလုံး တိုက်ကျွေးစဉ်။ (သတင်းစဉ်)

စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးနှင့် ပြည်သူများ အာဟာရပြည့်ဝသည့် အစားအစာကို စနစ်တကျ ကျန်းမာရေးနှင့် ညီညွတ်အောင် စားသုံးတတ်ရေးတို့ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်း လာစေရအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဦးစားပေးလုပ်ငန်း

မြန်မာနိုင်ငံတော် အနေဖြင့် အမျိုးသားကျန်းမာရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်သည့် အခါတွင် အာဟာရအခြေအနေ မြှင့်တင်ရေးလုပ်ငန်းများကို ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ပြီး အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ ကျန်းမာရေးကို အထောက်အကူပြုသည့်စားသောက်ပုံ အလေ့အထများ ပြည်သူများအကြား ဖြစ်ထွန်းလာရေး၊ အာဟာရလွန်ကဲမှုနှင့် နီးနွယ်နေသော ရောဂါများ အန္တရာယ်မှ ကာကွယ်တားဆီးရေး ဆိုသည့် ရည်မှန်းချက်များကို အခိုင်အမာချမှတ်ပြီး စီမံချက်များရေးဆွဲ အကောင်အထည် ဖော်နေခြင်းဖြစ်ကြောင်း၊ ယခုလို ပြည်သူများ၏ အာဟာရအခြေအနေ မြင့်မားလာရေးအတွက် ဆောင်ရွက်ရာတွင် အာဟာရဓာတ်များ ပါဝင်သည့် ဆေးများ တိုက်ကျွေးမှုတွေ၊ အာဟာရဓာတ် ဖြည့်စွက်ထားသည့် အစားအစာများ ထုတ်လုပ်စားသုံးစေမှုတွေ၊ အာဟာရပညာပေးမှုတွေ စသည့် နည်းလမ်းအသွယ်သွယ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း။

အာဟာရဓာတ်များ ပါဝင်သည့် ဆေးများ တိုက်ကျွေးခြင်း လုပ်ငန်းအနေဖြင့် ခြောက်လမှ (၅)နှစ်အရွယ် ကလေးများနှင့် နို့တိုက်မိခင်များကို ဗီတာမင်'အေ' ဆေးလုံး တိုက်ကျွေးခြင်းစီမံချက်၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြား တိုက်ကျွေးခြင်း စီမံချက်တို့ကို အကောင်အထည် ဖော်လျက်ရှိကြောင်း၊ (၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင်'အေ'ဆေးလုံး တိုက်ကျွေးသည့် လုပ်ငန်းကို ၂၀၀၀ပြည့်နှစ်က စပြီး အမျိုးသားကာကွယ်ဆေးတိုက်နေ့တွင် ပိုလီယိုကာကွယ်ဆေးနှင့်တွဲပြီး တိုက်ကျွေးဆောင်ရွက်ခဲ့သည့်အတွက် လွှမ်းခြုံမှု ရာနှုန်းပြည့်နီးပါး ရရှိခဲ့ပြီးဖြစ်ကြောင်း။

အာဟာရပညာဖြန့်ဖြူး

အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဟာရပညာပေးလုပ်ငန်းကိုလည်း ဟန်ချက်ညီညီ ယှဉ်တွဲဆောင်ရွက်နေကြောင်း၊ အထူးသဖြင့် ပြည်သူများအတွင်းတွင် ကျန်းမာရေးကို အထောက်အကူပြုသည့် နေထိုင်စားသောက်မှု အလေ့အထများ ထွန်းကားလာအောင် အာဟာရပညာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ အာဟာရ ချို့တဲ့မှုများ မဖြစ်စေရေးအတွက် မလိုအပ်ဘဲ အစားမရှောင်ကြဖို့၊ အာဟာရဓာတ်တွေ စုံစုံလင်လင်ရရှိအောင် အစာအုပ်စုများ ခွဲခြားသိမြင်ပြီး အစားအစာများ စုံစုံလင်လင် စားတတ်ဖို့၊ အာဟာရလွန်ကဲမှု မဖြစ်အောင် မျှမျှတတ စားတတ်ဖို့ မှန်ကန်သည့် အာဟာရဗဟုသုတများ ပညာပေးဖြန့်ဖြူးပေးမှုများကို စီမံချက်များ ချမှတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကမ္ဘာ့နိုင်ငံ အသီးသီးသည် အာဟာရချို့တဲ့မှုပြဿနာ၊ အာဟာရလွန်ကဲမှုနှင့် နီးနွယ်နေသောဆီးချို၊ သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းရောဂါ ပြဿနာတို့ကို ရင်ဆိုင်ဖြေရှင်းနေကြရကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် ဒေသပြင်ပမှ နိုင်ငံများနှင့် ရင်းရင်းနှီးနှီး ပူးပေါင်းပြီး ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး အတွက် ဆောင်ရွက်လျက်ရှိကြောင်း။

အကောင်အထည်ဖော်

၁၉၉၀ပြည့်နှစ် ကလေးသူငယ်များဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ (World Summit for Children 1990)၊ ၁၉၉၂ခုနှစ် အပြည်ပြည်ဆိုင်ရာ အာဟာရညီလာခံ (International Conference on Nutrition 1992)တို့ အပါအဝင် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးညီလာခံများ၊ အာဟာရညီလာခံများတွင် တက်ကြွစွာ ပါဝင်ခဲ့ပြီး ညီလာခံများက ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်များ၊ ကြေညာချက်များနှင့်အညီ လိုက်လျောညီထွေစွာ တက်တက်ကြွကြွ အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဗီတာမင်'အေ' ချို့တဲ့မှုပပျောက်ရေး၊ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရည်မှန်းချက်များ အကောင်အထည်ပေါ်လာစေရန် ခိုင်မာသောသန္နိဋ္ဌာန်နှင့်အတူ ရေရှည်စီမံချက်များ ချမှတ်ပြီး လုပ်ငန်းများကို စနစ်တကျ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေသည်မှာ အထင်အရှားပဲဖြစ်ကြောင်း။

အသိရှိရှိပူးပေါင်း

အာဟာရအခြေအနေ မြှင့်တင်ရေးလုပ်ငန်းများကို နည်းမျိုးစုံကျင့်သုံးပြီး ဆောင်ရွက်ရာတွင် ပြည်သူတို့ကိုယ်တိုင် အသိရှိရှိ ပူးပေါင်းဆောင်ရွက်မှသာ ရေရှည်တည်တံ့နိုင်မှာဖြစ်ကြောင်း၊ ကလေးသူငယ်များကို အချိန်မှန် ကိုယ်အလေးချိန် မှတ်တမ်းတင်ပြီး အာဟာရပညာပေး စောင့်ရှောက်သည့်လုပ်ငန်း၊ အာဟာရကျွေးမွေးပြီး စောင့်ရှောက်သည့်လုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်မှုကြောင့် လွှမ်းခြုံမှု တိုးတက်မြင့်မားလာမှုတွေ၊ ရေရှည်တည်တံ့နိုင်မည့် အလားအလာကောင်းများ ဖြစ်ထွန်းလာမှုတွေကို တွေ့နေရပြီဖြစ်ကြောင်း။

၁၉၉၉ခုနှစ်နှင့် ၂၀၀၁ခုနှစ်များတွင် ပြုလုပ်ခဲ့သည့် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ် လှုပ်ရှားမှုများတွင် နိုင်ငံတော်အစိုးရဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှု၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုတို့နှင့်အတူ ပြည်သူတစ်ရပ်လုံး၏ တက်ကြွစွာပူးပေါင်းပါဝင်မှုကို ရယူနိုင်ခဲ့သည့်အတွက် ထူးခြားသော အောင်မြင်မှုများကို ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆိုရင် အိုင်အိုဒင်းဆား စားသုံးသည့် အိမ်ထောင်စု ၈၀ ရာခိုင်နှုန်းအထိ ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး

ယခုနှစ်တွင် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်လှုပ်ရှားမှု၏ အောင်မြင်ဖြစ်ထွန်းမှုများကို အရှိန်အဟုန်မြှင့်တင်ပြီး ပိုမိုကျယ်ပြန့်သည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းလုံးမှာ ပြုလုပ်သွားမှာဖြစ်ကြောင်း။

အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးထိန်းသိမ်းမှုများ၊ ကလေးများအား ဗီတာမင်'အေ' ဆေးလုံး တိုက်ကျွေးမှုများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်အားဖြည့် ဆေးပြားများ ဖြန့်ဝေပေးမှုများနှင့်အတူ အာဟာရမျှတစွာ စားသုံးတတ်ရန် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားအပြီးတွင် အသက် (၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင်"အေ"ဆေးလုံး တိုက်ကျွေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ ကန်တော်ကြီး ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

☆ **ရန်ကုန်မြို့တော်ကြီးမှ**
ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီး မြေပဒေသာကျွန်းသို့ရောက်ရှိကြပြီး အဆင့်မြင့်ရေချိုငါးပြတိုက်တည်ဆောက်မည့်မြေနေရာကိုလည်းကောင်း၊ ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ Water Palace တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကရဝိက်ကျွန်းပန်းခြံသို့ ရောက်ရှိကြပြီး ကန်တော်ကြီး Bazaar နှင့် အဆင့်မြင့်ကလေးကစားကွင်း တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

နိုင်ငံတကာအဆင့်မီ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီး ပုလဲကျွန်းရှိ Recreation Zone အတွင်း Garden City တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့တော်ကြီး၏ ဂုဏ်ဒြပ်နှင့်လျော်ညီပြီး မြို့တော်နေပြည်သူများ စိတ်အေးချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်မည့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့် ကန်တော်ကြီးဥယျာဉ်ဖြစ်ထွန်းလာရေးအတွက် သက်ဆိုင်ရာ ဇုန်များအလိုက် တာဝန်ယူဆောင်ရွက်ကြမည့်သူများ အားလုံးက စနစ်တကျစီမံချက်ချမှတ် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြား၍ ညနေ ၆နာရီ ၁၅မိနစ်တွင် ပုလဲကျွန်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နောင်နှစ်နောင်နှစ်များတွင် လက်ရှိကြုံတွေ့နေရသည့် အာဟာရပြဿနာများအပြင် နိုင်ငံတော်၏ တိုးတက်နေသော လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့် ယှဉ်တွဲပေါ်ပေါက်လာနိုင်သည့် အာဟာရလွန်ကဲခြင်း၊ ဝဖြိုးခြင်းတို့နှင့် နီးနွယ်နေသည့် ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါများ ကာကွယ်ရေးလုပ်ငန်းများကိုပါ အလုပ်ကျ ထည့်သွင်းလုပ်ရှား ဆောင်ရွက်သွားနိုင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အာဟာရမြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပံ့ပိုးကူညီပေးသည့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ပါဝင်ပူးပေါင်းဆောင်ရွက်ကြသည့် နိုင်ငံတော် အစိုးရဌာနများ၊ လူမှုရေး အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများအားလုံးကို နိုင်ငံတော်အစိုးရကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း မိမိတို့၏ လုပ်ငန်းများ၊ ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေ၊ ကျန်းမာကြံ့ခိုင်သန်စွမ်းသော နိုင်ငံသူ၊ နိုင်ငံသားများ ဖြစ်ထွန်းလာရေးအတွက် ဆက်လက်ကြိုးပမ်းစွမ်းဆောင် အောင်မြင်နိုင်ကြပါစေဟု ပြောကြားသွားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကိုယ်ဝန်ဆောင် မိခင်လောင်းများအား သံဓာတ်ဆေးပြားများဝေငှပြီး အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင် "အေ"ဆေးလုံး တိုက်ကျွေးကြသည်။

(သတင်းစဉ်)

၂၀၀၃-ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောက်တိုဘာ ၁၅ ရက်၌ စတင်ကျင်းပမည် နိုင်ငံသားလုပ်ငန်းရှင်များတက်ရောက်ဝယ်ယူနိုင်

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၃-ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၃-ခုနှစ် အောက်တိုဘာ ၁၅ရက်မှစ၍ မြန်မာ့ ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည် ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ထို့အပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ ကျောက်မျက်ရတနာခန်းမ မြေညီထပ်၌ ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်သည်။

ဖွင့်လှစ်ထားရှိ

နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲသို့တက်ရောက်လိုသူများနှင့် အရောင်းကောင်တာ ရယူလိုသူများသည် ၂၀၀၃ခုနှစ် စက်တင်ဘာ ၉ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေး ကြီးကြပ်ရေးအဖွဲ့များထံ ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(သတင်းစဉ်)

ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၃ခုနှစ် စက်တင်ဘာ ၂ရက်၌ ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၈)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ငုယင်ဇီညံထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၀၃ (အင်္ဂါနေ့)

၁၃၆၅ခုနှစ်၊ တော်သလင်းလဆန်း ၇ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ကဇျာပန်းဥယျာဉ်

၈:၀၅ ၆။ အကပြိုင်ပွဲ

၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ပထမဆု)(အထက- ၂၊ ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)

၄:၅၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)

၅:၀၅ ၅။ တေးဂီတအစီအစဉ်

၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅:၂၅ ၇။ ၂၀၀၃ခုနှစ် ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် ဓမ္မပူဇာတေး (အခြေခံပညာ၁၀-၁၅နှစ်) (အမျိုးသား)

၅:၄၀ ၈။ ခံစားနားဆင်တေးဇာတ်ဝင်

၅:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၃၀ ၁၀။ ညနေခင်းသတင်း

၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၂။ Milo Success in Soccer

၇:၁၅ ၁၃။ **မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း ပဉ္စမဆယ်စုနှစ် (အပိုင်း-၃)**

၇:၃၀ ၁၄။ ကြေးမုံရိပ်သွင်တေးနှယဉ်

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း-၉)**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ ကာကွယ်ရေးက သစ်တောကို နိုင်

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်းကွင်းဖွင့် ဘောလုံးပြိုင်ပွဲအဖြစ် (က)အုပ်စုမှ သစ်တောရေးရာအသင်းနှင့် ကာကွယ်ရေးအသင်းတို့သည် ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးအသင်း လေးဂိုး။
(အောင်မိုးဦး-နှစ်ဂိုး၊
ကျော်မင်းသက်နှင့် ထွန်းမင်းနိုင်-
တစ်ဂိုးစီ)

သစ်တောရေးရာအသင်း နှစ်ဂိုး။
[ပေါ်ထွန်းကျော်(ပိုင်နယ်တီ)နှင့်
အောင်ထွန်းနိုင်]

အကောင်းဆုံးဆု
စန်းမောင် (ကာကွယ်ရေး)
ဒိုင်လူကြီး ဦးထွန်းထွန်း။

ပွဲဦးထွက်ပွဲများတွင် နှစ်သင်းစလုံး အမှတ်ပြည့်ရရှိခဲ့သောကြောင့် ယနေ့ပွဲ အနိုင်ရလျှင် အုပ်စုတက်ရန် အခွင့်အလမ်း ပိုမည်ဖြစ်၍ နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ကြရာ ပထမပိုင်းတွင် ပွဲမှာ အေးသယောင်ရှိခဲ့ပြီး ဒုတိယပိုင်းကျမှ နှစ်သင်းစလုံး ကစားကွက် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာကာ ဂိုးအပြန်အလှန်သွင်းရင်း နာမည်ကြီး ကာကွယ်ရေးအသင်းက အနိုင်ရရှိကာ နှစ်ပွဲနိုင်၊ ခြောက်မှတ်ဖြင့် အုပ်စုတက်ရန် အလားအလာကောင်းသွားခဲ့ပြီဖြစ်သည်။

ကာကွယ်ရေးအသင်းနှင့် သစ်တောရေးရာအသင်းတို့သည် ပထမအကြိမ် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌဖလားပြိုင်ပွဲ၊ ဒုတိယအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားပြိုင်ပွဲနှင့် ယမန်နှစ် အမှတ်ပေးပြိုင်ပွဲတို့တွင် တွေ့ဆုံခဲ့ရာ ကာကွယ်ရေးက နှစ်ကြိမ် အနိုင်ရပြီး သစ်တောရေးရာက တစ်ကြိမ်နိုင်သည်။ ယခု စတုတ္ထအကြိမ်တွေ့ဆုံရာတွင် သစ်တောက ဦးဆောင်ဂိုးများ စတင်သွင်းယူနိုင်သော်လည်း နောက်တန်းလူများ အမှားမှတစ်ဆင့် ဂိုးများ ပြန်ပေးခဲ့ရကာ ကာကွယ်ရေးကို ရှုံးကြွေး မဆပ်နိုင်ဖြစ်ခဲ့ရသည်။

(က)အုပ်စုတွင် ယနေ့ပွဲအပြီးထိ တစ်သင်းလျှင် နှစ်ပွဲစီကစားအပြီးတွင် ကာကွယ်ရေးက နှစ်ပွဲနိုင်၊ ခြောက်မှတ်ရရှိထားသောကြောင့် အုပ်စုတက်ရန် အလားအလာ ကောင်းသွားပြီဖြစ်ပြီး သစ်တောရေးရာနှင့် ပတ္တမြားနဂါးတို့မှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားကြသည်။ကျန်အုပ်စုတစ်နေရာအတွက် သစ်တောရေးရာနှင့် ပတ္တမြားနဂါး နိုင်သောအသင်းက အုပ်စုတက်မည်ဖြစ်သည်။ တပ်မတော်ကြည်(က)အသင်းမှာ တစ်ပွဲကစားရန်ကျန်သေးသော်လည်း ပထမနှစ်ပွဲက အရေးနိမ့်ထားသဖြင့် အုပ်စုတက်ရန် အလားအလာ အလွန်မှေးမှိန်လျက်ရှိသည်။

ပွဲအပြီးတွင် ကြေးမုံက ကာကွယ်ရေးအသင်းအား မေးမြန်းကြည့်ရာ နည်းပြ ဦးခင်မောင်ဇော်က "ယနေ့ပွဲမှာ မိမိတို့အသင်း ပထမပိုင်းမှာ ကစားပုံမကောင်းခဲ့ကြောင်း၊ သို့ဖြစ်၍ ဒုတိယပိုင်းမှာ စန်းမောင်ကို အလယ်တန်း အလယ်လူအဖြစ် ကစားခိုင်းပြီး မျိုးမြင့်ထွေးကို ဘယ်ကြောမှာ ကစားခိုင်းရာ အသင်း ကျစ်လျစ်မှုရှိလာပြီး ချေပဂိုးနှင့် အနိုင်ဂိုးများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပထမပိုင်းက အသင်းလိုက် ကစားကွက် ပျက်နေခြင်းမှာ လက်ရွေးစင်အသင်းသို့ ငါးယောက်ပေးထား၍ လေ့ကျင့်ရာမှာ အသင်းလိုက်ကစားကွက် လေ့ကျင့်မှု၌ အခက်အခဲများ ရှိခဲ့ကြောင်း၊ ပွဲကျမှ အသင်းလိုက်ကစားကွက်ကို ပြန်လည်လုပ်နေရကြောင်း၊ ထို့ကြောင့် ဒုတိယပိုင်းတွင်မှ အားကောင်းလာခဲ့ကြောင်း၊ မိမိတို့အသင်း နှစ်ပွဲနိုင်ထားပြီးဖြစ်ရာ အုပ်စုအဆင့်ကို ကျော်လွှန်နိုင်ခဲ့ပြီဖြစ်သော်လည်း အမြင့်ဆုံးရောက်အောင် ယခုထက်ပိုမို ကြိုးစားရမည်ဖြစ်ကြောင်း"ပြောကြားသွားသည်။

သစ်တောရေးရာနည်းပြ ဦးဗိုလ်ဗိုလ်လွင်က "တစ်ဖက်အသင်းက အသင်းကြီးဖြစ်၍ မိမိတို့ ကြိုးစားကစားခဲ့သော်လည်း နောက်တန်း၏ အချိတ်အဆက်လွဲချော်မှုကြောင့် မပေးသင့်သောဂိုးများ ပေးခဲ့ရကာ အရေးနိမ့်ရကြောင်း၊ အုပ်စုတက်ရန်အတွက် နောက်ဆုံးပွဲမှာ ပတ္တမြားနဂါးအသင်းကို အနိုင်ရအောင် အစွမ်းကုန်ကြိုးစားသွားမှာဖြစ်ကြောင်း"ကြေးမုံသို့ ပြောကြားသည်။

ယနေ့ပွဲ
ညနေ ၃နာရီခွဲ
(အောင်ဆန်းကွင်း)
(ခ)အုပ်စု
တံခွန်နှင့် ဆောက်လုပ်ရေး။

(ကြေးမုံ)

ကာကွယ်ရေး ရှေ့တန်းမှ ထွန်းမင်းနိုင်၏ တိုက်စစ်ကို သစ်တောရေးရာအသင်းမှ ဂိုးသမား ညီညီထွန်း ကာကွယ်စဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

သားငါးဖွံ့ဖြိုးမှု ပြည့်အကျိုး

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁

နိုင်ငံကျော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဖြူးဆရာတော်သည် ဖျာပုံမြို့ ကျက်သရေဆောင် ရတနာသိဒ္ဓိ ဗိမာန်တော်ကြီး၌ စက်တင်ဘာ ၂ရက်နှင့် ၃ရက် ညများတွင် လည်းကောင်း၊ စက်တင်ဘာ ၃ရက် မွန်းလွဲ ၂နာရီတွင် ၈ လမ်း မဟာစည် သာသနာ့ရိပ်သာတွင် လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

◆ **နိုင်ငံပိုင်မှ**

ဆက်လက်၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစောမောင်လှ၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်း၊ အခွန်အယူခံခုံအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမောင်တိုးနှင့် ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်သန်းတို့က ဦးစီးဌာနများ ဖွဲ့စည်းဖြစ်ပေါ်လာမှု၊ ဝန်ထမ်းအင်အားနှင့် ဦးစီးဌာနအလိုက် လုပ်ငန်းအကောင်အထည် ဖော်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဘဏ်လုပ်ငန်းအလိုက်

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြသန်းတို့က ဘဏ်လုပ်ငန်းအလိုက် လုပ်ငန်းတာဝန်များနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဝန်ကြီးရုံး ခန်းမ၌ ဝန်ကြီးဌာန အောက်ရှိ အဖွဲ့ အစည်း များမှ ဌာနအကြီးအကဲ များနှင့် တာဝန် ရှိ သူ များ အား တွေ့ ဆုံ ပွဲ တွင် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဆက်လက်၍ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းညွှန့်နှင့် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်တို့က လုပ်ငန်းဌာနတို့၏ သမိုင်းကြောင်းများ၊ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်ထားမှုများ၊ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင် ဝန်ကြီးဌာနအသီးသီးသို့ မိမိတို့လှည့်လည်သွားရောက်ရာ၌ တင်ပြတွေ့ရှိချက်များအရ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသည် မိမိတို့လုပ်ငန်းတာဝန်များကို ကြိုးကြိုးစားစား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိမြင်တွေ့ရှိရကြောင်း။

ဌာနအသီးသီး၏ လုပ်ငန်းသဘောသဘာဝများကို ကျယ်ကျယ်ပြန့်ပြန့်၊ ပြည့်ပြည့်စုံစုံသိရှိရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ငန်းများ၊ အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို မိမိတို့ဆက်စပ်စီစဉ် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

အတွေ့အကြုံများစွာရှိ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများသည် လုပ်ငန်းအတွေ့အကြုံများစွာရှိထားပြီးဖြစ်သည့် ဌာနများဖြစ်ရာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း။

နိုင်ငံပိုင်ဘဏ်လုပ်ငန်းများသည် သက်တမ်းရှည်ကြာပြီး အတွေ့အကြုံရှိနေပြီဖြစ်၍ မိမိတို့နှင့် ဆက်သွယ်လုပ်ကိုင်လာသည့် ပြည်သူများနှင့် အဖွဲ့အစည်းများကို အထစ်အငေါ့မရှိ သွက်လက်မြန်ဆန်မှန်ကန်စွာ ဝန်ဆောင်မှုပေးနိုင်သည်ထက်ပေးနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့ဘဏ်များ အပေါ်ပြည်သူများက ပိုမိုယုံကြည်အားကိုးလာအောင် အစဉ်ဂရုစိုက်နေကြရမည်ဖြစ်ကြောင်း။

အချိုးအစားနည်း

အခွန်အခရရှိမှုသည်တစ်နှစ်ထက်တစ်နှစ် တိုးတက်လာလျက်ရှိသည်မှာ မှန်သော်လည်း တိုးတက်လာနေသော တိုင်းပြည်၏စီးပွားရေး တန်ဖိုးပမာဏနှင့် ရရှိသော အခွန်အခပမာဏအချိုးအစားကို ချိန်ထိုးကြည့်လျှင် အခွန်အခရရှိမှု အချိုးအစားနည်းနေသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခွန်အခ ကောက်ခံမှုများ၌ အလေအလွင့်မရှိစေဘဲ အပြည့်အဝ မှန်မှန်ကန်ကန် ရရှိရေးကို အလေးထားလုပ်ကိုင်ကြရန် လိုအပ်ကြောင်း။

အခွန်အကောက်ဆိုင်ရာကိစ္စများတွင် ဖြောင့်မတ်မှုနှင့် တာဝန်သိမှုဆိုသည့် အချက်များသည် အဓိကအရေးကြီးသည်ဖြစ်ရာ ဝန်ထမ်းများ၏ ရိုးသားဖြောင့်မတ်မှု၊ တာဝန်သိမှုတို့ တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း အခွန်ထမ်းပြည်သူများ၏ အခွန်ပေးဆောင်ရမှုများတွင် တာဝန်ကျေမှု၊ ရင့်ကျက်မှုများရှိလာအောင် စည်းရုံးပညာပေးသွားရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

လိုလားတောင့်တ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိမိတို့အပါဝင် ပြည်သူအများ လိုလားတောင့်တနေကြသည်မှာ စီးပွားဖွံ့ဖြိုးတိုးတက်ရန်နှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာရန်ဖြစ်ကြောင်း။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ငွေကြေးလုပ်ငန်းပိုင်းကို တာဝန်ယူနေရသော ဝန်ကြီးဌာနဖြစ်၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသော ဝန်ကြီးဌာနဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့၏ လုပ်ငန်းတာဝန် ထမ်းဆောင်ရာ၌ ကျယ်ပြန့်သောအမြင်များဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)ဒုတိယ ဗိုလ် ချုပ် ကြီး သိန်းစိန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဝန်ကြီးရုံး ခန်းမ၌ ဝန်ကြီးဌာန အောက်ရှိ အဖွဲ့ အစည်း များမှ ဌာနအကြီးအကဲ များနှင့် တာဝန် ရှိ သူ များ အား တွေ့ဆုံ၍လိုအပ်သည် များ ကို ဆွေး နွေး မှာ ကြားစဉ်။

(သတင်းစဉ်)

အယိုအဖိတ်မရှိရန် ထိန်းသိမ်း

နိုင်ငံကြီးအချို့က ငွေကြေးကို လက်နက်သဖွယ်အသုံးပြု၍ ဖိစီးချုပ်ကိုင်မှုများ ပြုလုပ်လာနေချိန်တွင် ဘဏ္ဍာရေးနှင့်ငွေကြေးကိစ္စများနှင့် စပ်လျဉ်း၍ အယိုအဖိတ် မရှိရအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် အရေးကြီးကြောင်း။

ရသင့်ရထိုက်သော ဝင်ငွေများကို အပြည့်အဝမှန်မှန်ကန်ကန်ရရှိရေး၊ ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို အခက်အခဲမရှိ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တန်ဖိုးနည်းအိမ်ရာနှင့် ကျေးလက်လမ်းများဆောင်ရွက်နေမှု နယ်စပ်/ စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော သပြူစုံပြကျေးရွာ ကျေးလက်အိမ်ရာစီမံကိန်းသို့ရောက်ရှိပြီး ဝန်ကြီးနှင့်အဖွဲ့အား ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင်၊ ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က တန်ဖိုးနည်းအိမ်ရာနှင့်စပ်လျဉ်း၍လည်းကောင်း၊ သြောင်ချောင်း–တော်ဝကျေးလက်လမ်း ကျောက်များစုဆောင်းရရှိမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များပံ့ပိုးပေးသည်။

ရေမြောင်းများရှင်းလင်း

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ဓနုဖြူမြို့သို့ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအဖွဲ့များ ပူးပေါင်း၍ မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ ရှင်းလင်းတူးဖော်မှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေး အားပေးပြီး ဝန်ကြီးသည် ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမတွင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စည်ပင်သာယာရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြချက်များအား အသေးစိတ်ဆွေးနွေးမှာကြားပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် ဓနုဖြူမြို့မှ ဆက်လက်ထွက်ခွာပြီး ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖောက်လုပ်ထားသော ပန်းတနော်–ဂုံမင်း ကျေးလက်ကျောက်ချောလမ်းသို့ ရောက်ရှိပြီး ဝန်ကြီးနှင့် အဖွဲ့အား ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးလက်ကျောက်ချောလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ကျောက်ချောလမ်းတစ်လျှောက် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းသည် နိုင်ငံတော်၏စီးပွားရေးကို အဓိကအထောက်အကူပြု နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အတိုင်း မိုးစပါးစိုက်ဧက ၃၄သိန်းတိုးချဲ့ ငါးနှင့် ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းများ သိပ္ပံနည်းကျ တိုးချဲ့မွေးမြူ

ရန်ကုန် စက်တင်ဘာ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြရာ နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်း နယ်စပ်သို့ရောက်ရှိကြပြီးနောက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်လိုက်ပါ၍ ရန်ကုန်-ပုသိမ် ကားလမ်း တစ်လျှောက်၌ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၉နာရီတွင် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ၌ ကန်ကြီးထောင့်မြို့နယ်၏ မြို့ဝင်မိုးစပါး ဧက ၄၀၀ စံပြကွက်စိုက်ပျိုးရေးစခန်းသို့ရောက်ရှိကြကာ ဒေသခံတောင်သူများအားတွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် နှင့်အဖွဲ့အား ကန်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်က မြို့နယ်၏ မြေယာအသုံးချမှု၊ မိုးစပါး စိုက်ပျိုးပြီးစီးမှုနှင့် မိုးစပါးအထူးဇုန်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စံကွက်များ

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိုးစပါး စံပြကွက်များသည် တစ်ဧကအထွက် နှုန်း တင်း၁၀၀ပြည့်မီရန် စိုက်ပျိုးထား သော စံကွက်များဖြစ်သဖြင့် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တစ်ဧကသတ်မှတ်အထွက်နှုန်း ရရှိ အောင် ကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် စိုက်စနစ် မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေ ဩဇာနှင့်ဒေသထွက်မြေဩဇာပေါင်းစပ် သုံးစွဲရေး၊ သီးနှံအလိုက် ရေတော် မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ် ရေးစသည့် နည်းလမ်းလေးသွယ်ကို ပေါင်းစပ်ကျင့်သုံး လုပ်ကိုင်သွားကြရ မည်ဖြစ်ကြောင်း မှာကြားပြီး စံပြ စမ်းသပ်ကွက်များအတွင်း မိုးစပါး မျိုးယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးထားမှု၊ ကောက်ကွက်ယှဉ်ပြိုင် စမ်းသပ်စိုက်ပျိုး ထားမှုနှင့်မြေဩဇာအမျိုးမျိုးထည့်သွင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှု စစ်ဆေးရာ တိုင်းမြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးလှမျိုးနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ပုသိမ်တံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်နှင့်အဖွဲ့ဝင်များသည် ပုသိမ် တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြပြီး တည်ဆောက်ရေး လုပ်ငန်းပိုင်းများကို အပိုင်းအလိုက် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီး အောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရန် ဂရုပြု ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့် က တံတားတည်ဆောက်ပြီးနောက် လမ်းကွန်ရက်များ ဆက်စပ်မှုရှိရန် အတွက် ထပ်မံတိုးချဲ့ ဖောက်လုပ်သွား မည့် လမ်းပိုင်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ် သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်နှင့် အဖွဲ့ဝင်များသည် ငဝန်မြစ်၏ ရေကြောင်းနှင့် တံတားတည်ဆောက် မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး သည်။

အဆိုပါ ငဝန်မြစ်ကူးပုသိမ်တံတား သည် ပုသိမ်-ရွှေမြင်တင်-ဝါးယား ချောင်းလမ်းပေါ်၌ရှိပြီး ငဝန်မြစ်၏ အရှေ့ဘက်ကမ်း မရမ်းချောင်းကျေးရွာ နှင့် အနောက်ဘက် ကမ်းနီကျေးရွာ တို့ကို ဆက်သွယ်သည့် လမ်းကြောင်း ပေါ်၌တည်ရှိသည်။ အပေါ်ထည် သံပေါင်ကြိုးတံတားနှင့် သံကူကွန် ကရစ်၊ အောက်ထည် သံကူကွန်ကရစ်၊ အုတ်မြစ်သံကူကွန်ကရစ် လွန်တူးပိုင် တို့ဖြစ်ပြီး အရှည်ပေ ၂၆၈၀နှင့် အမြင့် ၃၆ပေ တည်ဆောက်သွားမည်ဖြစ် သည်။

လွယ်ကူမြန်ဆန်မည်

ပုသိမ်တံတား တည်ဆောက်ပြီးစီး သွားပါက ငဝန်မြစ်အနောက်ဘက် ကမ်းရှိ ပုသိမ်မြို့နယ်၊ ရေကြည်မြို့နယ်၊ သာပေါင်းမြို့နယ်နှင့် ငပုတောမြို့နယ် တို့မှ ပြည်သူများ သွားလာဆက်သွယ် ရေး လွယ်ကူမြန်ဆန်လာမည့်အပြင် မော်တင်စွန်းမှ ပုသိမ်အနောက်ဘက် ခြမ်းတစ်လျှောက် သာပေါင်း-ကြံခင်း လမ်း၊ သံတွဲ-ဂွ-ရေနံ့သာ-သာပေါင်း လမ်းတို့မှတစ်ဆင့် ပုသိမ်-ရန်ကုန် လမ်း၊ ပုသိမ်-မုံရွာလမ်း စသည့် ပြည်ထောင်စုလမ်းမကြီးများနှင့် တိုက် ရိုက်ဆက်စပ်သွားမည့်အပြင် ငွေဆောင် ကမ်းခြေ၊ ချောင်းသာကမ်းခြေရှိ ဟိုတယ်နှင့် အပန်းဖြေစခန်းများသို့ လည်း ဇက်ကူးရန် အချိန်စောင့်ဆိုင်း စရာမလိုဘဲအလွယ်တကူ သွားရောက် နိုင်မည်ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပုသိမ်မြို့ မြို့တော် ခန်းမသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာ များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ နှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ဧရာဝတီ တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော် အရာရှိကြီးများ၊ ဧရာဝတီ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူး ကြီးစိန်မောင်နှင့် တိုင်းအဆင့် ဌာန ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်နှင့် ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ရေကြည်၊ သာပေါင်းနှင့် ငပုတောမြို့ နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြ သည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ဧရာဝတီ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးစိန်မောင်က ဧရာဝတီတိုင်း ၏ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေအနေ၊ ဆည်တမံများနှင့် လမ်းတံတားများ အခြေအနေ၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု တွင် ဧရာဝတီတိုင်းက ပုသိမ်ဖွံ့ဖြိုး ရေးဇုန်၊ ဟင်္သာတဖွံ့ဖြိုးရေးဇုန်နှင့် မအူပင်ဖွံ့ဖြိုးရေးဇုန်တို့၌ ဆောင်ရွက် လျက်ရှိသောတည်ဆောက်ရေးလုပ်ငန်း များ အခြေအနေ၊ လူမှုရေးအခြေအနေ များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ အား နှုတ်ခွန်းဆက်အမှာစကားပြော ကြားသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာ စကားပြောကြားရာတွင် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရန် နိုင်ငံ တော်အစိုးရက စီးပွားရေးစီမံကိန်း များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းရည်မှန်းချက်များ အောင်မြင် စေရေးအတွက် တိုင်း၊ ခရိုင်နှင့်မြို့နယ် အဆင့်ဆင့်တို့က ကြိုးပမ်းဆောင်ရွက် ကြရန်လိုကြောင်း။

အထူးသဖြင့် ဧရာဝတီတိုင်းသည် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက် ရန် အဓိကအထောက်အကူပြုလျက် ရှိသော တိုင်းတစ်တိုင်းဖြစ်သည့်အပြင် လယ်ယာစိုက်ပျိုးရေးနှင့် သားငါး ကဏ္ဍတို့၌ မြေဆီမြေလွှာကောင်းမွန်ပြီး သဘာဝအခြေအနေပေးသော တိုင်း တစ်တိုင်းဖြစ်ကြောင်း၊ အဓိကသီးနှံ ၁၀မျိုးအနက်ဝါမှလွဲ၍ စိုက်ပျိုးဖြစ်ထွန်း လျက်ရှိသည့်ဒေသဖြစ်သဖြင့် နိုင်ငံ တော်အကြီးအကဲ၏ လမ်းညွှန်ချက် အတိုင်း မိုးစပါးစိုက်ဧက ၃၄သိန်း ပြည့်မီအောင် တိုးချဲ့ဆောင်ရွက်ကြ ရန်နှင့် သတ်မှတ်တစ်ဧကအထွက်နှုန်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သားငါးကဏ္ဍတွင် လည်းငါးကန်ဧရိယာဧခြောက်သောင်း ကျော်ရှိရာမှ လာမည့်ပွင့်လင်းရာသီတွင် ဧကရှစ်သောင်းအထိ ရရှိရေးကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေချို ပုစွန်မွေးမြူရေး လုပ်ငန်းများကိုလည်း သိပ္ပံနည်းကျဖြင့် တိုးချဲ့မွေးမြူကြရန်နှင့် ထိုသို့ သားငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေ များကို ထိခိုက်လျော့ပါးမှု မရှိအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ အပြင် အခြားကုန်ထုတ်လုပ်မှုကဏ္ဍ များကိုလည်း ဒေသအလိုက် ဖွံ့ဖြိုး တိုးတက်အောင် တီထွင်ကြံဆကြိုးပမ်း ကြရန်လိုကြောင်း။

ထိုသို့သော ဆောင်ရွက်မှုသာ ဒေသ နေပြည်သူများ စီးပွားရေးပိုမိုဖြစ်ထွန်း ကာ ဧရာဝတီတိုင်းအတွက် ပိုမို အထောက်အကူ ပြုလာနိုင်မည်ဖြစ် သကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာအကျိုးပြုလာနိုင်မည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်များ နှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

နည်းပညာကောလိပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ အပင်နှစ်ဆယ်ကျေးရွာ၌ တည် ဆောက်လျက်ရှိသော ပုသိမ်အစိုးရ နည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအင်အား အခြေအနေ၊ သင်ကြားပို့ချပေးသော ဘာသာရပ် များအခြေအနေတို့ကို လည်းကောင်း၊ အာကာဦးဆောက်လုပ်ရေးမှ ဒါရိုက် တာဒေါ်ခိုင်ဝါက ကျောင်းအဆောက် အအုံ တည်ဆောက်ပြီးစီးမှုလုပ်ငန်း များ အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ် ကြီးခင်မောင်သန်းက လိုအပ်သည် များကို တာဝန်ရှိသူများအား မှာကြား သည်။

အဆိုပါ ပုသိမ်အစိုးရနည်းပညာ ကောလိပ်သည် မြေဧရိယာ ၂၇ ဒသမ ၄၅ ဧက ကျယ်ဝန်းပြီး အလျား၄၉၆ပေ၊ အနံ ၄၆ပေရှိ သုံးထပ်အဆောက်အအုံ ဖြစ်သည်။ အလျားပေ ၉၀၊ အနံပေ ၅၀ရှိခန်းမနှင့် အလျားပေ ၄၀၊ အနံပေ ၃၀ရှိ စာသင်ခန်းများ ပါဝင်ကာ ကျောင်းသား၊ ကျောင်းသူ ၂၀၀၀ခန့် တက်ရောက်ပညာသင်ကြားနိုင်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်နှင့် အဖွဲ့ဝင်များသည် မော်တော် ယာဉ်များဖြင့် ပုသိမ်-မြင်းကဆိပ် ကျောက်ခင်းလမ်းမှတစ်ဆင့် ဇက်ရေ ယာဉ်ဖြင့်ဖြတ်ကူး၍ ဆက်လက် ထွက်ခွာခဲ့ရာညနေ၄နာရီတွင်မြောင်းမြ မြို့သို့ရောက်ရှိကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝယ်သူ့စိတ်ကြိုက်ဂျာနယ် အတွဲ(၄)၊ အမှတ်(၉)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနေရောင်ခြည် ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်က ထုတ်ဝေ၍ အယ်ဒီတာချုပ် နွယ်ဦးလှိုင် စီစဉ် တည်းဖြတ်သော ဝယ်သူ့စိတ်ကြိုက် ဂျာနယ် အတွဲ(၄)၊ အမှတ်(၉) ကို ဖြန့်ချိထားသည်။

အဆိုပါဂျာနယ်၌ သုတရသစုံလင် သော အကြောင်းအရာများနှင့်တကွ ကွန်ပျူတာကွန်ရက်နှင့် မြန်မာ၊ သင့်အတွက်လုံခြုံသောမော်တော်ယာဉ် တစ်စီး၊ မင်းသားကြီး ဦးကျော်ဟိန်း လွှတ်ကျန်းမာရေးယာဉ်၊ ပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ နည်းဥပဒေ၊ ယန်းဈေးကြောင့် တိုယိုတာအမြတ်ငွေ ကျဆင်း၊ ခုနစ်ရက် သားသမီးများ အတွက် ခုနစ်နေ့နံအကျိုးပေးဂဏန်း များ၊ ဒေါသကြီးတဲ့ ယာဉ်မောင်းနှင့် တွေ့ရတတ်တဲ့အခါ၊ ယာဉ်မောင်း လိုင်စင်ဘယ်လိုလုပ်ရသလဲ၊ မြန်မာ ပြည်တွင်းဈေးကွက် စီးပွားရေး သတင်းများနှင့် ပြည်တွင်းပြည်ပမှ နောက်ဆုံးရရှိသော သတင်းများ ပါဝင်ပြီး အမှတ်(၂၇/၂၈) သီရိမွန်လမ်း သီရိမွန်ပလာဇာ မရမ်းကုန်းမြို့နယ် ရန်ကုန်က တစ်ပြည်လုံးသို့ ဖြန့်ချိ သည်။ (က-ပ)

ရေခဲသေတ္တာ၊ အဲယားကွန်း သီးသန့်အမြန်သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁

ရေခဲသေတ္တာ၊ အဲယားကွန်း အခြေခံ အသုံးချနည်းစနစ်များ ပြုပြင်ထိန်းသိမ်း တပ်ဆင်ခြင်းနှင့် အခြေခံလျှပ်စစ်ပညာ များကို Grace Training and Service Centre မှ စာတွေ့၊ လက်တွေ့ (လက်တွေ့ဦးစားပေးစနစ်၊ တစ်လ အပြတ်) ပစ္စည်းကိရိယာစုံလင်စွာဖြင့် လုပ်သက်ရင့် နည်းပြဆရာများ ကိုယ်တိုင် လစဉ်တန်းခွဲသစ် နှစ်ခု ဖွင့်လှစ်ပြီး သင်ကြားပေးလျက် ရှိသည်။

တိုးတက်ထွန်းကားလိုသူ လူငယ် များအတွက် ကုမ္ပဏီ စက်ရုံ အလုပ်ရုံ Shore Jobs များတွင် Professional ဖြစ်စေပြီး (အခြေခံပိုင်မှ လက်တွေ့နိုင်မည်)ဟူသော ဆောင်ပုဒ် ဖြင့် နိုင်ငံတကာအဆင့်မီ ဖွင့်လှစ် မည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူ မဆို သင်တန်းခန်းမ အမှတ်(၆၉) ပထမထပ် ဗိုလ်စိန်မှန်လမ်း ဗဟန်း မြို့နယ် (တာမွေအဝိုင်းမှတ်တိုင်အနီး) ဖုန်း-၇၀၇၉၅၆သို့ ဆက်သွယ်စာရင်း ပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

ကဏ္ဍပေါင်းစုံတွင် တည်ဆောက်မြှင့်တင်

နိုင်ငံတော်တစ်ဝန်းတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း တည်ဆောက်မြှင့်တင်ရေးလုပ်ငန်းစဉ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဤသို့ကြိုးပမ်းတည်ဆောက်ခဲ့ရာတွင် တိုင်းရင်းသားပြည်သူအပေါင်း၏ အကျိုးစီးပွားကို ဦးတည်ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားပြည်သူတို့အကြား ပေါင်းကူးယှက်နွှယ် ချစ်ကြိုးသွယ်စေမည့် တံတားကြီးများကို တည်ဆောက်ခဲ့ရာတွင် ယခုနှစ် ဇူလိုင် ၆ ရက်က ဖွင့်လှစ်ခဲ့သော ဧရာဝတီတိုင်း ရန်ကုန်–ပုသိမ်ကားလမ်းပေါ်ရှိ ဒါးကတံတားကြီးလည်း တစ်စင်းအပါအဝင်ဖြစ်သည်။

(အပေါ်ပုံ) [ဓာတ်ပုံ–ငွေအောင်(ကြေးမုံ)]

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းက ဧရာဝတီတိုင်း သာပေါင်းမြို့နယ်တွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော တစ်နေ့တန် (၂၀၀) ကျ အရောင်ချွတ်ပြီး ဝါးပျော့ဖတ်စက်ရုံ (သာပေါင်း) စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (ဝဲမှ အပေါ်ပုံနှင့်ဝဲပုံ) **အဆိုပါ စက်ရုံမှ တစ်နှစ်လျှင် အရောင်ချွတ်ပြီး ဝါးပျော့ဖတ်တန် ၆၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။** [ဓာတ်ပုံ–စက်မှု(၁)]

လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရာတွင် အခြေခံပညာကျောင်းများ၏ ကျောင်းဆောင်သစ်ကြီးများသည် အနာဂတ်သားကောင်း ရတနာတို့ကို မွေးထုတ်ရာ ပန်းဥယျာဉ်ကြီးသဖွယ်တည်ရှိသည်။ အောက်ဆုံးပုံတွင် လှိုင်သာယာမြို့နယ် အမက(၄၇)ကို တွေ့နိုင်သည်။

[ဓာတ်ပုံ–(သတင်းစဉ်)]

စက်မှုလယ်ယာတစ်ခေတ် ဆန်းသစ်လာတော့မည်

စက်စွမ်းအားလေ့လာ

ကောက်စိုက်စက်၏ စက်စွမ်းအားအကြောင်းကို မြို့နယ်စက်မှုလယ်ယာ ဦးစီးအရာရှိ ဦးတင်မောင်ထွန်းက ရှင်းပြရာ မြို့နယ်ဥက္ကဋ္ဌဦးမြပာန်နှင့် စိုက်တိုးမြှင့်အဖွဲ့များ၊ ဌာနဆိုင်ရာများ လေ့လာကြည့်ရှုကြစဉ်။

(ဓာတ်ပုံမှတ်တမ်း – မော်ကျွန်း-မြင့်အောင်)

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံမှတ်တမ်း–မော်ကျွန်း မြင့်အောင်

ရန်ကုန် စက်တင်ဘာ ၁

စက်မှုစွမ်းအင် နိုင်ငံတစ်ခွင် စည်ပင်ဖွံ့ဖြိုး သီးနှံအထွက်တိုး၏။

စက်မှုကဏ္ဍ၏ အရေးပါပုံ ကဗျာတိုလေးတစ်ပုဒ်ကို ကိုယ်တိုင်ရေးစပ်ဖွဲ့ ဆိုနေမိပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်း စက်မှုကဏ္ဍ စည်ပင်ဖွံ့ဖြိုးဝေဆာ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတစ်ဝန်း စိုက်ပျိုးထုတ်လုပ်သော သီးနှံမျိုးစုံတို့တွင်လည်း အမှန်ပင် အထွက်တိုးမည်ဖြစ်ပေသည်။

စက်မှုကဏ္ဍ၏ တွင်ကျယ်အရေးပါမှုများကား စာဖြင့်ရေးဖွဲ့၍ပင် မကုန်နိုင်အောင် ရှိနေပါတော့သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ရှေးရှုချီတက်ရာတွင် စက်မှုစွမ်းအင်၏ အခန်းကဏ္ဍသည်များစွာ အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်နေမည်သာ ဖြစ်ပေသည်။

ရှေးရှုချီတက်

ထို့ကြောင့်လည်း နိုင်ငံတော်၏ အဓိကစီးပွားရေး လုပ်ငန်းဖြစ်သော လယ်ယာကဏ္ဍမျက်နှာစာ ဖွံ့ဖြိုးတိုးတက်ရန်မှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တဖြည်းဖြည်း အသွင်ကူးပြောင်းရန်ဖြစ်ပြီး အမှန် တကယ်လည်း စက်မှုလယ်ယာခေတ်ဆီသို့ ရှေးရှု ချီတက်ရန်ဖြစ်ပေသည်။

လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူသုံးစွဲလျှင် အကျိုးရှိမှန်း အပြောမဟုတ်၊ အလုပ်နှင့်သက်သေပြကာ လက်ခံယုံကြည် လာကြပြီဖြစ်သည်။ မိရိုးဖလာ ကျွဲ၊ နွားများဖြင့် ထွန်ယက်ခြင်းထက် လယ်ယာသုံးလက်တွန်းထွန်စက်ဖြင့် ထွန်ယက်ခြင်းကသာ၏။ လက်ဖြင့်စိုက်ပျိုးခြင်းထက် လယ်ယာသုံး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကသာ၏။ လက်ဖြင့် ရိတ်သိမ်းခြင်းထက် လယ်ယာသုံး ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်းခြင်းက သာ၏။ လက်ဖြင့် ခြွေလှေ့ခြင်းထက် လယ်ယာသုံးခြွေလှေ့စက်ဖြင့် ခြွေလှေ့ခြင်းက သာ၏။

ရလဒ်ကောင်းများ

စက်စွမ်းအား၏ အသုံးဝင်ပုံများကား ထူးထွေများပြားလှပါ၏။ လူ၏ ပင်ကိုအသိဉာဏ်၊ တီထွင်ဖန်တီးနိုင်မှု၊ ကိုင်တွယ်အသုံးပြုမှုများအပေါ် တိုးတက်ဖြစ်ထွန်းမှုများစွာ ရှိပေသည်။ စက်စွမ်းအားကို သုံးစွဲခြင်းဖြင့် လူသက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လုပ်ငန်းတွင်ကျယ်ပြီးစီး အောင် မြင်ခြင်း၊ ရာသီချိန်အမီ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းနှင့် စိုက်ပျိုးသီးနှံအထွက်တိုးခြင်း စသော ရလဒ်ကောင်းများ ခံစားရရှိကြမည်ဖြစ်ပေသည်။

စိတ်ဝင်စားစွာလေ့လာ

လယ်ယာသုံးစက်ကိရိယာ ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးပြသပွဲတွင် ကျေးရွာ ကိုးရွာမှ ဒေသခံ တောင်သူလယ်သမားများက သရုပ်ပြကွင်းအတွင်းဆင်းပြီး စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြစဉ်။

(ဓာတ်ပုံမှတ်တမ်း–မော်ကျွန်း–မြင့်အောင်)

လွန်ခဲ့သော ၁၀ နှစ်ကျော်က မြန်မာ့လယ်ယာမြေတွင် စက်စွမ်းအားသုံးစွဲမှု လွန်စွာမှ နည်းပါးလှသည်။ စက်စွမ်းအားကို သုံးစွဲရမှန်းလည်း မသိကြချေ။ နွေစပါးနှင့် သီးနှံမျိုးစုံတို့ကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရာမှ ရာသီချိန်အမီ ထွန်ယက်စိုက်ပျိုးရန် လိုအပ်လာပြီဖြစ်သည်။ မိရိုးဖလာ ကျွဲ၊ နွားတို့ဖြင့် ရာသီချိန်အမီ ပြီးစီးရန် အတော်ပင် ကြိုးစားပမ်းစား လုပ်ကိုင်ရမည်ဖြစ်ပေသည်။

စက်စွမ်းအားဖြင့် စိုက်ပျိုးလုပ်ကိုင်ခြင်းအားဖြင့် လူသက်သာ၊ အချိန်ကုန်သက်သာပြီး လုပ်ငန်းတွင်ကျယ် ပြီးစီးမည်ဖြစ်သည်။ ထို့ကြောင့်လည်း လုပ်ငန်းသဘောသဘာဝအရ စက်တို့က နေရာယူလာကြခြင်းဖြစ်သည်။ လယ်ယာသုံးစက်ကိရိယာတို့ဖြင့် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်လာခြင်းသည်ပင် စက်မှုကဏ္ဍမျက်နှာသစ် ဖွင့်လှစ်ခြင်း (သို့မဟုတ်) မြန်မာ့လယ်ယာကဏ္ဍ တစ်ခေတ်ဆန်းသစ်ခြင်း ဖြစ်ပေတော့သည်။

အစားထိုးဝင်ရောက်

ယခုမူ မြန်မာ့လယ်ယာမြေ တစ်ခွင်တစ်ပြင်တွင် ကျွဲ၊ နွားတို့၏နေရာ၌ လယ်ယာသုံးစက်ကိရိယာတို့က တစ်စတစ်စဖြင့် အစားထိုးဝင်ရောက် နေရာယူလာကြပြီဖြစ်သည်။ ကျေးရွာများတွင် တစ်နှစ်ထက်တစ်နှစ် လယ်ယာသုံးစက်ကိရိယာများ ပိုမိုတိုးပွားလာကြသည်။

ဤသို့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းနေချိန်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ အခန်းကဏ္ဍသည်လည်း ယခင်ကနှင့်မတူ အရေးပါလာသည်။ ထိရောက်လာပါသည်။ တောင်သူလယ်သမားတို့က စက်မှုလယ်ယာဦးစီးဌာနနှင့် ထိတွေ့ဆက်ဆံကြသည်။ နည်းပညာရယူကြသည်။ စက်စွမ်းအင်၏ သဘောသဘာဝကို မေးမြန်းကြသည်။ လယ်ယာသုံးစက်ကိရိယာတို့ကို စာရင်းပေးမှာကြားဝယ်ယူကြသည်။ စက်မှုလယ်ယာဦးစီးဌာနကို သူတို့ အားကိုးအားထားပြုလာကြပြီ ဖြစ်ပေသည်။

ထို့ပြင်စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရေးတွင် အရေးပါလှသည့် လယ်ယာသုံးစက်ကိရိယာများကို ထုတ်လုပ်ရေးစက်ရုံများမှ ထုတ်လုပ်လျက်ရှိရာ အမှတ် (၁) လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ ၉ မိုင်ရန်ကုန်မှ လယ်ယာ ၁၆ လက်တွန်းထွန်းစက်နှင့် လယ်ယာသုံး စက်ကိရိယာအမျိုးမျိုးကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန၏ အကြီးဆုံး စက်ရုံတစ်ရုံဖြစ်သော အမှတ်(၂) လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ ကျောက်ဆည်အင်းကုန်းမှ လယ်ယာသုံးစက်ကိရိယာ အမျိုးမျိုးကိုလည်းကောင်း၊ မင်္ဂလာဒုံ–ကျိုက္ကလို့နှင့် ထုတ်လုပ်ရေးစက်ရုံများမှ စက်ကိရိယာ အစိတ်အပိုင်းများကိုလည်းကောင်း ထုတ်လုပ်လျက်ရှိပြီး တောင်သူလယ်သမားများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် တိုက်ရိုက် အကျိုးပြုနေပြီဖြစ်ပေသည်။

လက်တွေ့သင်တန်း

ယခုအခါ တောင်သူလယ်သမားများ လက်ဝယ်သို့ ရောက်ရှိလာသော လယ်ယာသုံးစက်ကိရိယာတို့ကို ကိုင်တွယ်ထိန်းသိမ်းတတ်ရန် နည်းပညာလိုသည်။ လက်တွေ့သင်တန်းပေးရန်လိုသည်။ ထို့ကြောင့်လည်း စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းနည်း လက်တွေ့သင်တန်းများကို မြို့နယ်အလိုက် စက်မှုလယ်ယာဦးစီးဌာနများမှ ဦးဆောင်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ ယမန်နှစ်က မော်လမြိုင်ကျွန်းမြို့နယ် ကပ်ခိုစ်ပြကျေးရွာတွင် စက်ကိရိယာကိုင်တွယ် ထိန်းသိမ်းနည်း လက်တွေ့သင်တန်း ပေးခဲ့သည်။

စက်မှုစွမ်းအင်၏ အောင်မြင်မှုအဖြစ် လက်ဖြင့်ကောက်စိုက်ခြင်းနေရာတွင် လယ်ယာသုံးစက်ကိရိယာ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုသရုပ်ပြသပွဲကို မော်လမြိုင်ကျွန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၅၃) ထွန်စက်စခန်းမှ ကြီးမှူး၍ မယ်ဇလီပုသိမ်စုကျေးရွာအုပ်စု ရွာသစ်ကျေးရွာ တောင်သူလယ်သမား ဦးသိန်းအေး၏ လယ်မြေ၌ ယမန်နှစ်က ကျင်းပခဲ့သည်။

သမိုင်းမှတ်တိုင်သစ်

အထူးပြုတင်ပြရလျှင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ လှမ်းချီနေသော အချိန်ကာလဝယ် မြန်ပြည်တစ်ဝန်း စက်မှုလယ်ယာ ဦးစီးဌာနများမှ ကြီးမှူးပြသနေသော ကောက်စိုက်စက်သရုပ်ပြပွဲများသည် စက်မှုစွမ်းအင်၏ အောင်မြင်သော သမိုင်းမှတ်တိုင်သစ်များကို စိုက်ထူနေခြင်းဖြစ်ပေသည်။ စက်မှုစွမ်းအားဖွံ့ဖြိုး တိုးတက်လာခြင်းသည် သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုမည်ဖြစ်ရာ မြန်မာ့ လယ်ယာမြေအောင်ပွဲများနှင့်အတူ **စက်မှုလယ်ယာတစ်ခေတ်ဆန်းသစ်လာတော့မည်** မှာ မလွဲဧကန်သာ ဖြစ်ပါကြောင်း လေးနက်စွာဆန္ဒပြု တင်ပြအပ်ပါသတည်း။ ။

အာစင်နယ် လေးပွဲနိုင်ပြီး ထိပ်ဆုံးရောက်ရှိ ဆောက်သမ်ပတန်ကို မန်ယူ တစ်ဂိုးတည်း ကပ်ရှုံး

လန်ဒန် စက်တင်ဘာ ၁

ပရီမီယာလိဂ်ပွဲစဉ်များကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာ အာစင်နယ်အသင်းက မန်ချက်စတာစီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်သဖြင့် ပရီမီယာလိဂ်တန်းစီဇယားတွင် ထိပ်ဆုံးမှရောက်နေသည်။ ၁၂မှတ်ဖြင့် လေးပွဲစလုံးအနိုင်ရရှိရာ ၁၉၄၇ခုနှစ် နောက်ပိုင်း ပရီမီယာလိဂ်ပွဲစဉ် အစပိုင်းတွင် အကောင်းဆုံးအနေအထားသို့ ပြန်လည် ရောက်ရှိလာခြင်းဖြစ်သည်။

အာစင်နယ်နှင့် မန်စီးတီးတို့ပွဲတွင် ပွဲကစားပြီး ၁၀မိနစ်တွင် အာစင်နယ်အသင်းမှ ကင်မရွန်း နောက်ခံလူ လော်ရင်း ကိုယ့်ဂိုးကိုယ်သွင်းခဲ့သဖြင့် မန်စီးတီးက ပွဲကို တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

သွင်းယူခဲ့

သို့ရာတွင် ဒုတိယပိုင်းသုံးမိနစ်တွင် အာစင်နယ်ရှေ့တန်းလူ ဝီတော့က ချေပဂိုး သွင်းယူခဲ့သည်။ နောက်ပိုင်း၌ ကျန်သည့်တစ်ချိန်လုံးတွင် အာစင်နယ်က အသာစီးဖြင့် ကစားခဲ့သည်။ ဒုတိယပိုင်း ၇၂မိနစ်တွင် အာစင်နယ်အသင်းအတွက် ဒုတိယဂိုးကို ဖရက်ဒီယွန်းဘတ်က သွင်းယူခဲ့သည်။

အခြား ပရီမီယာလိဂ် ပွဲစဉ်တစ်ခုတွင် စိန့်မေရီ ကစားကွင်း၌ ယှဉ်ပြိုင်သည့်ပွဲတွင် ဆောက်သမ်ပတန်အသင်းက နာမည်ကြီး မန်ချက်စတာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် မန်ယူအသင်းမှာ ထိပ်ဆုံး၌ ရပ်တည်နိုင်ခြင်း မရှိဘဲ ဖြစ်ခဲ့ရသည်။

ကပ်နိုင်

အဆိုပါပွဲ၌ မန်ယူဂိုးသမား တင်ဟောင်းဝပ်မှာ ထောင့်ကန်ဘောကို ဖမ်းမမိဘဲ ဖြစ်ခဲ့ရာ ဆောက်သမ်ပတန်အသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဂျိမ်းစ်ဘက်တီးက ဂိုးသမား မရှိသည့် ဂိုးတွင်းသို့ ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ဆောက်သမ်ပတန်နှင့် ပွဲမတိုင်မီက ယှဉ်ပြိုင်ကစားသည့် ဝုလ်ဗာဟမ်ပတန်ကို တစ်ဂိုးတည်းဖြင့် ကပ်နိုင်ခဲ့ရာတွင်လည်း အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ပန်းချီသင်တန်း တက်ရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၁

Sunflower Art Gallery မှ စီစဉ်သော ဦးမောင်မောင်သိမ်းနှင့် ဆရာမ ချောအိသိမ်းတို့၏ စနေ၊ တနင်္ဂနွေ၌ ကျောင်းသား၊ ကျောင်းသူများအတွက် Regular Art Classes များကို နံနက်နှင့် ညနေ ဖွင့်လှစ်လျက်ရှိပြီး နွေရာသီ၌လည်း စဉ်ဆက်မပြတ် ဖွင့်လှစ် ပြသလျက်ရှိသည်။ ယခုအခါ လူကြီးနှင့် ကျောင်းသားကြီးများအတွက် သီးသန့် သုံးလသင်တန်းသစ်ကို စက်တင်ဘာလဆန်းမှ စ၍ သင်ကြားပေးသွားမည်ဖြစ်သည်။ အင်္ဂါနှင့် ကြာသပတေး (နံနက် ၈နာရီမှ ၉နာရီနှင့် ညနေ ၄:၄၅နာရီမှ ၅:၄၅နာရီအထိ) သင်ကြားပို့ချ ပေးမည်ဖြစ်ရာ ဦးမောင်မောင်သိမ်း (ပုသိမ်)ကိုယ်တိုင် ပြသမည်ဖြစ်၍ အမှတ် (၇၂) အောင်မင်းခေါင် (၁)လမ်းနှင့် သံလွင်လမ်းကြား ဖုန်း- ၅၃၄၂၇၁နှင့် ဖုန်း- ၆၆၀၃၇၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

စာရင်းအင်းပညာရပ် ရွှေရတုအခမ်းအနားကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံတွင် စာရင်းအင်းပညာရပ်ကို သင်ကြားခဲ့သည့် နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်အဖြစ် အာစရိယပူဇော်ပွဲ၊ စာတမ်းဖတ်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၂၅ရက်တွင် ရန်ကုန်စီးပွားရေး တက္ကသိုလ် အခန်းအမှတ် (၁၀)တွင် ကျင်းပရန် စီစဉ်လျက်ရှိသည်။ အဆိုပါ ရွှေရတုအခမ်းအနား ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်စီးပွားရေးတက္ကသိုလ် အခန်းအမှတ် (၁၀)၌ စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စာရင်းအင်းပညာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အစည်းအဝေး တက်ရောက်ပါရန်နှင့် ရွှေရတုအခမ်းအနားအတွက် အလှူငွေများကို ရန်ကုန်စီးပွားရေး တက္ကသိုလ်(ရွာသာကြီး) ဖုန်း-၅၉၁၄၁၇၊ ၅၉၁၄၁၈၊ ဒေါ်ထားထား ဖုန်း- ၅၀၅၄၄၀၊ ဦးငွေစိုး ရုံးဖုန်း- ၅၃၄၅၄၆၊ ၀၉၅၀၁၄၉၂၀၊ ဒေါ်အေးမြင့် ဖုန်း- ၆၆၃၆၂၀၊ ဦးလေးကြည် ဖုန်း-၀၉၅၀၁၃၆၄၆၊ ဦးတင်အောင် ရုံးဖုန်း- ၇၂၅၇၂၁၊ ၀၉၅၀၁၂၇၀၆နှင့် ဦးသင်းမောင် ရုံးဖုန်း-၃၇၀၈၇၄၊ ၀၉၅၀၀၆၈၉၃တို့သို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

လယ်တီစံသာသနာ့ရိပ်သာ ဝါတွင်း ၄၅ရက် အထူးတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁

ပုဇွန်တောင်မြို့နယ် မဟာစည် ဩဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာတွင် ဩဂုတ် ၂၇ရက်မှ အောက်တိုဘာ ၁၀ ရက် (သီတင်းကျွတ်လပြည့်နေ့) အထိ ဝါတွင်း ၄၅ရက် အထူးတရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ တရားအားထုတ်လိုကြသည့် ယောဂီများအားထုတ်နိုင်သည်။ ဥပုသ်နေ့တိုင်း မဟာစည်နာယက ဆရာတော်ကြီးများက မဟာသတိပဋ္ဌာန် အလုပ်ပေးတရားများကို ဟောကြားလျက်ရှိကြောင်း သိရသည်။ (က-ပ)

ရွှေကျင်ကျောင်းတိုက် ဆရာတော် ဝိဇာတမင်္ဂလာ

ရန်ကုန် စက်တင်ဘာ ၁

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ ဝိဇာတမင်္ဂလာပွဲကို ၁၃၆၅ခု တော်သလင်းလဆန်း ၄ရက်၊ ဩဂုတ် ၃၀ ရက် (စနေနေ့) နံနက်နှင့် နေ့လယ်တို့တွင် ယင်းကျောင်းတိုက်၌ ကျင်းပခဲ့သည်။ ဝိဇာတမင်္ဂလာ ကုသိုလ်တော်အဖြစ် မြတ်စွာဘုရားရှင်အား တပည့် သံဃာများက ၂၄နာရီ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ရောင်တော်ဖွင့်စေတီနှစ်ဆူတွင် ညပိုင်း၌ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ခြင်း၊ စာချ စာသင် သံဃာတော်များအား သင်္ကန်းဒွိစုံများ လှူဒါန်းခြင်း၊ အရဏ်နှင့် နေ့ဆွမ်းဆက်ကပ်ခြင်း၊ တပည့်ဒါယကာ ဒါယိကာမများအား နံနက်စာ၊ နေ့လယ်စာတို့ဖြင့် ကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ (က-ပ)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာ ဂေါက်သီးရိုက်အသင်းမှ အသင်းသားဖြစ်သူ ဦးခင်မောင်ရင်သည် ကစားဖော်များဖြစ်ကြသော ဦးသန်းရွှေ (Ever Green)၊ ဦးရန်ဝင်း (A-1 Construction)၊ ဦးကိုကြီး (Ultrashine Int Co.) တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက် ကစားကြရာ Wilson Smart Core No-1 ဘောလုံးကို Taylor Made Iron-6 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ ကိုက်အကွာအဝေးရှိ အမှတ် (၂)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

အောင်ဘာလေထီ ကံထူးရှင်များ

ရန်ကုန် စက်တင်ဘာ ၁

(၁၇၆)ကြိမ်မြောက် ကျပ် ၅၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆု

ရ-၇၂၈၀၄၄

ကျပ်သိန်း ၅၀ ဆုများ

ဧ - ၈၀၃၄၂၁
ပ - ၂၀၆၂၁၇
ည - ၃၁၅၀၁၇
ပ - ၆၇၃၀၄၆
စ - ၂၆၂၈၆၄
ဂ - ၈၇၃၁၉၀
ထ - ၂၂၈၁၂၈
ဠ - ၆၉၄၃၆၆
ပ - ၁၅၈၈၁၂
ဘ - ၈၆၈၀၅၅
အ - ၇၉၉၇၈၇
ဂ - ၂၁၉၅၉၄

ကျပ် ၂၅ သိန်းဆုများ

ည - ၅၅၃၆၂၃
ဧ - ၅၉၁၆၃၆
ဗ - ၇၂၁၃၃၈
အ - ၇၂၄၄၉၃
ရ - ၂၁၇၃၂၃
ကက - ၇၇၆၁၂၈
ဍ - ၁၃၀၈၇၂
ဍ - ၁၉၈၁၀၅
ဂ - ၇၄၇၆၈၆
တ - ၉၆၁၆၇၇
ထ - ၈၇၃၇၃၆
ခ - ၄၅၀၅၈၆
မ - ၁၄၇၆၂၁

ကျပ်သိန်း ၅၀ (မင်္ဂလာစုံတွဲ)

ဃ - ၄၃၅၇၉၃
လ - ၁၃၂၈၇၈
ကခ - ၅၆၀၂၃၂
ဠ - ၅၄၅၈၅၁
သ - ၅၃၉၄၀၅
န - ၇၁၄၅၄၃
က - ၄၈၆၆၆၅
ဒ - ၄၁၅၃၅၄
ကက - ၅၂၈၆၆၉
ဂ - ၄၃၄၆၃၁
အ - ၆၇၂၃၀၂
စ - ၆၅၀၅၈၅
အ - ၅၁၆၂၇၂
ဃ - ၄၅၉၅၂၆
ဍ - ၈၈၇၈၂၈
ကက - ၃၅၄၃၈၈
ဠ - ၃၃၂၈၃၂
ဖ - ၅၁၂၈၄၁
ဖ - ၆၀၀၃၃၃



ထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်မှုလေ့ကျင့် အသက်ကယ်နည်းစနစ်များ လက်တွေ့သရုပ်ပြသ

မန္တလေး ဩဂုတ် ၂၂

မန္တလေးမြို့တော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ထပ်မြင့်အဆောက်အအုံများ ရှိလာပြီဖြစ်၍ အရေးပေါ်မီးလောင်မှုဖြစ်ပွားပါကအထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်ခြင်းနှင့် အသက်ကယ်နည်းစနစ် လက်တွေ့သရုပ်ပြသခြင်းကို ဩဂုတ် ၁၆ ရက်က မဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြောက်ရပ်ကွက်ရှိ ရွှေသံလွင်အဆောက်အအုံတွင် ပြုလုပ်ရာ **(ယာပုံ)** မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်အားပေးကြည့်ရှုသည်။

— ကြည့်ရှုအားပေး —

အဆိုပါ လေ့ကျင့်သရုပ်ပြသရာသို့ မန္တလေးတိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ရဲကျော်သူ ရဲသူရဦးသန်းကျော်ကျော်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်း၊ မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးလှမောင်နှင့် ကော်မတီဝင်များ၊ မန္တလေးငါးမြို့နယ် မီးသတ်ဦးစီးမှူးများနှင့် တပ်ဖွဲ့ဝင်များ ကြည့်ရှုအားပေးသည်။

ထို့နောက် လေ့ကျင့်နေကြသော မန္တလေးတိုင်း အသက်ကယ်အဖွဲ့အတွက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုဆုငွေကျပ် ငါးသောင်းကို နည်းပြဆရာ ဦးစီးအရာရှိ ဦးကျော်မင်းသို့ ပေးအပ်သည်။ **(၃၈၇)**

စုပေါင်းသန့်ရှင်း

ဩဂုတ် ၂၈ ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းမောင်တို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မကျောက်မိဖောတိစေတီ အရံစေတီတော်နှစ်ဆူ ရွှေထီးတော်တင်လှူ

အောင်ပန်း ဩဂုတ် ၂၂

ကလောမြို့နယ် အောင်ပန်းမြို့ ရှေးဟောင်း မကျောက်မိဖောတိ စေတီတော်မြတ်ကြီး၏ အရံစေတီတော်နှစ်ဆူ ရွှေထီးတော်တင်လှူပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အောင်ပန်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သာသနထံမှ ကိုးပါးသီလနှင့် ရေစက်ချတရားတော်နာကြားသည်။

ထို့နောက် နယ်မြေခံ တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး မင်းဇော်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ရွှေထီးတော်များအား စေတီတော်ကို လက်ယာရစ်သုံးပတ် လှည့်လည် ပူဇော်ကြပြီး စေတီတော်ပေါ်သို့ ပင့်ဆောင်ကာ ဘုံအဆင့်ဆင့်ကို တင်လှူတော်မူကြသည်။ **(က-ပ)**

မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဌမအကြိမ် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

ဒေးဒရဲ ဩဂုတ် ၁၅

ဒေးဒရဲမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းစာတတ်မြောက်ရေး ကော်မတီ၏ အဌမအကြိမ် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထိန်လင်းက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အေးက ပညာသင်စရိတ် ထောက်ပံ့ငွေကို ကျောင်းသူ၊ ကျောင်းသားများသို့ ပေးအပ်သည်။

(မြို့နယ်ပြန်/ဆက်)

မအူပင်ခရိုင် လေးမြို့နယ် ကာယအလှမယ်ပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်က ပန်းတနော်မြို့နယ် ပန်းရောခန်းမတွင် ကျင်းပရာ ပထမဆုကို မအိမြတ်စုလင်း (မအူပင်မြို့နယ်)၊ ဒုတိယဆုကို မချယ်ရီစန်း (မအူပင်မြို့နယ်)၊ တတိယဆုကို မမျိုးပပအောင် (ပန်းတနော်မြို့နယ်)တို့ ရရှိကြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်၏ဇနီး ခရိုင်အမျိုးသမီးအားကစားမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းလွင်က ဆုချီးမြှင့်စဉ်။ (၁၆၆)

ကိုယ့်အားကိုယ်ကိုး ကျေးလက်တယ်လီဖုန်း တိုးချဲ့တပ်ဆင်

ကောလင်း ဩဂုတ် ၂၅

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျေးလက်ဒေသကိုယ့်အားကိုယ်ကိုး တယ်လီဖုန်းများတိုးချဲ့တပ်ဆင်ရေးကို စီမံချက်ချဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ရက်က ကောလင်းမြို့နယ် ကျောက်ပြင်သာနယ်မြေတွင် တယ်လီဖုန်း ၄၈ လုံးကို တပ်ဆင်ခဲ့သည်။

ကြီးကြပ်ဆောင်ရွက်

အဆိုပါ ကျေးလက်ဒေသ တယ်လီဖုန်းတပ်ဆင်ရေးလုပ်ငန်းသို့ မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်စိုး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာဦးသန်းအေးနှင့် ဝန်ထမ်းများ၊ ကျောက်ပြင်သာနယ်မြေ ဆက်သွယ်ရေးတာဝန်ခံဦးကျော်တင့်တို့က အနီးကပ်ကြီးကြပ်ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။ **(၂၁၄)**

စာကြည့်တိုက်ပညာ လုပ်ငန်းခွင် သင်တန်းဖွင့်

ဓနုဖြူ ဩဂုတ် ၂၅

ဓနုဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ စာကြည့်တိုက်ပညာ လက်တွေ့လုပ်ငန်းခွင် လေ့ကျင့်မှုသင်တန်း အမှတ်စဉ် (၃/၂၀၀၃) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက် ၉ နာရီက ဓနုဖြူမြို့နယ် စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကျော်သိန်းနှင့် မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးတင်ထွေးတို့က အမှာစကားပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၆၃ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ် ကျောင်းကျန်းမာရေး စစ်ဆေးမှုအဖွဲ့ခေါင်းဆောင် သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာအေးအေးမော်နှင့်အဖွဲ့ ဩဂုတ် ၂၁ ရက်က အေ (၉) လမ်းမူလတန်းကျောင်းတွင် ကျောင်းသူ၊ ကျောင်းသားများအား ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးကုသပေးကြစဉ်။ (၃၆၄)

မြို့နယ်သတင်းများ

အိမ်ရှင်မများအတွက် ဘဝတစ်သက်တာ သင်ခန်းစာ ဆင့်ပွားသင်တန်း ဖွင့်လှစ်

တံတားဦး ဩဂုတ် ၂၉

တံတားဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ အိမ်ရှင်မများအတွက် ဘဝတစ်သက်တာ သင်ခန်းစာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၈နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်အေးမြင့်၊ အသင်းဥက္ကဋ္ဌ ဒေါ်ခင်အောင်နှင့် အမှုဆောင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သီသီခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၄၀ ဦး တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သတင်းဆောင်းပါး– သူရညွန့် ဓာတ်ပုံ–သမဝါယမ

သွင်းကုန်အစားထိုး မုန့်အမျိုးမျိုး တိုးမြှင့်ထုတ်ကုန် မြန်မာဘီစကွတ်စက်ရုံ

ရန်ကုန် စက်တင်ဘာ ၁

မကြာမီက အလုပ်ကိစ္စဖြင့် ဈေးပွဲတော်တစ်ခုသို့ သွားရောက်ခဲ့ရာ အမှတ်မထင် မာရီနာဘီစကွတ်အရောင်းဆိုင်ကို တွေ့ရသဖြင့် ဝင်ရောက်လေ့လာ ကြည့်ရှုခဲ့သည်။

အရောင်းဆိုင်တွင် မာရီနာဘီစကွတ်၊ မာရီနာဝေဖာ၊ ဆပ်ကပ်ဝေဖာ၊ Diet Biscuit စသည်များကို အရောင်အသွေးစုံ သေသပ်လှပသော ထုပ်ပိုးမှုများဖြင့် ခင်းကျင်းပြထားသည်ကို တွေ့ရသည်။

သို့နှင့် မိမိလည်း စပ်စုလိုက်မိသည်။

"ဒီဘီစကွတ်တွေက ဘယ်နိုင်ငံက ထုတ်လုပ်တာလဲ"

ကျွန်တော်၏အမေးကြောင့် အရောင်းတာဝန်ခံ အမျိုးသမီးသည် ကျွန်တော့်အား ပြုံး၍ကြည့်လိုက်ပြီး–

"ကျွန်မတို့အရောင်းဆိုင်မှာတင်ထားတဲ့ ဘီစကွတ်နဲ့ ဝေဖာတွေအားလုံးဟာ ပြည်တွင်းဖြစ်တွေပါ။ ကျွန်မတို့ရဲ့ မြန်မာဘီစကွတ်စက်ရုံက ထုတ်လုပ်တာပါ။ ဒါကြောင့် ဈေးနှုန်းလည်း သက်သာပါတယ်။ တစ်ထုပ်

မြန်မာဘီစကွတ်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ–သမဝါယမ)

လောက်ဝယ်ပြီး သုံးဆောင်ကြည့်ပါ။ သန့်ရှင်းလတ်ဆတ်ပြီး ကောင်းမွန်တဲ့ အရသာရှိကြောင်းကို အာမခံပါတယ်"ဟု ရှင်းလင်းပြောပြသည်။

မိမိ၏ အထင်နှင့်အမြင်များသည် ပါစင်အောင်လွဲခဲ့ပြီ။ သို့အတွက် အချိန်ရတုန်း သိလိုသည်များကို စူးစမ်းဖြစ်ခဲ့သည်။

"စိတ်မရှိနဲ့နော်၊ သိချင်တာလေးတွေ မေးဦးမယ်။ ညည်းတို့ ဘီစကွတ်စက်ရုံက နိုင်ငံခြားနဲ့ ဖက်စပ်လုပ်တာလား"

"မဟုတ်ပါဘူးရှင်၊ ကျွန်မတို့ နိုင်ငံသားပိုင်စက်ရုံပါ။ ၁၉၉၃ ခုနှစ်ကစပြီး သမဝါယမဖွဲ့စည်းကာ လုပ်ငန်းတွေကို စီမံခန့်ခွဲခဲ့ပါတယ်"

"သမဝါယမအသင်းနာမည်က"

"ဆပ်ကပ် စားသောက်ကုန်လုပ်ငန်း သမဝါယမအသင်း လီမိတက်ပါ။ သမဝါယမဖွဲ့စည်းတဲ့ နှစ်ကစပြီး ဆပ်ကပ်ဝေဖာများကို စတင်ထုတ်လုပ် ဖြန့်ဖြူးခဲ့ပါတယ်။ ကျွန်မတို့ဆီကထုတ်လုပ်တဲ့ ဆပ်ကပ်ဝေဖာများဟာ နှစ် အနည်းငယ်အတွင်းမှာ တစ်ဟုန်ထိုး လူကြိုက်များပြီး ကျော်ကြားလာခဲ့ပါတယ်။ ဒါကလည်း ကျွန်မတို့ရဲ့စေတနာထား ကြိုးပမ်းလုပ်ဆောင်မှုရဲ့ရလဒ်ပဲ ဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်မှာတော့ ခြင်္သေ့တံဆိပ်နဲ့ မာရီနာဘီစကွတ်ကို ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ မာရီနာဘီစကွတ် ကြိုးဆွဲ မုန့်ပုံးလေးများဟာ အခုတွေ့မြင်ရတဲ့အတိုင်းပါပဲ။ ဆန်းသစ် လှပတဲ့ ပါကင်ထုပ်ပိုးမှုနဲ့ နိုင်ငံခြားစံချိန်မီ ပြုလုပ်ထားခြင်း ဖြစ်ပါတယ်။ သန့်ရှင်းလှပ အရသာရှိပြီး ခေတ်မီတဲ့ထုပ်ပိုးမှုနဲ့ ဒီမာရီနာဘီစကွတ်ပုံးများဟာ လူကြိုက်များ လှတဲ့အတွက် သွင်းကုန်အစားထိုး ထုတ်ကုန်တစ်ခုအဖြစ် အောင်မြင်စွာ ရပ်တည်လျက်ရှိပါတယ်ရှင်"

"မာရီနာဘီစကွတ်ကို တီဗွီကြော်ငြာမှာ တွေ့ကတည်းက စိတ်ဝင်စားနေတာ အခုသွင်းကုန် အစားထိုးအဖြစ်နဲ့ပါ ကြော်ငြာနေတယ်ဆိုတော့ နိုင်ငံတော်အတွက် အားတက် ဂုဏ်ယူစရာပဲပေါ့"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ရဲ့ မြန်မာဘီစကွတ် စက်ရုံဟာ ထုတ်ကုန်ပစ္စည်းတွေ အရည်အသွေးကောင်း မွန်ဖို့ အမြဲတမ်း ကြိုးပမ်းလုပ်ဆောင်ပြီး စားသောက်ကုန် အမယ်သစ်(အမည်သစ်) တွေကို တိုးတက်ထုတ်လုပ်လျက်ရှိပါတယ်။ အခုလည်း မာရီနာဝေဖာကို ထုတ်လုပ်လျက်ရှိရာမှာ ကုန်ပစ္စည်းအရည်အသွေးကောင်းကောင်း၊ ထုပ်ပိုးမှုအရည်အသွေးကောင်းကောင်းနဲ့ ဈေးနှုန်းသက်သက်သာသာ ဖြန့်ဖြူးပေးနေတဲ့အတွက် လူတန်းစားမရွေးစားသုံးနိုင်ပါတယ်။

မာရီနာ ဘီစကွတ်နဲ့ ဝေဖာမုန့်မျိုးစုံကို သက်သက်လွတ် ကုန်ကြမ်းများ

မြန်မာဘီစကွတ်စက်ရုံမှ ထုတ်လုပ်သည့် သွင်းကုန်အစားထိုး ကြိုးဆွဲ ဘီစကွတ်မုန့်ပုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ–သမဝါယမ)

နဲ့သာ ထုတ်လုပ်ထားတဲ့အတွက် လူမျိုး မရွေး၊ ဘာသာမရွေး စားသုံးနိုင်ပါတယ်။ ကျွန်မတို့ရဲ့ စေတနာထားလုပ်ဆောင်မှုကြောင့် မာရီနာ ဝေဖာကို မြန်မာ ပြည်သူများသာမက နိုင်ငံခြားသား သံတမန်ကြီးများပါ နှစ်သက် သုံးဆောင်ခဲ့ကြပြီး ကျွန်မတို့ရဲ့စက်ရုံကို စိတ်ဝင်တစား လာရောက်လေ့လာခဲ့ကြပါတယ်။ ဒါ့အပြင် ကျွန်မတို့ရဲ့ အထူးအစီအစဉ်တစ်ရပ်ကတော့ မင်္ဂလာ ဝေဖာဘူးများ ထုတ်လုပ်ခြင်းဖြစ်ပါတယ်။ မင်္ဂလာ မောင်မယ်များအတွက် မင်္ဂလာဝေဖာဘူးပေါ်မှာ သတို့သား၊ သတို့သမီးအမည်များ ရေးထိုးထုတ်လုပ်ပေးမှာ ဖြစ်ပါတယ်ရှင်"

"အခုလို ဆန်းသစ်တဲ့ တီထွင်မှုတွေနဲ့ ဆန်းသစ်တဲ့ အစီအစဉ်တွေ ပြုလုပ်တာဟာ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် အရေးပါလှတဲ့ လုပ်ရပ်ဖြစ်ပါတယ်"။

"ဒါထက် ဒီ Diet Biscuit ထုပ်ကလေးတွေကရော ဘယ်လို ထုတ်လုပ်ထားတယ်ဆိုတာ ပြောပြပါဦး"

"ဟုတ်ကဲ့ပါရှင်၊ ဒီ Diet Biscuit ကတော့ အသစ်တီထွင်ထုတ်ထားတာပါ။ ဆီးချို၊ သွေးချို ဝေဒနာရှင်တွေ အတွက် အထူးစီမံ ထုတ်လုပ်ထားတဲ့ ဘီစကွတ်တစ်မျိုးဖြစ်ပါတယ်။ သကြားဓာတ်နှင့် အဆီဓာတ်လုံးဝမပါဘဲ အာဟာရဓာတ်ပြည့်ဝတဲ့ အစားအစာ ဖြစ်ပါတယ်။ Diet Biscuit ကို စားသုံးခြင်းဖြင့် သွေးချို၊ ဆီးချိုရှိသူများကို ဆီးချို၊ သွေးချို ထိန်းပေးထားနိုင်ပြီး အဝလွန်သူများကို ပိန်စေပါတယ်။ အဆီဓာတ် လွန်ကဲနေသူများကို အဆီဓာတ်တိုးမြင့်မှုက ကာကွယ်ပေးနိုင်ပါတယ်"။

ကျွန်မတို့ အရင်က Soda Crackerကို ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီ Soda Cracker ဟာလည်း ဆီးချို၊ သွေးချို ဝေဒနာရှင်များ အစဉ်အမြဲ ဝယ်ယူအားပေး

မြန်မာဘီစကွတ်စက်ရုံမှ ထုတ်လုပ်သည့် နိုင်ငံခြားစံချိန်မီ ဘီစကွတ်မုန့်ဘူးကို တွေ့ရစဉ်။ (ဓာတ်ပုံ–သမဝါယမ)

သုံးဆောင်ခဲ့ပါတယ်။ ဒီအတွက်လည်း ဝယ်ယူအားပေးခဲ့သူများကို ကျေးဇူးတင်ပါတယ်။ အခုထုတ်လုပ်ထားတဲ့ Diet Biscuit ဟာ Soda Cracker ထက် သကြားဓာတ်နဲ့ အဆီဓာတ်တွေ လုံးဝလျှော့ချထားတာ ဖြစ်ပါတယ်။ ဒါကြောင့် Diet Biscuitဟာ ဆီးချို၊ သွေးချို ဝေဒနာရှင်များ၊ အဝလွန်သူများ၊ အဆီဓာတ် လွန်ကဲနေသူများအတွက် အမှန်တကယ် အားကိုးအားထား ပြုရမယ့် အစားအစာတစ်မျိုး ဖြစ်ပါတယ်"။

"ကျေးဇူးတင်ပါတယ်ကွာ။ ဦးရဲ့ မိတ်ဆွေတစ်ယောက် က ဆီးချို၊ သွေးချိုရှိတော့ သူ့အတွက် Diet Biscuit တစ်ထုပ် လက်ဆောင် ဝယ်ပေးလိုက်ဦးမယ်"

"အခုလို ရှင်းပြခွင့်ရတာကို ကျွန်မတို့ကလည်း ကျေးဇူးတင်ပါတယ် ဦးရယ်။ ဟောဒီမှာကြည့်ပါဦး။ Assorted Biscuit ဆိုတာလည်း ရှိသေးတယ်။

မြန်မာဘီစကွတ်စက်ရုံမှ ထုတ်လုပ်သည့် နိုင်ငံခြားစံချိန်မီ ဝေဖာမုန့်ဘူးကို တွေ့ရစဉ်။ (ဓာတ်ပုံ–သမဝါယမ)

ဒါကတော့ သာမန်ပုဂ္ဂိုလ်တွေအတွက် ထူးကဲကောင်းမွန် အရသာပြည့်ဝအောင် အထူးစီမံထုတ်လုပ်ထားတာပါ။ မုန့်အရည် အသွေးရော၊ ထုပ်ပိုးမှုပါအဆင့်မြင့်ပါတယ်"

"ညည်းတို့ စက်ရုံကထုတ်လုပ်တဲ့ ဘီစကွတ် ဘယ်နှမျိုးလောက်ရှိမလဲ"

"ကျွန်မတို့ မြန်မာဘီစကွတ်စက်ရုံက ထုတ်လုပ်တာ ဘီစကွတ်အမျိုး ၂၀ နဲ့ ဝေဖာကိုးမျိုး ရှိပါတယ်။ ဘီစကွတ်တွေကတော့ Special Marie, Cocoa Marie, Soda Cracker, Happy Family, Lucky Assorted, Lion Chocolate, Lion Butter, Lion Soda, Lion Marie, Cheese Cracker, Petit Beure, Marie (f), Royal Marie, Special Lemon Cream, Butter Coconut Box, Butter Coconut(f), Ice Star, Rose Cream Box, Lemon Cream Box, Coconut Cream Box, Diet Biscuit, Assorted Biscuit စသည့်တို့ဖြစ်ပြီး ဝေဖာအနေနဲ့ Marina Chocolate Wafer, Marina Strawberry Wafer, Marina Milk Wafer, Marina Durian Wafer, 4 in 1 Chocolate Wafer, 4 in 1 Strawberry Wafer, 4 in 1 Milk Wafer, Circus Chocolate Wafer, Circus Strawberry Wafer တို့ ဖြစ်ပါတယ်။

ဒါ့အပြင် သီတင်းကျွတ်ပွဲတော်အမီ မိဘဘိုးဘွားများကို ကန်တော့ရန်နဲ့ လက်ဆောင်ပေးရန် ဘီစကွတ်နဲ့ မုန့်အမယ်သစ်(အမည်သစ်)များကို လှပတဲ့ ဒီဇိုင်းအသစ်များနဲ့ အဆင့်မြင့်ထုပ်ပိုးမှုများ ပြုလုပ်ပြီး တီထွင်ထုတ်လုပ်ပေးသွားမှာ ဖြစ်ပါတယ်ရှင်"

"မြန်မာဘီစကွတ်စက်ရုံက ထုတ်လုပ်တဲ့ စားသောက်ကုန်တွေကို အခုလို ဈေးပွဲတော်မှာ တိုက်ရိုက်ဖြန့်ဖြူးတဲ့စနစ်နဲ့ အမြဲရောင်းချသလား"

"ကျွန်မတို့ဟာ သမဝါယမအသင်းဖြစ်တဲ့အတွက် သမဝါယမအရောင်းမြှင့်တင်ရေးနဲ့ ဈေးပွဲတော်တွေ၊ ကုန်စည်ပြပွဲတွေ တော်တော်များများမှာတော့ အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခဲ့ပါတယ်။

အခုအခါမှာတော့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်များနဲ့ အမြို့မြို့ အနယ်နယ်ရှိ အရောင်းဆိုင်များမှာ လက်လီ၊ လက်ကား ဝယ်ယူရရှိနိုင်ပါတယ်။

တိုက်ရိုက် ဆက်သွယ်လိုရင်တော့ မြန်မာ ဘီစကွတ်စက်ရုံ အမှတ် (၁၀၈) ရန်ကုန်–အင်းစိန်လမ်း ကမာရွတ် ရန်ကုန်ကို ဆက်သွယ်နိုင်ပါတယ်"

"သိလိုသမျှ ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်"

အရည်အသွေး ကောင်းမွန်တဲ့ သွင်းကုန်အစားထိုး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပါစေ၊ စားသုံးသူများအား အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ပါစေ၊ ဆပ်ကပ်စားသောက် ကုန်လုပ်ငန်းသမဝါယမအသင်းကြီး တိုးတက် အောင်မြင်ပါစေ ...။ ။

ပြန်လည်ဆန်းသစ် ရေပန်းစားလာသော မြန်မာ့ဟော်ကီအားကစား

ရန်ကုန် စက်တင်ဘာ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် အမိနိုင်ငံတော်ကြီးကို နိုင်ငံသူ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးအတွက် အဘက်ဘက်က ကဏ္ဍအလိုက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာ့အားကစား အခန်းကဏ္ဍတွင်လည်း **မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်** ဟူသည့် မြင့်မားသောရည်မှန်းချက်ဖြင့် မြန်မာ့အားကစားပိုမိုတိုးတက်လာစေရေးတွက်ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခင်က ပရိသတ်ရှေ့မှောက်တွင် အနည်းငယ်မှေးမှိန်၊ တိမ်မြုပ်နေသယောင်ရှိခဲ့သော တင်းနစ်၊ ဟော်ကီ၊ ဘိလိယက်နှင့် စနူကာအားကစားနည်းများမှာ ယခုမျက်မှောက်ခေတ်တွင် ပြန်လည်ဆန်းသစ် ရေပန်းစားလာခဲ့ကြပေသည်။

အဆိုပါ အားကစားအဖွဲ့ချုပ်သီးသီးမှ နာယကကြီးတစ်ဦး အပါအဝင်အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်တို့၏ အမျိုးသားရေးအမြင်၊ အမျိုးသားရေးအသိဖြင့် ဝါသနာ၊ စေတနာအရင်းခံ ကြိုးပမ်းအားထုတ်မှုကြောင့် နိမ့်ရာမှမြင့်ရာသို့ ပြန်ဦးမော့ကာ ပြန်လည်ရေပန်းစားလာသည့် အဆင့်မှနိုင်ငံတကာပြိုင်ပွဲများတွင်ပါဆုတံဆိပ်များပြန်လည် ဆွတ်ခူးအောင်မြင်လာနိုင်သည့် အဆင့်ထိတိုးတက်လာခဲ့သည်။

မြန်မာ့ဟော်ကီအားကစားနည်းဆိုပါလျှင်လည်း ၁၉၈၉ ခုနှစ် ဇူလိုင်လ ၅ရက်မှ ဖွဲ့စည်းတည်ထောင်ခဲ့သော်လည်း တိုတောင်းလှသော အချိန်ကာလအတွင်းမှာပင် ယခင်ကထက် ပရိသတ်ကြားရေပန်းစားလာခဲ့ပေသည်။ လူငယ်ထုအတွင်း"ဟော်ကီလာမလုပ်နဲ့"ဆိုသည့် ဗန်းစကားပင် ခေတ်စားလာသည်။ အဓိပ္ပာယ်မှာဟော်ကီရိုက်သကဲ့သို့နှယ်ဖြစ်သွားမည်ဟူ၍ အချင်းချင်း နောက်ပြောင်ကျီစယ်ကြခြင်းဖြစ်မည်ထင်သည်။

တကယ်တော့ ကုန်ပစ္စည်းတစ်ခု၊ တိမ်မြုပ်နေသောအားကစားနည်းတစ်ခုကို ပရိသတ် ကြားပြန်လည်ရေပန်းစားလာစေရန် စွမ်းဆောင်ရခြင်းမှာ လွယ်ကူသော အလုပ်မဟုတ်ပေ။ဦးစွာပရိသတ်ကြား ရေပန်းစားလာစေမည့်အဆင့်ထိ ဆောင်ရွက်ရပြီး ထိုမှတစ်ဆင့် လူငယ်မောင်မယ်များ ကစားချင်စိတ်ရှိလာစေရန် ပံ့ပိုးကူညီ ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ နောက်ဆက်တွဲအဖြစ် အဖွဲ့ချုပ် ၏ ဦးဆောင်မှုဖြင့်ပြိုင်ပွဲများ ကျယ်ကျယ်ပြန့်ပြန့်ကျင်းပရပါဦးမည်။ ပြည်တွင်း ပြိုင်ပွဲများမှတစ်ဆင့် ပြည်ပပြိုင်ပွဲများအထိတက်လှမ်းကာ အဆုံးတွင် ဆုတံဆိပ်များ ဆွတ်ခူးရယူနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

မြန်မာ့ ဟော်ကီအားကစားနည်းသည်လည်း ထိုကဲ့သို့ပင် အဆင့်ဆင့်လျှောက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ယခင်ကမူ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မြစ်ကြီးနား၊ ဟားခါး၊ တီးတိန်၊ ဖလမ်း စသည့်မြို့များ၌ ဟော်ကီအားကစားနည်းကိုကစားခဲ့ကြပြီး ယခုအဖွဲ့ချုပ်တည်ထောင်ပြီး နောက်တွင် ပိုမို၍ကျယ်ကျယ်ပြန့်ပြန့်ကစားလာခဲ့ကြသည်။

သတင်းဆောင်းပါး – မောင်မောင်ထွေး

ယခုလက်ရှိ မြန်မာနိုင်ငံတွင် ဟော်ကီအားကစားနည်းသင်တန်းဆင်းပြီးသူ ကစားသမား၆၇၄ဦးနှင့်လက်ရှိ အသင်းများတွင်ပါဝင်ယှဉ်ပြိုင်ကစားနေသူ ၄၄၀ဦး စုစုပေါင်း၁၁၁၄ဦးရှိကြသည်။ထို့ပြင်မန္တလေးမြို့တွင်အထက်မြန်မာပြည် အထောက်အကူပြုကော်မတီဖွဲ့စည်းထားရှိပြီး ယင်းကော်မတီသည် စစ်ကိုင်း၊ မန္တလေးနှင့်ချင်းပြည်နယ်တို့တွင် ပံ့ပိုးပေးရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တပ်မတော်မှတ်တမ်းရုံးတပ်မှူးနှင့် အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား ပတ်လည်အမှတ်ပေးပြိုင်ပွဲအပါအဝင်ပြိုင်ပွဲများစွာ ကျင်းပလျက်ရှိပြီး တပ်မတော်အတွင်း ဟော်ကီအားကစားနည်း ပြန့်ပွားလာစေရေးအတွက် အဖွဲ့ချုပ်နှင့်တပ်မတော် ဟော်ကီကော်မတီတို့ပူးပေါင်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဟော်ကီပြိုင်ပွဲများတွင် တိုင်း၊ တပ်မအသင်းများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ပြည်ပပြိုင်ပွဲမျက်နှာစာတွင်လည်း တစ်ပြေးညီတည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းခဲ့ကြရာ ၁၉၉၅ခုနှစ် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင်မူ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် တစ်လကြာ ပူးတွဲလေ့ကျင့်၍ အဆင့်မြင့်အသင်းများနှင့် ၁၂ ပွဲကစားခဲ့ရာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပေသည်။

ထို့အတူ အမိမြန်မာနိုင်ငံ၌လည်း ၁၉၉၉ခုနှစ်တွင် ပါကစ္စတန် အပြည်ပြည်ဆိုင်ရာလေကြောင်း(PIA) အသင်းဟာ၂၀၀၀ပြည့်နှစ်တွင် သီရိလင်္ကာတပ်မတော်ဟော်ကီအသင်းများနှင့် ချစ်ကြည်ရေးပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီး ၂၀၀၂ခုနှစ်တွင်မူ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဖလားဖိတ်ခေါ်ပြိုင်ပွဲအဖြစ် မြန်မာ၊ မလေးရှား၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် လေးနိုင်ငံမှပြိုင်ပွဲဝင် ငါးသင်းယှဉ်ပြိုင်ခဲ့ရာ မြန်မာ့လက်ရွေးစင် ဟော်ကီအသင်း အနေဖြင့် တတိယဆု ဆွတ်ခူးနိုင်ခဲ့ပေသည်။ အဆိုပါပြိုင်ပွဲဝင်အသင်းများမှာ အာရှဟော်ကီပြိုင်ပွဲဝင်မည့် အသင်းများဖြစ်ကြ၍ မြန်မာ့ဟော်ကီအားကစားနည်းသည် အတိုင်းအတာအဆင့်တစ်ခုအထိရှိကြောင်း ဆိုရပါမည်။

ယခုအခါတွင် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်သည် နိုင်ငံတကာအသင်းများနှင့် ချစ်ကြည်ရေးပြိုင်ပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများ၊ အာရှပြိုင်ပွဲများနှင့် အရှေ့တောင်အာရှပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာ့လက်ရွေးစင် ဟော်ကီအသင်း အချိန်ပြည့်ဆက်လက် လေ့ကျင့်လျက်ရှိကြောင်းသိရသည်။

ထို့အတူ မြန်မာနိုင်ငံတွင် ဟော်ကီအားကစားနည်း ကျယ်ကျယ်ပြန့်ပြန့်ပိုမိုထွန်းကားလာစေရေးနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အာရှဟော်ကီအဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်တို့၏ ပံ့ပိုးကူညီမှုများကိုရယူကာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များကဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟုသိရှိရ၍အနာဂတ်မြန်မာ့ဟော်ကီအားကစားအတွက် များစွာနှစ်ထောင်းအားရဖြစ်မိပါတော့သည်။ ။

ကြံရာသီ စီမံကိန်း တာဝန် ကျောက်တံခါး၌ ပေးအပ်

ကျောက်တံခါး ဩဂုတ် ၂၈

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြန်မာ့ကြံလုပ်ငန်း၏ ၂၀၀၃-၂၀၀၄ခုနှစ် ကြံရာသီ စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဩဂုတ် ၂၀ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးခင်သန်းက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်/ညှိကော်မတီဝင်များနှင့် မြန်မာ့ကြံလုပ်ငန်း မြို့နယ်တာဝန်ခံက ၂၀၀၃-၂၀၀၄ခုနှစ် ကြံသီးနှံလျာထားချက်ပြည့်မီရေးနှင့် အထွက်တိုးရေးကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့က ကြံစိုက်ပျိုးမည့် ကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌများသို့ တာဝန်ပေးအပ်လွှာများပေးအပ်သည်။

၂၀၀၃-၂၀၀၄ကြံရာသီတွင် ကျောက်တံခါးမြို့နယ်၌အထူးအထွက်တိုးဧက၁၂၀၀၊ သာမန်ဧက ၃၈၀၀၊ စုစုပေါင်း ဧက ၅၀၀၀စိုက်ပျိုးမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ခြေခြောက်ချောင်းနှင့် နွားကလေး

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် ရာဇဂြိုဟ်ရွာ နေရှုရာရပ်ကွက်နေ တောင်သူဦးနေဝင်း-ဒေါ်ငွေကြည်တို့၏ နွားမကြီးမှ ခြေခြောက်ချောင်းနှင့် အင်္ဂါနှစ်ခုပါနွားထီးလေးကို ဩဂုတ် ၅ရက်နံနက်က မွေးဖွားခဲ့သည်ကို ထူးဆန်းစွာတွေ့ရစဉ်။ (က-ပ)

ပေါင်မြို့နယ် ပြည်တွင်းကုန်တင်/ကုန်ချကော်မတီ(မုတ္တမ)ရုံးကကြီးမှူး၍ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက်က ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး(မုတ္တမ) အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြို့နယ် အလုပ်သမားဦးစီးအရာရှိ ဦးတင်ဝင်းက လုပ်သားကြီးများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။ (၂၅၇)

ပင်လောင်းမြို့ အရှေ့ရပ်ကွက် ရေနုတ်မြောင်းများကို စည်ပင်သာယာရေးဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ဩဂုတ် ၇ ရက်က တူးဖော်ရှင်းလင်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦးနှင့် မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးကျော်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသမီးရေးရာစက်ချုပ်သင်တန်းဖွင့်

ဒိုက်ဦး ဩဂုတ် ၂၆

ဒိုက်ဦးမြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူး၍ စက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီက မြို့မ(၁)ရပ်ကွက် ကျောင်းကြီးလမ်း မြို့နယ်အသင်းရုံးခန်းမ၌ ပြုလုပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ကြည်အေးက အမှာစကားပြောကြားသည်။

သင်တန်းကို နှစ်လဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြသည်။ **(၁၃၀)**

လပွတ္တာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့ဦးစီး၍ မြို့တွင်း ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရက်ကွက်ပြည်သူများနှင့် မြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများ ဩဂုတ် ၁၀ ရက် နံနက်က စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

သားကြီး ကိုရဲ

သားကြီး **ရဲကျော်သူ**ရဲ့ ၂-၉-၂၀၀၃နေ့တွင် ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ အောင်မြင်မှုများဖြင့် မိသားစုနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေ. . .။

ဖေဖေ – ဦးမောင်မောင်(မျိုးသုခအထူးဆေးကုဌာန)
မေမေ – ဒေါ်လှမြိုင် (စိန်ရတနာဆေးဆိုင်၊ ပြည်မြို့)
ချစ်ညီမလေး – မေသီရိခင်(ချောစုမ)။

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ

☎-542311 09-5002003

Ph:723102/ 4463509

ခြံအမှတ်(၁၂၇)၊ ဟံသာဝတီလမ်း၊ (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

အထက်ဖော်ပြပါ မြေပိုင်မြေနှင့်ယင်းမြေပေါ်ပါ အကျိုးခံစားခွင့်အရပ်ရပ်အား ကျန်အမွေဆိုင်များက ဦးမင်းလွင်(ခ)တန်ချောင်ကီး [၁၂/ကမရ(နိုင်)၀၄၆၃၁၁]ထံသို့ မည်သည့်ကိုယ်စားလှယ်ပါဝါမျှ ပေးအပ်ထားခြင်းမရှိပါ။ ယင်းမြေကွက်နှင့်မြေကွက်ပေါ်ပါ အကျိုးခံစားခွင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ကျန်အမွေဆိုင်များအားလုံး သိရှိသဘောတူခြင်းမရှိဘဲ ဦးမင်းလွင်တစ်ဦးတည်းက ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းနှင့် အခြားနည်းတစ်စုံတစ်ရာပြုလုပ်ပိုင်ခွင့် လုံးဝမရှိပါကြောင်း၊ ပြုလုပ်ပါကလည်း ပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်း ကြိုတင်သတိပေး ကြေညာအပ်ပါသည်။

ခြံအမှတ်(၁၂၇)၊ ဟံသာဝတီလမ်း၊ (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ (၁)ဦးကျော်လင်း (ခ)တန်ချောင်လင်း၊ (၂) ဦးကျော်မြင့်(ခ)တန်အဘင်း၊(၃) ဦးကျော်လွင်(ခ)တန်အစွမ်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–

ခင်စန်းမြင့် B.A(Law)., LL.B
တရားရုံးချုပ်ရှေ့နေ
တိုက်(၁/၈)၊ မြကန်သာအိမ်ရာ၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၅၂၇၃၁၄၊ ၀၉–၈၀–၂၂၃၈၄။

(NI SEN NI) JAPAN STYLE BEAUTY SALON

* နေ့စဉ်ဆိုင်ပစ္စည်းများကို ပိုးမွှားသန့်စင်စေပြီး အမျိုးသား၊ အမျိုးသမီးတို့အတွက် (သန့်၊ ကောင်း၊ သက်သာ)ရမှာ Japan Style ပါ။
Caring Co., ၏ထူးချွန်ဆုရှင် နီလာဝင်း၏ Hair Styleသစ်များနှင့်အတူ။
*အခန်း(၄)၊ ဝေဇယန္တာလမ်းနှင့် သစ္စာလမ်းထောင့်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။ ဖုန်း–၆၆၅၉၂၆။

G.G.A ကျောက်မျက်သင်တန်း

- ၁၉၉၁ မှ စတင်တည်ထောင်သည်။
- (၁)လသင်တန်း လစဉ်၊ လဆန်း ၅ရက်နေ့ စမည်။
- စာသင်ချိန် နာရီ ၉၀၊ စာသင်ချိန် အများဆုံး သင်တန်းဖြစ်သည်။

သင်တန်းအရွေးမှားစေရန်

- G.G.A တွင် အသေးစိတ် စုံစမ်းပါ။
- ထူးခြားသည့်ထင်မှ G. G. A ကို တက်ပါ။
- စုံစမ်းရန်–၄၇၄/၄၇၆၊ မဟာဗန္ဓုလလမ်း၊ ဖုန်း–၂၅၄၄၁၀။

SEVEN-O-TWO Mart ဖွင့်လှစ်ပွဲ
ဆိုင်ခွဲ (၂)

၅၀၀၀ ကျပ်နှင့်အထက် ဝယ်ယူသူတိုင်းအတွက် ၅% Discount
၁၀၀၀၀ ကျပ်နှင့်အထက် ဝယ်ယူသူတိုင်းအတွက် ၁၀% Discount

MCC up to 50% for September'03

Computerကို အခြေခံမှစ၍သင်ကြားပေးမည့် ICT Foundation Course
Office XP Course
Internet & E-mail Course
-Software Engineering
-Network Engineering
-Web Developer Course
-JAVA Professional Course
-e-ACCP Diploma သင်တန်း
MCC-IT@myanmar.com.mm

ရမ္မက်တဏှာမလွန်သာ၍
နေဦးလွင်

ပန်ဒါမင်္ဂလာခန်းမ

PANDA HOTEL ... Buffet Breakfast
Car Parking
TEL : (95-1)212851, 212852, 212853 Fax : (95-1) 212854

RUBY Car Rental 725317, 650823

ကားစီးလုံးငှားသည်

မြို့တွင်း၊မြို့ပြင် လချုပ် အဆင့်မြင့်ကားမျိုးစုံကို စိတ်တိုင်းကျ ငှားရမ်းနိုင်ပါပြီ။
CRANE ☎:538535,708569, 09-5002018

Contact Lens
ဒါ(လ်)ဗင့်ချတ်ဖွန်ဆိုင်
Ph : 707852

SUPER CAR RENTAL
249301, 0980 21801

Yan Aung

ချမ်းအားကျန်းမာရေး

Marketing Executive
Marketing

(၁)နှစ်မြောက် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ ဒါယိကာမကြီး

ဒေါ်ကျင်စိန် (မင်္ဂလာဒုံ)

အသက်(၇၆)နှစ်

အနန္တ ကျေးဇူးရှင်မိခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၂-၉-၂၀၀၃ရက်နေ့တွင် (၁)နှစ်ပြည့်မြောက်ပြီဖြစ်သော်လည်း မိခင်ကြီးအား တစ်နေ့မှမမေ့မရပါ။ မိခင်စိတ်အပြည့်ဖြင့် သားသမီးများအပေါ် ဆင်းရဲတော့ ကရုဏာ၊ ချမ်းသာတော့ ပီတိဆိုတဲ့ ညီမျှသော ချစ်ခြင်းမေတ္တာအပြည့်ပေးရှာတဲ့ အမေမိခင်ကြီး၏ ဂုဏ်ကျေးဇူးကို အထူးသတိရလွမ်းဆွတ်လျက် မိခင်ကြီးအားရည်စူး၍ တစ်နှစ်တာအတွင်း ဘုရားရောင်တော်ဖွင့်ခြင်း၊ သံဃာတော် အရှင်မြတ်တို့အား ဆွမ်း၊ ဆေးပဒေသာပင်များ လှူဒါန်းခြင်း၊ စာသင်တိုက်တွင် နဝကမ္မငွေလှူဒါန်းခြင်း၊ ကံသုံးဆင့်စာသင်တိုက်ကြီးတွင် ပိဋကတ်ကျမ်းစာအုပ်များ လှူဒါန်းခြင်း၊ ကျောင်းဆောက်ရန် လှူဒါန်းခြင်းနှင့် (၁)နှစ်ပြည့်အားရည်စူး၍ ကံသုံးဆင့်စာသင်တိုက်ကြီးတွင် ဝါဆိုတော်မူသော ရဟန်းသံဃာများအား ဆွမ်းကျွေးခြင်း၊ သင်္ကန်း၊ အာဟာရဆွမ်းများ ကပ်လှူဒါန်းခြင်း ပြုပြုသမျှကုသိုလ်တို့အား မိခင်ကြီးနှင့်တကွ (၃၁)ဘုံသားတို့အား အမျှပေးဝေပါသည်။ သားတို့၊ သမီးတို့ ပြုပြုသမျှကုသိုလ်အစုစုအား မိခင်ကြီးရောက်ရှိရာ မြင့်မြတ်သောဘုံဘဝမှ မြင်စေ၊ သိစေ ရစေအပ်ပါသည်။

အမေရေ– အမျှ အမျှ အမျှ–––။

သမီးကြီး – ဒေါ်အေးမြိုင်မိသားစု(မင်္ဂလာဒုံ)
သမီးလတ် – ဒေါ်ကြည်မိတ်မိသားစု(မင်္ဂလာဒုံ)
သားငယ် – ဦးကြင်ဦး မိသားစု(မော်လမြိုင်)။

ပါမောက္ခဦးအောင်ကြည်
အသက်(၅၂)နှစ်
ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး
ကလေးဆေးရုံကြီး၊ ရန်ကုန်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန်(၃)လမ်း၊ အမှတ်(၅)၊ အခန်း(E-1)နေ(ဦးခင်မောင်-ဒေါ်လှမြိုင်)တို့၏သားကြီး၊ (ဦးမောင်ငယ်-ဒေါ်အေးမြိုင်) တို့၏သားသမက်၊ ဒေါ်ခင်ခင်အေး၏ ခင်ပွန်း၊ မောင်သူရအောင် (Final Part-II၊မန္တလေးဆေးတက္ကသိုလ်)၊မောင်နန္ဒအောင်(5th Year EC၊ရန်ကုန်နည်းပညာတက္ကသိုလ်)၊ မောင်အာကာအောင် (IX-B၊ အထက-၂၊ကမာရွတ်)တို့၏ဖခင် ဦးကျော်ဝင်း (CEမြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း)-ဒေါ်ခင်နန်းမြင့်တို့၏ အစ်ကိုကြီးသည် ရန်ကုန်ဆေးရုံကြီး၌ ၁-၉-၂၀၀၃ရက် နံနက်၉း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၃ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဦးအောင်ကြည်(၅၂)နှစ်
ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ကလေးဆေးရုံကြီး ရန်ကုန်မြို့

၁-၉-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်၊
ပါမောက္ခများ၊ ကထိကများ၊ အထူးကုဆရာဝန်ကြီးများ၊
လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊
သူနာပြုဆရာမများနှင့် ဝန်ထမ်းများအားလုံး၊
မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး။

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဦးအောင်ကြည်(၅၂)နှစ်
ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ကလေးဆေးရုံကြီး ရန်ကုန်မြို့

ရန်ကုန်ကလေးဆေးရုံကြီးမှ ပါမောက္ခ ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာဦးအောင်ကြည် ၁-၉-၂၀၀၃ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့် အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီး၊ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများ
ကလေးဆေးရုံကြီး၊ မန္တလေးမြို့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဒီအေဗရာဟမ်
အသက်(၆၇)နှစ်
အုံကြီးသင်္ဘောကျင်း (ငြိမ်း)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးတောင်ရပ်ကွက်၊ အမှတ်(၅)၊ ပိန္နဲကုန်းလမ်းနေ ကိုဉာဏ်ဝေ-မလှမေ၊ ကိုမောင်နိုင်-မဒေါ်လီ၊ ကိုသန်းရွှေ-မအန်ဂျလင်း၊ (ယဉ်ထွေးအောင်)၊ မမိမိခိုင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ ဒေါ်နီလာ၏ခင်ပွန်းသည်၃၁-၈-၂၀၀၃ရက် ည ၇း၅၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်ခန်းမ(၃)၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ကိုကျော်သူအောင်
အသက်(၂၉)နှစ်
B.Sc (Gelo:) (Mdy)
ရေနံချောင်းမြို့

ရေနံချောင်းမြို့၊ (၃၁) မြို့မတောင်ရပ်နေ ရေနံတွင်းစားရိုး (ဦးအောင်ခင်-ဒေါ်မြင့်မြင့်)၊ ရန်ကုန်မြို့ (ဦးမောင်ကလေး-ဒေါ်အမာ)တို့၏ မြေးဦး၊ ဦးရန်ကြီးအောင်-ဒေါ်စုမာတို့၏ ချစ်လှစွာသော သားကြီး ကိုကျော်ဇောသက် (ပေါက်စီ)၊ ကိုတိုးအောင်ဝေ-မခေခင်မိုး၊ မပြည့်ဖြိုးစု၊ မစုမြတ်သီဂီ၊ ကိုထွန်းလင်း၊ ကိုခန့်တို့ ၏ ချစ်လှစွာသော ကိုကိုကြီး၊ ဟန်သုဝေ၏ ချစ်လှစွာသော လေးလေးကျော် ကိုကျော်သူအောင်သည် ၂၉-၈-၂၀၀၃ (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၃ရက်တွင် ပန်းဘဲတိုက်သုသာန်တွင် ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

၃၀-၈-၂၀၀၃ရက် မွန်းလွဲပိုင်းတွင် မြလမ်းထိပ်မှ ဒဂုံတောင်ပိုင်းသို့ အသွား Taxi ၅က/----နက်ပြာရောင်ပေါ်တွင် ပိုက်ဆံအိတ်အစိမ်းရောင် အိတ်အတွင်း တွင် CDMA တယ်လီဖုန်းပါ မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါ။
ဆက်သွယ်ရန်ဖုန်း-၂၂၃၆၂၄။





ရဟန်းဒါယိကာမကြီး
ဒေါ်သန်းရွှေ(၈၃)နှစ်
(မအူပင်)

မအူပင်မြို့ အမှတ်(၅)၊ ၇ လမ်းနေ (ဦးအေးဒွန်း)၏ ဇနီး၊ ဒေါက်တာဦးတင်ထွန်း-ဒေါ်ခင်မာစီ၊ ဒေါ်ခင်မာကြည်၊ ဒေါ်ခင်မာဌေးတို့၏ မိခင်၊ ကိုသန့်ဇော်ထွန်း၊ ကိုသန့်ဇင်အောင်-မသင်္ဂီချစ်ချစ်ချော၊ မဥမ္မာအိအိချော၊ မောင်အောင်ဇော်ဇော်တို့၏ချစ်လှစွာသော အဘွားဒေါ်သန်းရွှေသည် ၃၁-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂-၉-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊တန်ဆောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်အမြ(ခ)ဒေါ်မြမြခိုင်
အသက်(၇၃)နှစ်
(မော်လမြိုင်ကျွန်း)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ) ရပ်ကွက်၊ မြို့ပါတ်လမ်း၊ အမှတ်(၇)နေ (ဦးသြဖေ-ဒေါ်ကြင်တင်) တို့၏ သမီး၊ (ဦးစစ်ကျွန်-ဒေါ်စိန်မြိုင်) တို့၏ ချွေးမ၊ (ဦးတင်မောင်)၏ ဇနီး၊ ဦးထွန်းအေး-ဒေါ်ရီရီဝင်း၊ ဦးသန်းဦး (အကောက်ခွန်)-ဒေါ်ဌေးဌေးခိုင်၊ ဦးအေးလှိုင်-ဒေါ်ခင်လှမြတ်စိုး၊ ဦးဌေးဝင်း-ဒေါ်စီစီမာ၊ဦးဝင်းနိုင်-ဒေါ်ခင်မိမိ၊ ဦးခင်စိန်-ဒေါ်နီလာခိုင်တို့၏ မိခင်၊ မြေး၁၁ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၃၁-၈-၂၀၀၃ရက်တွင်နေအိမ်၌ ကွယ်လွန် ပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဒေါ်တင်ရီ (ကသာ)
B.Com
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၇-E)၊ ဇေယျမင်္ဂလာလမ်းသွယ်(၁)၊(၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးဘမောင်-ဒေါ်အေးမိ) တို့၏ သမီး၊ ကသာခရိုင်၊ မိုးတားမြို့နေ (ဦးငြိမ်း-ဒေါ်သန်းခင်)တို့၏ ချွေးမ၊ မန္တလေးမြို့နေ ဒေါက်တာမျိုးမြင့်-ဒေါက်တာစိန်စိန်ဝင်းတို့၏ ညီမ၊ ဒေါ်မေသူနိုင်(ခေတ္တ-USA)၊ ဒေါ်ခင်မာလာလွင်၊ ကသာမြို့နေ ဦးမျိုးတင့်-ဒေါ်ခင်သန်းဝင်း၊ ရန်ကုန်မြို့နေ ဦးခင်မောင်အေး-ဒေါ်စိုးစိုး၊ ဒေါ်မေသူခိုင်(အမက-၁၅၊ လှိုင်)၊ မန္တလေးမြို့နေ ဦးခင်ဇော်-ဒေါ်ဝင်းမာ၊ ရန်ကုန်မြို့နေ ကိုဇော်မင်းတို့၏အစ်မ၊ ဦးတင်ထွန်းငြိမ်း(မန်နေဂျာ၊ ပီအမ်ဂျီ၊ရုံးချုပ်)၏ ဇနီး၊ ကိုအာကာမောင်မောင်-မလင်းလင်းအိ၊ ကိုနေလင်း၊ (ဖိုးလပြည့်-ခေတ္တ-USA)တို့၏မိခင်၊ မောင်ထက်အာကာနိုင်း၏ အဘွား၊ တူ၊ တူမရှစ်ယောက်တို့၏အဒေါ် ဒေါ်တင်ရီသည် ၁-၉-၂၀၀၃ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃-၉-၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ၃း၃၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးသိန်းလှ(၇၈)နှစ်
လ/ထ အထွေထွေမန်နေဂျာ (ငွေစာရင်း၊ ငြိမ်း)
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
(မင်းလှ/ပဲခူးတိုင်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးရွှေဝင်း-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးဉာဏ်တင်-ဒေါ်လှရွှေ)တို့၏သားသမက်၊ (ဦးစိုးတင့်-ဒေါ်တင်အေး)တို့၏ညီ၊ (ဦးမြင့်သိန်း-ဒေါ်မြညွန့်)၊ (ဦးထွန်းကြည်-ဒေါ်မြင့်မြင့်စိန်)၊ ဦးမျိုးဟန်-ဒေါ်ခင်ဖြူဖြူ၊ ဦးမြင့်စိုး-ဒေါ်ခင်လှမြိုင်၊ ဦးဘုန်းမြင့် ဒေါ်ခင်မြစစ်တို့၏ အစ်ကို၊ ဒေါ်ကြင်လှ(စာရင်းစစ် အဆင့်-၁၊ငြိမ်း၊ ငွေစာရင်းဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း ဦးသိန်းလှသည် ၁-၉-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ၂း၃၀နာရီတွင် အမှတ်(၉၆၅)၊ ဗိုလ်စောဦးလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေအိမ်၌ ကွယ်လွန်ပါသဖြင့် ၃-၉-၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်တွင် သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်နှင်းရီ(၉၃)နှစ်
မဟာစည်ယောဂီ
(မော်လမြိုင်-ညောင်ပင်ဆိပ်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကန်ရိပ်သာလမ်း၊ အမှတ်(၂၂၊ဒီ)နေ (ဦးတိုးဘော်-ဒေါ်သင်းကြိုင်)တို့၏သမီး၊ (ဦးစိန်ဖေ-ဒေါ်မြသွယ်)တို့၏ ညီမ၊ (ဦးချစ်ညိမ်း)-ဒေါ်အေးမြိုင်တို့၏အစ်မ၊ (ဦးညွန့်မောင်)-ဒေါ်ရီရီမြ၊ (ဦးဘမြင့်)-ဒေါ်အေးမြင့်တို့၏ အဒေါ်၊ ဒုတိယဗိုလ်မှူးကြီးမြသိန်း(ငြိမ်း)-ဒေါ်ခင်နွယ် (စက်မှု-၂၊ ငြိမ်း)၊ ဒေါ်အေးအေးချိုတို့၏ ကျေးဇူးရှင်မွေးစားမိခင် အဒေါ် ဒေါ်နှင်းရီသည်၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ၁-၉-၂၀၀၃(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြည်(၇၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း တိုက်(၂၁၀)၊ အခန်း(၅) နေ (ဒေါက်တာဦးကြွယ်-ဒေါ်ဖွားရင်) တို့၏သမီး၊(ဦးတင်ဦး-ဒုတိယ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံ၊ငြိမ်း)၏ဇနီး၊ ဦးသန်းစိန်(ငွေစာရင်းအရာရှိ၊ မော်လမြိုင်ဘံတား၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်လှကေသီ(ဒု-ဦးစီးမှူး၊ ကြည့်မြင်တိုင်မြို့နယ်၊ အခွန်ဦးစီးမှူးရုံး)၊ (ဦးကြီးမြင့်)-ဒေါ်မြရွှေရီ၊ (ဦးဟန်သာကြွယ်)၊ ဒေါ်ခင်ပြုံးတို့၏ မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၁-၉-၂၀၀၃ ရက်တွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃-၉-၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

တီအင်(န်)ဆယ်လ်ဗာရ(ဂျ်)
အသက်(၇၆)နှစ်
MPPE
လေယာဉ်ဆီဌာနခွဲ(အငြိမ်းစား)
(မန္တလေး)

မန္တလေးမြို့နေ [ဦးတီအင်(န်)ပီလေး-ဒေါ်မလီကာမား]တို့၏သားကြီး၊ အမှတ်(၇၈/၇၉)၊ အနိုပ်တော်ရပ် နန်းရှေ့ မန္တလေးမြို့နေ (ဒေါ်အူမားဒေဝီ)၏ ချစ်လှစွာသောခင်ပွန်း၊ မမာလာ(ခ)သန်းသန်းမြင့်၊ မောင်ဆန်သို့(စ်)(ခ) အောင်ကျော်မြင့်၊ မဗီဂျာ(ခ)ခင်သန်းဆွေ၊ မောင်ရာမူ(ခ)အောင်နေဝင်းတို့၏ဖခင်၊ (ဦးဆိုင်းမွန်းမျိုးမြင့်)-ဒေါ်ဖက်တီမာ(ခ) တူးတူးတို့၏ဦးလေးသည် ၁-၉-၂၀၀၃ ရက်တွင် အမှတ်(၁၂၈)၊ (၂၉)ရပ်ကွက်၊ နွယ်သာကီလမ်း၊ မြောက်ဒဂုံနေအိမ်၌ ကွယ်လွန်ပါ၍ ၂-၉-၂၀၀၃ရက် မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဝေဇင်ညိန်း(၅၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၄လမ်း၊ အမှတ်(၁၂၃/ဘီ)နေ (ဗိုလ်မှူးညိန်း)-ဒေါ်မေမေကြည်တို့၏သားကြီး ဦးဝေဇင်ညိန်းသည် ၂၄-၈-၂၀၀၃ရက်တွင် သန်လျင်မြို့နေအိမ်၌ ကွယ်လွန်ပါ၍ ၂၆-၈-၂၀၀၃ ရက်တွင် သန်လျင်မြို့၊ ပျဉ်ထောင်ကျောင်းသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa. Thang Suang Mang
(ဦးချင်း)(၄၄)နှစ်
တပ်မတော်-ကြည်း(အငြိမ်းစား)

ကလေးမြို့နယ်၊ ကံဦးကျေးရွာနေ Pu Cin Za Hau-Pi Thang Do Niang တို့၏ ဒုတိယသား၊ တီးတိန်မြို့နေ (Pu Vuunm Khan Mang)- Pi No Kho Vung တို့၏ သားသမက်၊ (Pa Lian Tung Thang-Nu Cing Ngaih Nuam) တို့၏ ညီ/မောင်၊ Nu Cing Lian Niang၊ Nu Kham Kam Ciin-Pa Kam Khan Pau၊ Pa Mang Dal Pau-Nu Nian Ngaih Lian၊ Pa Dal Za Piang-Nu Nem Man Niang၊ Tg. Kham Go Kam တို့၏ အစ်ကို၊ တူငါးယောက်တို့၏ဦးလေး၊သဃ်န်းကျွန်းမြို့နယ်၊ကျိုက္ကစံဘုရားဝင်းနေ Nu Man Khawm Cing ၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၉-၈-၂၀၀၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂-၉-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်သင်္ချိုင်း၌ ဝတ်ပြုပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (ဆူးလေ ဇမောနွေလ ဘုရားကျောင်းရှေ့နှင့် နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးမြသောင်း(၈၇)နှစ်
(မိတ္ထီလာ)
မြို့နယ်အင်ဂျင်နီယာ(အငြိမ်းစား)

ရန်ကုန်မြို့၊အမှတ်(၃၅၅)၊ ဗိုလ်အောင်ကျော်လမ်းနေ (ဒေါ်ယဉ်မေ)၏ ခင်ပွန်း၊ Dr.ခင်မေဝင်း-Dr.မြသော်၊ ဦးရဲမြင့်၊ (ဦးကျော်ကျော်လွင်)၊ ဒေါ်ခင်သန်းဌေး-ဦးအောင်သွင်၊ ဦးခင်မောင်ဇော်၊ Dr.မျိုးမြင့်မော် - Dr.ခင်မာလာဝင်း၊ ဦးမောင်မောင်သော်တို့၏ ဖခင်၊ မဖြူပပသော်၊ မောင်ဖြိုးဇေယျာသော်၊ မမေမြတ်နိုး၊ မောင်ဝေယံဖြိုးတို့၏ အဘိုးသည် ၁-၉-၂၀၀၃(တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီ၌ ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
Brother Joe(ခ)
ဦးစောဂျေကျော်ဇံ(တောင်ငူ)
အသက်(၇၇)နှစ်
လ/ထတိုင်းဦးစီးဌာနမှူး(ငြိမ်း)
မကွေးတိုင်းစာရင်းရုံး
နယ်လှည့်စာရင်းစစ်အရာရှိ(ငြိမ်း)
ကကင္ဃ(မိတ္ထီလာ)၊ မိတ္ထီလာမြို့နယ်
လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်(ငြိမ်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၅၈)၊ မြန်မာ့အလင်းပုံနှိပ်တိုက်ဝင်းနေ (ဦးဂျေလှကျော်-ဒေါ်အယ်နာစိန်မ)တို့၏ သားကြီး၊ (ဦးရှီးရှား-ဒေါ်ပုလဲ)တို့၏ သားသမက်၊ (ဒေါ်ဂရေစီကျော်ဇံ)၏ ချစ်လှစွာသော ခင်ပွန်း၊ စောဖိလစ်ထွန်းလှအောင်-သစ်သစ်အေး၊ မစပယ်လှိုင်-ကိုမျိုးဝင်းဟန်၊ ပေါလ်အောင်ကျော်ငြိမ်း-မခင်ခင်အေး၊ ဒေါက်တာမူရယ်ထူး၊ ဒေါက်တာမူရယ်ဖဲ၊ နော်မူရယ်ဖေါ၊ ရစ်ချက်ဝေမူး၊ မူရယ်ခီးလာ၊ နော်ခင်လေးမြတ်-ဦးရဲမြင့်နီ၊ နော်ခင်လေးလတ်၊ ဦးနေမျိုး-လော်ရယ်လီ၊ မစုစ်န်၊ ပေါလ်ဆေးလ်ဗီယာ၊ ဝင်ဒီ၊ ထွန်းလှအေး၊ သက်မွန်အေး၊ ကျော်စွာအေး၊ ဒေါက်တာခင်ဆက်လင်း၊ ခင်ကြည်ကြည်လင်း၊ ခင်ဝေဝေလင်းတို့၏ ချစ်လှစွာသော ဦးကြီး၊ ဒေါ်အေမီသင်၊ ဒေါ်မာရင်ဒါသင်-ဦးထွန်းအောင်ချိန်၊ (ဦးစောထူးတင့်)၊ ဒေါ်ခင်မြလွင်၊ ဒေါ်တင်တင်ဌေး၊ ဒေါ်လှလှသင်-ဦးကျော်ဟန်၊ ဒေါ်မြမြသင် (Nissho Iwai) - ဦးမြသောင်း၊ ဒေါက်တာသန်းသန်းထွေး - ဦးသူရ၊ နော်စာပလှ-ဦးစောမူးလာ၊ နော်ညလစ်-ဦးစောညွန့်၊ နော်စာအယ်-ဦးဆန်နီ၊ နော်ဖရီးဒါ၊ (ဦးခင်မောင်ကြီး)တို့၏ ချစ်လှစွာသောဦးလေးဦး စောဂျေကျော်ဇံသည် ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့) ညနေ၅း၂၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) နံနက်၉နာရီတွင် အမှတ်(၁၃၅)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ရှင်မိက္ခေလဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူတူ၊တူမများ။

ဒေါ်မြင့်မြင့်သန်း(ခ)မမိ
အသက်(၅၁)နှစ်
(လဝကမှူး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စေတနာလမ်း၊ အမှတ်-၁၅၊ ငါးလွှာနေ (ဦးပိုက်)-ဒေါ်ကြည်၊ ဒေါ်တင်လှိုင်တို့၏ သမီး၊ ဦးသန်းအောင်၏ညီမ၊ ဒေါ်ယဉ်ယဉ်သန်း၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်အေးအေးသိန်း ၊ဦးမျိုးသန့်၊ ဒေါ်သန်းသန်းအေး၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်မိုးမိုးသူ၊ ကိုအောင်အောင်လွင်တို့၏အစ်မ ဒေါ်မြင့်မြင့်သန်း(ခ)မမိသည် ၃၁-၈-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၉-၂၀၀၃ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ပြုံးရီ (၄၉)နှစ်
(ယော)

မကွေးတိုင်း၊ ထီးလင်းမြို့နယ်၊ ပုဏ္ဏားရွာနေ (ဦးရာအုပ်-ဒေါ်စောအေး)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊မဟာဝိဇယကုန်းနေ ဦးတင်မောင်ဝင်း၏ ညီမသည် ၃၁-၈-၂၀၀၃ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂-၉-၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (မဟာဝိဇယကုန်းမှ ကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးကဝိ(ခ)ဦးအောင်ဆန်း
သိက္ခာတော်(၁၅)ဝါ၊
သက်တော်(၈၂)နှစ်
မော်ကွန်းဝင်တတိယဆင့်
(ဖျာပုံ)

(ဒေါ်ဖွားမြ)၏ ခင်ပွန်း၊ ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ်၊ ညောင်တပင်ကျေးရွာ၊ စတုဘုမ္မိက မဂ္ဂင်ရိပ်သာပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော ဦးကဝိ(ခ) ဦးအောင်ဆန်းသည် ၁-၉-၂၀၀၃ (တနင်္လာနေ့) နံနက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူးသွားပါ၍ ၃-၉-၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သဲကုန်းလေးကျေးရွာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ဆရာတော်၊စတုဘုမ္မိကကျောင်းတိုက် ဒေးဒရဲမြို့။

ရဟန်းဒါယကာကြီး
ဦးကံလှ(ခ)ဦးလင်ဟုတ်အိန်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၈)လမ်း၊ အမှတ်(၅၆)နေ [ဒေါ်တန်ယောဘီ(ခ)ဒေါ်ကောက်ပို့]၏ခင်ပွန်း၊မအိုင်-ကိုထွန်းထွန်းဝင်း၊ ကိုစိန်ဝင်း-မကြည်ဝင်း၊မစန်းစန်းရီ-ကိုသန်းရွှေ၊မြင့်မြင့်ရီ၊ မထွေးထွေးရီ - ကိုသိန်းဝင်းတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၃၁-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂-၉-၂၀၀၃ရက် နံနက်၁၁နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်စိန် အသက်(၇၀)

မန္တလေးမြို့၊ ကျောက်သွေးတန်းရပ်နေ (ဦးစောလှိုင်-ဒေါ်သိန်းမေ)တို့၏ သမီး၊(ဦးအောင်ကြည်)-ဒေါ်စိန်စိန်တို့၏ ညီမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ (၁၂၆၁)နေ ဦးချစ်(မန္တလေး မုန့်ဟင်းခါးဖတ်လုပ်ငန်း)၏ ဇနီး၊ ဒေါ်မြင့်မြင့်ဝေ၊ ဦးတင်မြင့်-ဒေါ်သန်းသန်းဌေး၊ ဦးကျော်ဖေ-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်း-ဒေါ်စန်းစန်းအေး၊ ဦးရန်ကြီးအောင်(ခ)ဦးမြင့်အောင် - ဒေါ်သန်းသန်းမြင့်၊ ဦးမောင်မောင်-ဒေါ်မြင့်မြင့်ဌေး၊ ဦးသန်းထွန်း-ဒေါ်မြင့်မြင့်ခိုင်၊ ဦးသန်းအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး၂၀ယောက်၊မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃၀-၈-၂၀၀၃ ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၃-၉-၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၃နာရီ တွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဒေါ်စိန်မြင့်အသက်(၇၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ငြိမ်းချမ်းရေးရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၅၅၄)နေ (ဦးယုံ-ဒေါ်လှခင်) တို့၏ သမီးကြီး၊ ဦးဝင်းဦး-ဒေါ်အေးသန်း၊ (ဦးလှမြင့်-ဒေါ်သိန်းမြင့်)၊ ဒေါ်တင်တင်သိန်း၊ ဦးဝင်းမြင့်တို့၏ အစ်မကြီး၊ မန္တလေးမြို့ ၆၈ လမ်း၊ ၂၈x၃၀လမ်းကြားနေ ဦးဉာဏ်၏ဇနီး၊ မသန်းသန်းမြင့်၊ မောင်စိုးမြင့်၊ မောင်တင်မြင့်၊ မောင်ထွန်းမြင့်၊ မခိုင်ခိုင်မြင့်တို့၏ မွေးသမိခင်သည် ၃၁-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂-၉-၂၀၀၃ ရက် မွန်းလွဲ ၂နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ဦးလှသိန်း (ခ) ဗွမ်ရီယုံ
အသက် (၆၄)နှစ်
သိန်း လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး
ယခင်နန်ယန်ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက် (၄)၊ အခန်း(၂၀၁)နေ(ဦးအဟင်-ဒေါ်လီငုတ်) တို့၏သား၊ (ဦးကြင်ဝမ်-ဒေါ်ခင်)တို့၏ သားသမက်၊ ဒေါ်ခင်သန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာရီရီသိန်း (သုတေသနအရာရှိ၊ ဆေးသုတေသနဦးစီးဌာန၊ ပြင်ဦးလွင်၊ အထက်မြန်မာပြည်)၊ မယဉ်မင်းသိန်း (C.P Yangon Co,Ltd)၊ မောင်စိုးမင်းသိန်း (C.P Yangon Co,Ltd)၊ မောင်ညိုမင်းသိန်း (Final year Maths U.D.E)တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးလှသိန်းသည် သုခကမ္ဘာအထူးကုဆေးခန်း၌ ၃၁-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၉-၂၀၀၃ (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးတင်ထူး(၃၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၈၁၂)၊ ဝေဇယန္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးချစ်ဆွေ-ဒေါ်စိန်အေးတို့၏ သား၊ ကိုဝေဇင်-မခင်ဆွေဦး၊ ကိုဝင်းဦး-မခင်မေဦး၊ကိုတူးတို့၏ညီ/မောင်၊ ကိုဌေးလွင်၊ ကိုသန်းထွဋ်-မမေမေသွင်တို့၏ အစ်ကို၊ မောင်ဇော်ထိုက်၊ မောင်ပြည့်ဖြိုးအောင်၊ မောင်သက်ဇော်တို့၏ ဦးလေးသည် ၁-၉-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းအမ
ဒေါက်တာမာလာသန်း(၅၆)နှစ်
(M.B.,B.S)(Rgn)
(တောင်ကြီး)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်နေ ထောင်ပိုင်ကြီး(ဦးဘနန်း)-ဒေါ်အေးမြင့်တို့၏သမီး၊ (ဦးဝဲကြီး-ဒေါ်အေးစိန်) တို့၏ချွေးမ၊ ဦးလှကျော်-ဒေါ်ခင်မြမြ၊ ရဲမှူးကြီးလှမြင့်၊ ငြိမ်း၊ ဒု-ညွှန်ချုပ်၊ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန)-ဒေါ်တင်တင်မြင့် (လက်/ညွှန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)၊ ဦးဇော်ဝင်း(ပါမောက္ခ-သစ်တောတက္ကသိုလ်၊ ရေဆင်း၊ ပျဉ်းမနား)-ဒေါ်ခင်မျိုးမြင့်တို့၏ညီမ၊ ဦးညွန့်လှိုင်(Treasure Beach Resort-ပုသိမ်)-ဒေါ်မြင့်မြင့်၊ ဦးစည်သူထွန်း-ဒေါ်ဇင်မင်းသွဲ့တို့၏အစ်မ၊ တောင်ကြီးမြို့နေ ဗိုလ်ကြီးသိန်းနိုင်(ငြိမ်း)၏ဇနီး၊ ဗိုလ်လင်းနိုင် (M.B.,B.S) Ygn D.SMA၊ မောင်ခွန်ဇော်နိုင်(နောက်ဆုံးနှစ်၊ အပိုင်း-က၊ မန္တလေးဆေးတက္ကသိုလ်)တို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါက်တာမာလာသန်းသည် ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး၌ ၃၀-၈-၂၀၀၃(စနေနေ့) ညနေ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ (အမှတ်-၃၊ အလုံသစ်တောဝင်း၊ အလုံမြို့နယ်နေအိမ်မှကားများမွန်းလွဲ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း(၅၂)နှစ်
CDC-7416
FITTER (MARINER SHIPPING)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ(၁၃)ရပ်ကွက်၊ ယသဝတီလမ်း(၁၇)လမ်းနေ (ဦးစိန်-ဒေါ်တင်မေ)တို့၏ သားကြီး၊ ဒေါ်ခင်အေးကြည်(ခ) ဒေါ်နွဲ့(မြန်မာ့ကုန်တိုက်ရုံးချုပ်၊ငြိမ်း)၏ခင်ပွန်း၊ မောင်ကျော်ကျော်ဝင်း (ITC-19)၏ဖခင်၊ (ဦးလှမြင့်)-ဒေါ်ဖြူဖြူစိန်၊ ဦးတင်ထွန်း(ဆောက်လုပ်ရေးရုံးချုပ်)-ဒေါ်အုန်းမြင့်၊ ဦးတင်အေး-ဒေါ်ခင်ထားရွှေ(စက်မှုလယ်ယာရုံးချုပ်)၊ ဦးဝင်းခိုင်-ဒေါ်အေးအေးဝင်း၊ ဦးမောင်မောင်၊ ဦးလှမင်းတို့၏ အစ်ကိုကြီး၊ တူ၊တူမခြောက်ယောက်တို့၏ဘကြီးသည် ၃၁-၈-၂၀၀၃ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ [လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၁၁၆)၊ (စ)လမ်း၊ သုခရိပ်သာနေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးအောင်ခင်(၆၇)နှစ်
ဆသရ၊ ငြိမ်း

ရန်ကုန်မြို့၊ အမှတ် ၁၇၆ ခ/၄၊ ၃၄လမ်းနေ ဒေါ်ခင်သန်းဝင်း၏ ခင်ပွန်း၊ ကိုအောင်ကျော်မင်း (Lyka LTD)-မဥမ္မာအောင်၊ မောင်အောင်မျိုးဝင်း၊ မောင်ဟန်ဝင်းအောင်-မဖြူဖြူခိုင်၊ မောင်ရဲဝင်းအောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးနှစ်ယောက်၏ အဘိုးသည် ၁-၉-၂၀၀၃ ရက်တွင်ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၂-၉-၂၀၀၃ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစိုးအောင်(၆၅)နှစ်
(မင်္ဂလာဈေး)

ရန်ကုန်မြို့၊ အမှတ်(၃၀၂)၊ တိုက်(ဘီ-၂)၊နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလှခင်-ဒေါ်ကျင်မြိုင်) တို့၏ တတိယသား၊ ဒေါ်ဘေဘီ(ခ) ဒေါ်လဲ့လဲ့ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ရှိန် - ဒေါ်တင်တင်ထွေးတို့၏ညီ၊ ဦးကျော်သောင်း-ရဲ့ရီကျင်း(ခေတ္တ-USA) ၊ ချန်စီယုံ-ဒေါ်စန်းရီ(ခေတ္တ-USA) ဦးအောင်လင်း-ဒေါ်ရှုဝ့ါ၊ ဦးကျော်သိန်း-(ဒေါ်ဘီဝ့ါ)၊မထွေးတို့၏ အစ်ကို၊ မလိန်းလိန်း(ခ)မအေးစုမွန်၊ မဘေဘေ(ခ)မချောစုမွန် (ခေတ္တ-USA)၊ မအဲအဲ(ခ) မအေးယုခိုင်တို့၏ ဖခင်၊ တူတူမရှစ်ယောက်တို့၏ ဦးလေးသည် ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစိုးအောင် (၆၅)နှစ်
(မင်္ဂလာဈေး)

ရန်ကုန်မြို့၊ အမှတ်(၃၀၂)၊ တိုက်(ဘီ-၂)၊နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးကြင်မောင်-ဒေါ်ခင်ဝင်းတို့၏ သားသမက်၊ ဒေါ်ဘေဘီ(ခ) ဒေါ်လဲ့လဲ့ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သူဆန်း - ဒေါ်ဌေးဌေးရီ၊ ဦးဆန်နီ - ဒေါ်ဘေဘီထင်အောင်၊ ဒေါ်ဌေးဌေးစိန်၊ ဦးမြဟန်-ဒေါ်သီတာသိန်း၊ ဦးစိုးဝင်း-ဒေါ်ကြည်စန်းချစ်၊ ဦးလှအောင်-ဒေါ်ငြိမ်းငြိမ်းအေး၊ ကိုတိုးတိုး(ခ)ဦးသန်းထွဋ် - ဒေါ်ခင်ဝင်းရီ တို့၏အစ်ကို၊ မလိန်းလိန်း(ခ) မအေးစုမွန်၊ မဘေဘေ(ခ)မချောစုမွန်(ခေတ္တ-USA)၊ မအဲအဲ(ခ)မအေးယုခိုင်တို့၏ ဖခင်၊ တူ၊ တူမ ၁၄ယောက်တို့၏ ဦးလေးသည်၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) နံနက်၁၁နာရီတွင်ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဘုရား၊ ပိဋကတ်သုံးပုံ၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ချစ်ရွှေ(၈၄)နှစ်
(ခနောင်)

(ဦးထွန်းကြိုင်)၏ ဇနီး၊ ရန်ကုန်မြို့၊ (၄၁)ရွှေဟသာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါက်တာကျော်ရွှေ-ဒေါ်ရီမာသန့်တို့၏ မိခင်၊ မောင်ဉာဏ်လင်းထွန်း(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ သတ္တမတန်း-က)၏ အဘွား ဒေါ်ချစ်ရွှေသည် ၁-၉-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၃ရက် နံနက်၁၁း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်(၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၅)၊ ပိတောက်မြိုင်လမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးစံရင်-ဒေါ်နှင်းလှိုင်)တို့၏ သား၊ (ဦးဖေတင်-ဒေါ်ငြိမ်း)တို့၏ သားသမက်၊ ဒေါ်မြ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုသိန်းထိုက်-မအေးအေးသန်း၊ စိုင်းဘထွန်း-ဗိုလ်ကြီးစန္ဒာမြင့်၊ ကိုဝေသီ-မသူဇာမြင့်၊ ကိုကိုကြီး-မသီတာမြင့်၊ မသဲဇာဖြူမြင့်တို့၏ ချစ်လှစွာသော ဖခင် ဦးမြင့်သည် ၁-၉-၂၀၀၃ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၃-၉-၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa.SB.Cin Khan Khup
အသက်(၅၈)နှစ်
ကြေးနန်းမှူး(ဗန္ဓုလ-တမူးမြို့)
(Lei lum)

တီးတိန်မြို့၊ လေးလုမ်းရပ်ကွက်နေ (Pu.SB.Vungh Zam) (Pi.Goih Khaw Niang)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ Rev.J-Zel Khaw Swan၊ Daw Myint Myint Sein (EPCရုံးချုပ်)တို့၏ တူ၊တီးတိန်၊လေးလုမ်းနေ Nu Man Khaw Cing၊ Nu Nian Lam Cing၊ Nu Khup Khan Lun၊ Pa.SB.Pau Khan Tuang၊ လားရှိုးမြို့နေ Rev.SB.Thual Za Suan (ဦးဘိဆွမ်း)၊ ခေတ္တဂျပန်နေ Pa.SB.Go Khan Lian၊ နမ္မတူမြို့ ဘော်တွင်းနေ Nu Man Ngaih Hau၊ ရန်ကုန်မြို့၊ ယုဇနစစ်တောင်းရိပ်မွန်နေ Pa.SB. Lengtog Kam Khen Thang. ကလေးမြို့နေ Pa.Kap Khaw Pau၊ Nu Sian Ngaih Niang (အေးမိစံ) တို့၏ မောင်/အစ်ကိုကြီး၊ တီးတိန်မြို့၊ လေးလုမ်းနေ Nu.Thang Do Zen၏ ခင်ပွန်း၊ Nu.Niang San Dim. Pa Zam Suan Nang၊ Nu Niang Khawn Cing၊ Nu Pau Lam Huai. Nu Zaseng Ngaih Cing၊ Nu Cing San Lian၊ Pa Lang Khan Kam. Lia Hau Lun Cing. Tg.Lian Muan Mung တို့၏ မွေးသဖခင် သည် ၂၈-၈-၂၀၀၃ရက်တွင် လေးလုမ်းနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ လေးလုမ်းခရစ်ယာန်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ကြောင်း။
ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၆၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ရန်ကုန်မြို့တော်ကြီး၏ ဂုဏ်ဒြပ်နှင့်လျော်ညီပြီး ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်မည့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ကန်တော်ကြီးဥယျာဉ် ဖြစ်ထွန်းလာရေး စနစ်တကျကြိုးပမ်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးရှိ မြေပြဒေသာကျွန်းနှင့် ဗိုလ်ချုပ်ပန်းခြံတို့သို့ သွားရောက်၍ အဆင့်မြင့် မွမ်းမံတည်ဆောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ညနေ ၅နာရီတွင် ကန်တော်ကြီးမြေပြဒေသာကျွန်းရှိ စိုက်ပျိုးရေးပြတိုက်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။



ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဧည့်ခန်းမဆောင်၌ Woodland Co. ဥက္ကဋ္ဌ ဦးဝင်းအောင်က ကန်တော်ကြီး မြေပြဒေသာကျွန်းအတွင်း Convention Hall (အစည်းအဝေးခန်းမ) တည်ဆောက်ရေး၊ အဆင့်မြင့် ရေချိုငါးပြတိုက်တည်ဆောက်ရေး၊ခေတ်မီကလေးကစားကွင်းနှင့် စားသောက်ဆိုင်များ တည်ဆောက်ရေးတို့ကို ပုံစံငယ်များ၊ ပန်းချီကားချပ်များဖြင့်

စာမျက်နှာ ၉ ကော်လံ ၂ သို့ ☆

ရန်ကုန်မြို့တော် ကန်တော်ကြီးပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းပုံစံငယ် တစ်ခုကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံပိုင်ဘဏ်လုပ်ငန်းများသည် သက်တမ်းရှည်ကြာပြီး အတွေ့အကြုံရှိ သွက်လက်မြန်ဆန်မှန်ကန်စွာ ဝန်ဆောင်မှု ပေးသည်ထက်ပေးနိုင်ရန် ကြိုးစား မိမိတို့ဘဏ်များအပေါ် ပြည်သူများက ပိုမိုယုံကြည်အားကိုးလာရန် ဂရုစိုက်

ရန်ကုန် စက်တင်ဘာ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့သည် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)နှင့် အတွင်းရေးမှူး(၂)တို့အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်များ၊ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများနှင့် လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းခန့်ထားမှုများ၊ ၂၀၀၂-၂၀၀၃ခု ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်များအတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိအဖွဲ့အစည်းများ၏ အခွန်ရငွေ၊ သာမန်ရငွေဆိုင်ရာကိစ္စများ၊ ဘဏ္ဍာရေးနှင့်ငွေကြေးမူဝါဒဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့✤

ယနေ့ထုတ်စောင်ရေ

၂၀၉၉၈၈

သတင်းဆောင်းပါး အညွှန်း

ရိုးရာယဉ်ကျေးမှုကို ဟန်ချက်ညီညီဖြင့် အရှိန်အဟုန် မြှင့်တင်ကြမှသာ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်မှုများ လျော့ပါးပျောက်ကွယ်သွားမှာဖြစ်။

[ခြင်ကျား(မအူပင်)၏ ဆောင်းပါး၊ စာ-၆]

မြန်မာ့ စာတတ်မြောက်ရေး မီးရှူးတန်ဆောင် ပညာရေးဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နေမှုကို အထောက်အကူပြုမည်ဟု ယုံကြည်။

(တက္ကသိုလ်တင်အောင်၏ ဆောင်းပါး၊ စာ-၇)

မြန်မာနိုင်ငံတစ်ဝန်း စက်မှုကဏ္ဍ စည်ပင်ဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံတစ်ဝန်း စိုက်ပျိုးထုတ်လုပ်သော သီးနှံမျိုးစုံ အမှန်ပင် အထွက်တိုးမည်ဖြစ်။

(မော်ကျွန်းမြင့်အောင်၏ သတင်းဆောင်းပါး၊ စာ-၁၃)

စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် အကျိုးပြုလျက်ရှိသော ဆည်တမံများကို စဉ်ဆက်မပြတ် တည်ဆောက်ခဲ့ရာ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်မှ လက်ပန်ရေလှောင်တမံကိုလည်း ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည်။

ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)